

နန္ဒကျော်သူ
မေတ္တာတောင်ကြားမှ
သိုင်းလုလင်
ဒုတိယပိုင်း
ဇာတ်သိမ်း

နန္ဒကျော်သူ

# မေတ္တာတောင်ကြားမှသိုင်းလုလင်

(ဒုတိယပိုင်း-စာတ်သိမ်း)

စာမူခွင့်ပြုချက်အမှတ် ၅၀၀၀၇၄၀၁၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၁၀၂၀၁၀၇

၂၀၀၇ ခုနှစ်
ပထမအကြိမ်၊ အုပ်ရေ ၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

**ထုတ်ဝေသူ**
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ ( ၃ )
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**
ဦးသန်းဝင်း (ကျော် ပုံနှိပ်တိုက်)
အမှတ် ၂၃၉၊ ဓမာသီလမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးရိုက်**
ဦးဝင်းကျော်မိုး (မုံရွေး ပုံနှိပ်တိုက်)
အမှတ် ၁၄၀၊ ၄၅ လမ်း
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေးဦးတည်ချက်(၄)ရပ်**

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

လက်(၅)ချောင်းတောင်....။

တောင်(၅)လုံးက လက်ချောင်းများကဲ့သို့ဖြစ်နေခြင်းကြောင့် ဒေသခံများက လက်ငါးချောင်းတောင် ဟုခေါ်ကြ၏။

ထိုတောင်(၅)လုံး၏အလယ်မှ တောင်သည် အခြားတောင်များထက် ပို၍မြင့်မား၏။

ထို့အပြင် ထိုတောင်သည် မြင့်မားမတ်စောက်သည့်အတွက် တောင်ပေါ်သို့တက်ရန် ခက်ခဲ၏။

သို့ဖြစ်၍ ထိုတောင်ပေါ်သို့ လူသူအရောက်အပေါက် နည်းပါး၏။ ထိုတောင်၏ တစ်နေရာ၌ လိုဏ်ဂူတစ်ခုရှိ၏။

လိုဏ်ဂူက ကျယ်ဝန်းပြီး လေဝင်လေထွက်ကောင်း၏။

မူလက ဤလိုဏ်ဂူသည် ယခုလောက် ကျယ်ဝန်းချင်မှ ကျယ်ဝန်းလိမ့်မည်ဖြစ်၏။

အဘယ်ကြောင့်ဆိုသော် လိုဏ်ဂူ၏တချို့နေရာများ၌ လူ၏ပြုပြင်ထားမှုကို တွေ့ရှိရသောကြောင့်ဖြစ်၏။

လိုဏ်ဂူထဲ၌ အိမ်ထောင်ပရိဘောဂများ ရှိ၏။

ထို့အပြင် လိုဏ်ဂူကို အိမ်တစ်လုံးကဲ့သို့ အခန်းများဖွဲ့ထား၏။ ဧည့်ခန်း၊ စာကြည့်ခန်း၊ အိပ်ခန်းစသည်ဖြင့် ဖွဲ့ထား၏။

စာကြည့်ခန်းအဖြစ် ဖွဲ့စည်းထားသောအခန်းထဲ၌ စာရေးစားပွဲနှင့် ကျောမှီကုလားထိုင်တစ်လုံးရှိ၏။

နံရံပေါ်၌ သစ်သားစင်များရှိပြီး အရွယ်အစားအမျိုးမျိုးရှိသော ဖန်ပုလင်းများရှိ၏။

စာရေးစားပွဲ၏နောက်ဘက်၌ အံဆွဲလေးများပါသော မတ်ရပ်ဗီရိုတစ်လုံး ရှိ၏။

ထိုဗီရိုမျိုးကို ပရဆေးဆိုင်များ၌ တွေ့ရမည်ဖြစ်၏။ အခန်း၏ထောင့်၌ မှန်ဗီရို(၃)လုံး ရှိ၏။

ထိုဗီရိုထဲ၌ ဆေးပညာရပ်နှင့်ပတ်သက်သောကျမ်းစာအုပ် မြောက်မြားစွာရှိ၏။

ဧည့်ခန်းထဲ၌ စားပွဲရှည်တစ်လုံးနှင့် ကုလားထိုင်(၃)လုံး (၄) လုံးခန့် ရှိ၏။ ဧည့်ခန်း၏ထောင့်၌ ပက်လက်ကုလားထိုင်တစ်လုံးရှိ၏။ အိပ်ခန်းထဲ၌ ကွပ်ပျစ်တစ်လုံးရှိ၏။

နံရံပေါ်၌ မှန်အိမ်များ ချိတ်ဆွဲထား၏။

မှန်အိမ်၏အလင်းရောင်ကြောင့် လိုဏ်ဂူထဲ၌ ကောင်းစွာ အလင်းရောင်ရနေ၏။

သန်းဥသည် လိုဏ်ဂူကို တအံ့တသြ ကြည့်နေ၏။

ချင်းချင်းက မှန်အိမ်များကို မီးထွန်းညှိလိုက်ပြီးနောက် လိုဏ်ဂူကို တအံ့တသြဖြင့်ကြည့်နေသော သန်းဥကို တစ်ချက်ကြည့်လိုက်၏။



သန်းဥက....

"ထူးဆန်းတယ်"

ဟု ရေရွတ်လိုက်၏။

ချင်းချင်းက....

"ဒါ... နတ်ဆေးသမားတော်ကြီး ကျန်းထိုက်ရဲ့နေရာပဲ"

ဟု ပြောလိုက်၏။

သန်းဥက လက်နှစ်ဖက်ဖြန့်ကာ အံ့သြဟန်ဖြင့်....

"ဒီနေရာမှာ ဒီလိုဏ်ဂူမျိုးရှိမယ်လို့ မထင်မိဘူး"

ဟု ပြောလိုက်၏။

ချင်းချင်းက....

"သမားတော်ကြီးဟာ ဒီလိုဏ်ဂူကို တစ်နှစ်ကြာအောင် ပြုပြင်ခဲ့တယ်... ပြီးတော့ အိမ်ထောင်ပရိဘောဂတွေကိုလည်း သူကိုယ်တိုင် ပြုလုပ်ခဲ့တယ်"

ဟု ပြောလိုက်၏။

သန်းဥက အံ့သြဟန်ဖြင့်....

"ဒါဆို သမားတော်ကြီးက လက်သမားပညာလည်း တတ်တာပေါ့"

ဟု ပြောလိုက်၏။

ချင်းချင်းက....

"သမားတော်ကြီးဟာ လက်သမားမျိုးရိုးက မွေးဖွားခဲ့တာ... သူရဲ့အဖေက နာမည်ကျော်ပရိဘောဂဆရာကြီး ဖြစ်တယ်... သူကိုယ်တိုင် အသက်(၁၅)နှစ်အထိ သူ့အဖေနဲ့အတူ ပရိဘောဂတွေ လုပ်ခဲ့တယ်"

ဟု ပြောလိုက်၏။

သန်းဥက ပြုံးလိုက်ပြီး….

"ဒါကြောင့် ဒီပစ္စည်းတွေက လက်ရာသေသပ်တာကို"

ဟု ပြောလိုက်၏။

ချင်းချင်းက….

"သမားတော်ကြီးဟာ စာဖတ်တာကို ဝါသနာပါတယ်… ဒါနဲ့ စာတွေဖတ်ရင်း ဆေးဝါးကိုလေ့လာခဲ့တယ်… နောက်ဆုံးမှာ သူဟာ အလွန်ထူးချွန်တဲ့သမားတော် ဖြစ်လာတယ်… ဒါ့အပြင် သူဟာ သိုင်းပညာမှာလည်း ထိပ်တန်းအဆင့်ရှိတယ်"

ဟု ပြောလိုက်၏။

သန်းဥက ပြုံးကာ….

"မမက သမားတော်ကြီးအကြောင်းကို အတော်သိပါလား"

ဟု ပြောလိုက်၏။

ချင်းချင်းက ပြုံးလိုက်ပြီး….

"သမားတော်ကြီးဟာ သူ့ရဲ့ကိုယ်ရေးအတ္ထုပ္ပတ္တိကို သူကိုယ်တိုင်ပြုစုခဲ့တယ်… ဒါကြောင့် မမက သိတာ"

ဟု ပြောလိုက်၏။ ပြီးမှ….

"ကဲ… မင်းလည်း အနားယူတော့"

ဟု ပြောလိုက်၏။

သန်းဥက….

"မမလည်း ပင်ပန်းနေပြီ အနားယူလေ"

ဟု ပြောလိုက်၏။

ချင်းချင်းက ပြုံးလိုက်ပြီး ဗီရိုထဲမှ စာအုပ်များကိုရွေးချယ်



ရင်း….

"မမ… စာ နည်းနည်းဖတ်လိုက်ဦးမယ်"

ဟု ပြောလိုက်၏။

ထို့နောက် သူမသည် ကျမ်းစာအုပ်တစ်အုပ်ကိုရွေးချယ်၍ ယူလိုက်ပြီး စားပွဲ၌ ထိုင်လိုက်၏။

သန်းဥက….

"မမ မအိပ်သေးရင် ကျွန်တော်လည်း မအိပ်သေးဘူး"

ဟု ပြောကာ ပက်လက်ကုလားထိုင်၌ ဝင်ရောက်ထိုင်လိုက်၏။

ချင်းချင်းက သန်းဥကို ဘာမျှပြန်မပြောတော့ပါ။

သူမသည် ဆေးကျမ်းစာအုပ်ကို တစ်ရွက်စီ လှန်ကာ ဖတ်ရှုနေလေတော့သည် မဟုတ်ပါလား။

ꩤ ꩤ ꩤ

ချင်းချင်းသည် ပန်းပေါင်းစုံတောင်ကြားမှ ဖြစ်၏။

သူမ၏သိုင်းပညာမှာ ထိပ်တန်းအဆင့်ရှိ၏။

သူမသည် သိုင်းပညာကိုသာမက ဆေးပညာကိုလည်း လေ့လာခဲ့ဖူး၏။ ထို့အပြင် အတွင်းအားကျင့်စဉ်ကိုလည်း အထူးလေ့ကျင့်ခဲ့၏။

ပန်းပေါင်းစုံတောင်ကြား၏ ထူးခြားမှုမှာ ပန်းပေါင်းစုံဖြင့်

ဖော်စပ်ထားသော ရုပ်ပျိုကိုယ်နုဆေးပင်ဖြစ်၏။

ထိုဆေးကိုသောက်သုံးရန် အတွင်းအား အထူးကောင်းမွန်ရမည်ဖြစ်၏။

ထို့ကြောင့် ချင်းချင်းသည် အတွင်းအားကို အထူးလေ့ကျင့်ခဲ့ရခြင်းဖြစ်၏။

ထိုသို့ပြုလုပ်ခဲ့ခြင်းကြောင့် သူမကို အသက်(၂၀)အရွယ်ခန့်ဟုသာ လူတိုင်းက မှတ်ယူထားကြ၏။

အမှန်မှာ သူမသည် လွန်ခဲ့သော(၃)လခန့်က အသက်(၄၀) ပြည့်ခဲ့ပြီး ဖြစ်၏။

သူမသည် ဆေးကျမ်းကိုဖတ်ရာမှ သန်းဥကိုလှမ်းကြည့်လိုက်၏။

သန်းဥသည် ပက်လက်ကုလားထိုင်၌ထိုင်ရင်း တဖြည်းဖြည်း ငိုက်မြည်းလာ၏။ နောက်ဆုံး၌ အိပ်ပျော်သွားပြီဖြစ်၏။

ချင်းချင်းသည် အိပ်ပျော်နေသော သန်းဥကို အတန်ကြာအောင် ငေး၍ ကြည့်နေ၏။

တစ်ဆက်တည်းမှာပင် သူမသည် လူတစ်ယောက်ကို သတိရလာ၏။

ထိုလူမှာ ဒုတိယယောက်ျားချော ကျန်းဖုန်းဟု တင်စားရလောက်အောင် ခန့်ညားချောမောသည့် မင်းသားလေး လုံကျန်းပင်ဖြစ်၏။

မင်းသားလေးလုံကျန်း၏အကြောင်းကို တွေးလိုက်မိသည်နှင့် လူတစ်ယောက်၏မျက်နှာကိုပါ မြင်ယောင်လာ၏။

ထိုလူသည် တန်ကျင်းရီဖြစ်၏။



တန်ကျင်းရီသည် မျက်နှာကိုမြင်ယောင်လာသည်နှင့် ချင်းချင်း၏မျက်နှာသည် တင်းမာ၍ ခက်ထန်သွားလေတော့၏။

ဤသို့ဆိုလျှင် တန်ကျင်းရီသည် မည်သူနည်း။

ချင်းချင်းသည် နှုတ်ခမ်းကို အတန်ကြာအောင် ကိုက်ထား၏။

အတန်ကြာမှ သူမသည် သက်ပြင်းချလိုက်ပြီး ဦးခေါင်းကိုခါယမ်းလိုက်၏။

ထိုစဉ်က သူမ၏အသက်မှာ(၁၇)နှစ်းနှစ်းမျှသာ ရှိသေး၏။

ထိုအချိန်တွင် သိုင်းလောက၏ ဒုတိယယောက်ျားချော ကျန်းဖုန်းဟု တင်စားခြင်းခံရသော လုံကျန်း၏သတင်းသည် ပန်းပေါင်းစုံတောင်ကြားသို့ ရောက်ရှိလာခဲ့၏။

ထို့ကြောင့် သူမသည် ထိုမင်းသားလေးလုံကျန်းကို အလွန်မြင်တွေ့ချင်စိတ် ဖြစ်ပေါ်လာခဲ့၏။

ဤသို့ဖြင့် နောက်ဆုံး၌ သူမသည် ပန်းပေါင်းစုံတောင်ကြားမှ တိတ်တဆိတ် ထွက်လာခဲ့လေတော့၏။

ထိုအချိန်က သူမသည် သိုင်းလောက၌ ကျွမ်းကျင်နှံ့စပ်သူမဟုတ်ပါ။

ထို့အပြင် သိုင်းလောက၏ ရှုပ်ထွေးသော အကွေ့အကောက်များ ကောက်ကျစ်စဉ်းလဲခြင်းများကိုလည်း မသိပါ။

ဤသို့ဖြင့် သူမသည် တန်ကျန်းရီဆိုသောလူနှင့် အမှတ်မထင် ဆုံတွေ့ခဲ့၏။

တန်ကျန်းရီသည် ရုပ်ရည်ချောမော၏။ သူ၏မျက်နှာသည် အမြဲတမ်း ပြုံးရွှင်နေပြီး စကားပြောအလွန်ကောင်းသူဖြစ်၏။

သူ၏စကားများကလည်း လူတစ်ဘက်သားကို နှစ်လိုဖွယ်ကောင်းအောင် ပြောတတ်၏။

ထို့ကြောင့် သူမသည် တန်ကျန်းရီနှင့် မိတ်ဆွေဖြစ်ခဲ့ရ၏။

မင်းသားလေး လုံကျန်းနှင့်တွေ့ဆုံနိုင်ရန်အတွက် တန်ကျန်းရီက အစစ အရာရာ အကူအညီပေးခဲ့၏။

တန်ကျန်းရီသည် သိုင်းလောကကို ကျွမ်းကျင်နှံ့စပ်သူ ဖြစ်၏။

ထို့ကြောင့် တန်ကျန်းရီက မင်းသားလေးလုံကျန်း၏ သတင်းကိုစုံစမ်းပေးခဲ့၏။

သို့သော် သူတို့သည် မင်းသားလေးလုံကျန်းနှင့် တွေ့ဆုံရန် ကြိုးစားခဲ့သော်လည်း တွေ့လွဲလွဲခဲ့ရ၏။

ထိုကဲ့သို့ တွေ့လွဲလွဲခဲ့ရခြင်းမှာ တန်ကျန်းရီ၏ကြိုတင်ကြံစည်မှုဖြစ်ခဲ့ကြောင်းကို ထိုစဉ်အခါက ချင်းချင်း မသိခဲ့ပါ။

ဤသို့ဖြင့် သူတို့နှစ်ယောက်သည် (၆)လခန့် သိုင်းလောကထဲ အတူတကွ သွားလာခဲ့၏။

တန်ကျန်းရီ၏အပြုအမူ အပြောအဆိုများက **ချင်းချင်း၏** စိတ်ကို ညွတ်ပြောင်းလာစေ၏။

ထိုအချိန်မှာပင် တန်ကျန်းရီက မင်းသားလေးလုံ**ကျန်းသည်** မိုးထိတောင်ပေါ်မှ လိမ့်ကျ၍သေဆုံးသွားပြီဟု ပြောလာခဲ့၏။

ထိုသတင်းကြောင့် ချင်းချင်းသည်(၃)ရက်တိုင်တိုင် ဝမ်းနည်းကြေကွဲခဲ့ရ၏။

ဝမ်းနည်းကြေကွဲနေသော ချင်းချင်းကို တန်ကျန်းရီက နှစ်သိမ့်ပြီး အဖော်ပြုနေပေးခဲ့၏။



ဤသို့ဖြင့် နောက်ဆုံး၌ တန်ကျန်းရီ၏ ဆွဲဆောင်မှုကြောင့် ချင်းချင်းသည် တန်ကျန်းရီနှင့် အိမ်ထောင်ပြုခဲ့၏။

အိမ်ထောင်သက် တစ်လမပြည့်မီမှာပင် ချင်းချင်းသည် တန်ကျင်းရီ၏အကြောင်းကို သိလာလေတော့၏။

အမှန်မှာ တန်ကျန်းရီသည် သိုင်းလောက၏လူရှုပ်လူပွေ ဖြစ်၏။

သူ၏အဓိကလုပ်ငန်းမှာ ကြေးရေတတ်မိန်းကလေးများကို မြူစား ချူစားသူဖြစ်၏။

ထို့အပြင် သူသည် ကျေးရွာမှ မိန်းကလေးများကို လှည့်ပတ်ဖြားယောင်းပြီး ကြေးတန်းစားဂေဟာသို့ ရောင်းစားသူဖြစ်၏။

တန်ကျန်းရီသည် မိမိ၏အကြောင်းကို ချင်းချင်က ရိပ်မိသွားကြောင်း သိသွားသောအခါ ချင်းချင်းကိုပစ်၍ ခြေရာဖျောက်သွားလေတော့၏။

ချင်းချင်းသည် မိမိအပေါ် လိမ့်ညာလှည့်စားခဲ့သော တန်ကျန်းရီကို လက်စားချေရန် လိုက်ရှာခဲ့၏။

သို့သော် သူမသည် တန်ကျန်းရီကို ရှာမတွေ့ခဲ့ပါ။

ချင်းချင်းသည် တန်ကျန်းရီကို မတွေ့တွေ့အောင်ရှာမည်ဟု ဆုံးဖြတ်လိုက်ပြီး ပန်းပေါင်းစုံတောင်ကြားသို့ မပြန်တော့ဘဲ သိုင်းလောကထဲ၌ လှည့်လည်ကာ တန်ကျန်းရီကို ရှာဖွေခဲ့လေတော့၏။

တစ်နှစ်ပြီး တစ်နှစ် ကုန်ဆုံးသွားသော်လည်း ချင်းချင်းသည် တန်ကျန်းရီကို ရှာမတွေ့ခဲ့ပါ။

သို့သော် သူမသည် တစ်နှစ်ထက် တစ်နှစ် သိုင်းလောက၏ အကြောင်းကို ပို၍သိရှိ နားလည်လာခဲ့၏။

ဤသို့ဖြင့် နောက်ဆုံး၌ သူမသည် သန်းဉကို တွေ့ခဲ့ရ၏။

သန်းဉကို မြင်တွေ့လိုက်သည်နှင့် လုံကျန်းကိုမြင်တွေ့လိုက်ရသကဲ့သို့ သူမ၏စိတ်ထဲ၌ ခံစားလိုက်ရ၏။

ထို့ကြောင့် သူမသည် သန်းဉ၏နောက်သို့ တစ်ကောက်ကောက် လိုက်လာခဲ့၏။

သန်းဉက ထိပ်တန်းသိုင်းသမားတစ်ယောက်ကို သိုင်းကွက်တစ်ကွက်တည်းဖြင့် သတ်လိုက်သည်ဟု ကြားသိလိုက်ရသောအခါ ချင်းချင်းသည် သန်းဉအပေါ် ပို၍ စိတ်ဝင်စားလာ၏။

ဤသို့ဖြင့် သိုင်းလောကသားများက သန်းဉကို မရဏာတမန်တော်ဟု အမည်ပေးထားပြီး လိုက်လံရှာဖွေနေကြောင်း သိရသောအခါ သူမ၏ရင်ထဲ၌ သန်းဉအတွက် စိတ်ပူမိခဲ့၏။

အဘယ်ကြောင့် ထိုကဲ့သို့ စိတ်ပူခဲ့ကြောင်းကို သူမကိုယ်တိုင် မသိပါ။

ဤသို့ဖြင့် သူမသည် သန်းဉနှင့် တွေ့ရန်ဖန်တီးပြီး သန်းဉနှင့် ရင်းနှီးအောင်ပြုလုပ်ခဲ့၏။

သန်းဉနှင့်ရင်းနှီးလာသောအခါ သန်းဉသည် သိုင်းလောက၏အတွေ့အကြုံမရှိသူဖြစ်ကြောင်း သိုင်းလောကသားတစ်ယောက်မဟုတ်ကြောင်း သိလာ၏။

ထို့အပြင် သန်းဉနှင့် လုံကျန်းတို့သည် ဆက်နွယ်မှုရှိရမည်ဟု ချင်းချင်း၏စိတ်ထဲ၌ ခိုင်ခိုင်မာမာ ယုံကြည်ထား၏။

ထို့ကြောင့် သူမသည် သန်းဉနှင့် ရင်းနှီးလာအောင်ကြိုးစားပြီး သန်းဉ၏ဘဝအမှန်ကို စုံစမ်းဖော်ထုတ်ရန် ကြံစည်နေဆဲမှာပင် သန်းဉက တိတ်တဆိတ် ထွက်ခွာသွားခဲ့၏။



ချင်းချင်းသည် သက်ပြင်းချလိုက်၏။

သူမ၏လှိုင့်ပုန်းနေသော စိတ်များကို ဆေးကျမ်းစာအုပ်ပေါ်သို့ ပြန်၍စုစည်းလိုက်လေတော့သည် မဟုတ်ပါလား။

ဟ ဟ ဟ

ချစ်သူ

ချင်းချင်းသည် ပက်လက်ကုလားထိုင်ပေါ်၌ အိပ်ပျော်နေသော သန်းဉကို တစ်ချက်ကြည့်လိုက်၏။

သန်းဉကိုကြည့်ရင်း မင်းသားလေးလုံကျန်းကို သတိရလာ၏။

သူမအနေဖြင့် မင်းသားလေးလုံကျန်းကို တစ်ကြိမ်သာ မြင်တွေ့ခဲ့ဖူး၏။

ထိုသို့မြင်တွေ့လိုက်ရသောနေ့မှာ သူမနှင့် တန်ကျန်းရှီနှင့် အိမ်ထောင်ကျပြီး တစ်လပြည့်ရန် ရက်ပိုင်းသာလိုသောအချိန်၌ ဖြစ်၏။

သူမသည် ထိုနေ့က ချန်းအန်းမြို့မှ အပ်ချုပ်ဆိုင်သို့သွားရောက်ခဲ့၏။

ထိုဆိုင်၌ မင်းသားလေးလုံကျန်းကို တွေ့ခဲ့ရ၏။

ချင်းချင်းသည် လုံကျန်းကို မမြင်ဖူးပါ။

သို့သော် ဆိုင်ထဲမှ မိန်းကလေးများက ထိုလူကို ဝိုင်း၍ကြည့်နေပြီး တီးတိုးပြောဆိုနေကြ၏။

သူတို့၏စကားများအရ ထိုလူမှာ မင်းသားလေးလုံကျန်း ဖြစ်ကြောင်း ချင်းချင်းက သိခဲ့ရ၏။

တစ်ချိန်တည်းမှာပင် မင်းသားလေးလုံကျန်းသည် လိပ်ပြာတောင်ကြားမှ ရုပ်ဆိုးမနှင့်လက်ထပ်တော့မည့် ဖြစ်ကြောင်းကိုလည်း သိခဲ့ရ၏။

ထိုအခါမှ တန်ကျန်းရီသည် မိမိကို လိမ်လည်လှည့်ဖြားခဲ့ကြောင်းသိလာပြီး တန်ကျန်းရီအပေါ် ဒေါသဖြစ်လာ၏။

ဤသို့ဖြင့် ထိုနေ့က လင်မယားနှစ်ယောက် စကားများခဲ့ကြ၏။

ထိုညမှာပင် တန်ကျန်းရီသည် ချင်းချင်းကိုပစ်၍ ထွက်ပြေးသွားခဲ့လေတော့သည် မဟုတ်ပါလား။

ချင်းချင်းသည် သက်ပြင်းချလိုက်၏။

သူမအနေဖြင့် ခါးသီးသောအတိတ်မှ အဖြစ်အပျက်များကို ပြန်လည်၍ မစဉ်းစားချင်တော့ပါ။

ယခု သူမအနေဖြင့် သန်းဉ၏ခန္ဓာကိုယ်ပေါ်မှ အဆိပ်များကိုဖယ်ရှားနိုင်ရေးအတွက်သာ အဓိကပြုလုပ်သင့်သည်ဟု ဆုံးဖြတ်လိုက်ပြီး ဆေးကျမ်းစာအုပ်ကို ပြန်လည်၍အာရုံစူးစိုက်လိုက်လေတော့၏။

ψ ψ ψ



သူမသည် ဆေးကျမ်းစာရွက်များကို တစ်ရွက်ပြီးတစ်ရွက် လှန်ကာ ဖတ်ရှုနေ၏။

ဤသို့ဖြင့် အချိန်မှာ တရွေ့ရွေ့ကုန်ဆုံးလာပြီး အာရှစ်တက်ချိန်သို့ပင် ရောက်ရှိလာပြီဖြစ်၏။

ထိုစဉ် သူမသည် ဆေးကျမ်းစာအုပ်၏တစ်နေရာ၌ ရေးသားထားသော လောကပေါ်၌ အဆိပ်အပြင်းဆုံး အပင်နှင့်အသီးများကို တွေ့လိုက်ရ၏။

နတ်ဆေးသမားတော်ကြီးက လောကပေါ်၌ အဆိပ်အပြင်းဆုံး အပင်(၁၀)ပင်ကို ထုတ်နုတ်ဖော်ပြထား၏။

ထိုအဆိပ်ပင်(၁၀)ပင် ပထမဆုံးနံပါတ်(၁)အဖြစ် ဖော်ပြထားသောအပင်မှာ အပူအအေးအဆိပ်သီးအပင် ဖြစ်၏။

ထိုအပင်နှင့်ပတ်သက်၍ နတ်ဆေးသမားတော်ကြီးက အောက်ဖော်ပြပါအတိုင်း မှတ်တမ်းပြုစုရေးသားထား၏။

လောကပေါ်၌ အဆိပ်အပြင်းဆုံးအပင်မှာ အပူအအေးအ

ဆိပ်သီးပင် ဖြစ်၏

အပင်မှာ နွယ်ပင်အမျိုးအစားဖြစ်၏။ တောင်နံရံများပေါ်တွင်သာ ပေါက်၏။ အလွန်ရှားပါးသောအပင် ဖြစ်၏။

ထိုအပင်၏အရွက်မှာ လက်ဝါးပုံသဏ္ဍာန်ရှိပြီး တြိဂံပုံအနီစက်များ ပါရှိ၏။

(၁၀)နှစ်လျှင် တစ်ကြိမ်သာ အသီးသီးပြီး အသီး တစ်ခါသီးလျှင်(၃)လုံးသာ သီး၏။

ထိုအသီးမှာ တစ်ခြမ်းကနီပြီး တစ်ခြမ်းက စိမ်း၏။ ထိုအသီး၏အနံ့မှာ မွှေးကြိုင်ပြီး စားချင်စဖွယ်ဖြစ်၏။

ထိုအသီးကို စားမိပါက ခြေလှမ်းတစ်ရာအတွင်း သေဆုံးနိုင်၏။ ထိုအသီးကို စားမိလျှင် ကုသရန် အဆိပ်ဖြေဆေးမရှိပါ။

ထိုအပူအအေးအဆိပ်သီးကို စားသုံးမိ၍ အဆိပ်သင့်သောလူကို ကုသရန်နည်းမှာ တစ်ခုတည်းသာရှိ၏။

ထိုနည်းမှာ အဆိပ်သင့်သောလူကို နာရီဝက်အတွင်း အပူအအေး အဆိပ်နှင့်ညီမျှသော အဆိပ်တစ်မျိုးမျိုးကို တိုက်ရန်ဖြစ်၏။

ထိုအခါ ခန္ဓာကိုယ်ထဲမှ အဆိပ်များသည် အရေပြား၌ လာရောက်၍ စုစည်းနေမည်ဖြစ်၏။

အထူးသတိပြုရန်မှာ ထိုအချိန်၌ ထိုအဆိပ်သင့်နေသောလူ၏ ခန္ဓာကိုယ်ကိုမထိရန် ဖြစ်၏။

အကယ်၍ ထိုအဆိပ်သင့်နေသောလူ၏ ခန္ဓာကိုယ်ကိုထိမိပါက အဆိပ်သင့်၍ ချက်ချင်းသေဆုံးသွားနိုင်၏။

အပူအအေးအဆိပ်သီးကို စားမိ၍ အဆိပ်သင့်သူကို ထိုအဆိပ်နှင့် ညီမျှသောအဆိပ်ကို တိုက်ကျွေးပြီးပါက (၁၀)နှစ်ကြာ



အောင် အသက်ရှင်နိုင်၏။

အကယ်၍ ထိုအဆိပ်သင့်သူ၏ ခန္ဓာကိုယ်ပေါ်မှ အဆိပ်များ ကိုဖယ်ရှားရန်အတွက် အောက်၌ ထပ်မံဖော်ပြထားသော ကုထုံးဖြင့် ကုသရမည်ဖြစ်၏။

သို့သော် ထိုသို့ကုသရန်မှာ အလွန်ခက်ခဲ၏။

ကုသနည်းမှာ ထိုအဆိပ်သင့်သူကို ဤကျမ်းစာ၏အဆုံး၌ ရေးသားထားသော ဆေးညွှန်းများအတိုင်း ဖော်ပြထားသော ဆေးဝါးများကို တိုက်ကျွေးရမည်ဖြစ်၏။

ထို့အပြင် အတွင်းအား အဆင့်မြင့်သူတစ်ယောက်က အဆိပ်ကိုကာကွယ်နိုင်သော လက်အိတ်ကိုမစွပ်ဘဲ အဆိပ်သင့်သူ၏ နောက်ကျောမှ အဆိပ်သင့်သူ၏ခန္ဓာကိုယ်ထဲသို့ အတွင်းအားပို့လွှတ်ကာ အဆိပ်သင့်သူ၏အရေပြားပေါ်မှ အဆိပ်များကိုဖယ်ရှာပေးရမည် ဖြစ်၏။

အထူးသတိပြုရန်မှာ ထိုလူ၏အတွင်းအားသည် ထိပ်တန်းအဆင့်၌ရှိရမည် ဖြစ်၏။

ထိုသို့အတွင်းအားကို အသုံးပြု၍ကုသရာ၌ အခန့်မသင့်လျှင် အဆိပ်သင့်သူ၏ခန္ဓာကိုယ်ပေါ်မှ အဆိပ်များသည် မိမိပို့လွှတ်ထားသော အတွင်းအားလမ်းကြောင်းတစ်လျှောက် ဆန်တက်လာပြီး မိမိကို အဆိပ်သင့်ကာ နေရာ၌ပွဲချင်းပြီး သေဆုံးသွားနိုင်၏။

ထို့ကြောင့် အပူအအေးအဆိပ်သီးကို စားမိသောလူကို ကုသရန်မှာ မလွယ်ကူပါ။ အလွန်စွန့်စားရမည်ဖြစ်၍ မည်သည့်သမားတော်မျှ ကုသလိမ့်မည်မဟုတ်ပါ။

ချင်းချင်းသည် ထိုဆေးကျမ်းစာကိုဖတ်ပြီးနောက် ထိတ်

လန့်သွား၏။

အဆိပ်သင့်နေသောလူကို ကုသရန်ကိစ္စမှာ အသက်နှင့်ရင်း၍ စွန့်စားရမည့်ဖြစ်၏။

ထို့ကြောင့် နတ်ဆေးသမားတော်ကြီးက ကုရန်ဆေးမရှိဟု ဆိုခဲ့ခြင်းဖြစ်ဟန်တူ၏။

ထိုစဉ် သန်းဥထံမှ ညည်းညူသံတစ်ချက်ပေါ် ထွက်လာပြီး အိပ်ရာမှ နိုးလာ၏။

သန်းဥသည် အိပ်ရာမှ နိုးလာသည်နှင့် အပျင်းတစ်ချက်ဆန့်လိုက်ပြီး အခန်းကိုတစ်ချက်ဝေ့ကြည့်လိုက်ရာ စားပွဲ၌ထိုင်နေသော ချင်းချင်းကို တွေ့လိုက်ရ၏။

ထို့ကြောင့် သန်းဥသည် အံ့သြဟန်ဖြင့် မျက်ခုံးပင့်ကာ....

"မမ... မအိပ်ဘူးလား"

ဟု မေးလိုက်၏။

ချင်းချင်းက ပြုံးလိုက်ပြီး....

"နိုးပြီလား... အစောကြီး ရှိသေးတယ်"

ဟု ပြောလိုက်၏။

သန်းဥသည် ထိုင်ရာမှထကာ စားပွဲအနီးသို့လျှောက်လာရင်း....

"မမ.. ဘာဖတ်နေတာလဲ"

ဟု မေးလိုက်၏။

ချင်းချင်းက ဆေးကျမ်းစာအုပ်ကို ပိတ်လိုက်ပြီး....

"မင်းကို ဆေးကုဖို့ ဆေးကျမ်းဖတ်နေတာ"

ဟု ပြောလိုက်၏။



ချင်းချင်း၏စကားကြောင့် သန်းဥ၏မျက်လုံးများ ဝင်းလက်လာပြီး....

"ရှာတွေ့လား"

ဟု မေးလိုက်၏။

ချင်းချင်းက ဦးခေါင်းညိတ်ကာ....

"တွေ့တယ်"

ဟု ပြောလိုက်၏။

ထိုစကားကြောင့် သန်းဥသည် ဝမ်းသာသွားပြီး ထခုန်ကာ....

"ဝမ်းသာလိုက်တာ... အခု ကုပေးမှာလား"

ဟု မေးလိုက်၏။

ချင်းချင်းက ပြုံး၍....

"ကုပေးမှာပေါ့... ဒါပေမယ့် ခဏတော့ စောင့်ရမယ်"

ဟု ပြောလိုက်၏။

သန်းဥက....

"ကျွန်တော်ကတော့ မြန်မြန်ပျောက်ချင်ပြီ"

ဟု ပြောလိုက်၏။

ချင်းချင်းက ပြုံးကာ....

"ပျောက်မှာပါ... ဒီအဆိပ်ကိုကုဖို့အတွက် ဆေးဖော်စပ်ရဦးမယ်... ပြီးတော့ စိတ်ရှည်ရှည်နဲ့ကုရမှာ...."

ဟု ပြောလိုက်၏။

ထို့နောက် သူမသည် ထိုင်ရာမှထကာ နံနက်စာကို ချက်ပြုတ်လိုက်၏။

ပြီးမှ သူတို့နှစ်ယောက်သည် နံနက်စာကို အတူစားကြ၏။

နံနက်စာ စားပြီးသောအခါ ချင်းချင်းသည် ဆေးကျမ်းစာအုပ်ကိုယူ၍ သူမ၏အိပ်ခန်းထဲသို့ ယူဆောင်သွား၏။

အိပ်ခန်းထဲသို့မဝင်မီ သူမသည် သန်းဥကိုလှမ်းကြည့်ကာ...

"မင်း... ဒီနား ဟိုနား လျှောက်သွားရင် သွားပါလား... ဒါပေမယ့် သိပ်ပြီးဝေးဝေးတော့ မသွားပါနဲ့"

ဟု ပြောလိုက်၏။

သန်းဥက....

"မမက ဘာလုပ်မလို့လဲ"

ဟု မေးလိုက်၏။

ချင်းချင်းက လက်ထဲမှ ဆေးကျမ်းစာအုပ်ကို ထောင်ပြရင်း....

"ငါ ကုထုံးကိုဆက်ပြီး ဖတ်မလို့"

ဟု ပြောလိုက်၏။

ထို့နောက် သူမသည် အခန်းထဲသို့ ဝင်ရောက်သွားလေတော့သည် မဟုတ်ပါလား။

❦ ❦ ❦

ချင်းချင်းသည် ခုတင်ပေါ်၌ လဲလျောင်းနေ၏။ သူမသည် နဖူးပေါ်လက်တင်ပြီး လေးလေးနက်နက် စဉ်းစားနေ၏။



သူမအနေဖြင့် သန်းဥကို ဆေးကုသပေးရန်သင့်မသင့် အပြန်ပြန် အလှန်လှန် စဉ်းစားနေခြင်းဖြစ်၏။

သန်းဥ၏အနေအထားမှာ ဆေးကုသခြင်းမပြုပါက တစ်နှစ်သာ အသက်ရှင်မည်ဖြစ်၏။

အကယ်၍ မိမိက သန်းဥကို ဆေးကုသပေးပါက မိမိ၏အတွင်းအားကုန်ဆုံးပြီး အခန့်မသင့်လျှင် မိမိ၏အသက်ပါ ဆုံးရှုံးနိုင်၏။

သွေးသားတော်စပ်ခြင်းမရှိသော လူတစ်ယောက်အတွက် မိမိ၏အသက်ဖြင့်ရင်း၍ စွန့်စားကုသရန်မှာ ဆုံးဖြတ်ရမလွယ်ကူသောကိစ္စ ဖြစ်၏။

နောက်ဆုံး၌ သူမသည် သန်းဥကို ဆေးကုသပေးရန် ဆုံးဖြတ်လိုက်၏။

မိမိ၏ဆုံးဖြတ်ချက်မှန်သည့် မမှန်သည်ကို ချင်းချင်းက ဆက်၍ မတွေးတော့ပါ။

တစ်ဆက်တည်းမှာပင် လူ့လောက၌ သန်းဥကိုရပ်တည်နိုင်ရန်အတွက်ကိုပါ စဉ်းစားလိုက်၏။

သန်းဥ၏ခန္ဓာကိုယ်ပေါ်မှ အဆိပ်များ ပျောက်ကွယ်သွားခဲ့လျှင် သန်းဥသည် သာမန်လူတစ်ယောက် ဖြစ်လာမည်ဖြစ်၏။

သို့သော် သူ့ကိုသိုင်းလောကသားတိုင်းက အလွန်အဆင့်မြင့်သော သိုင်းသမားတစ်ယောက်ဟု ယူဆထား၏။

ထို့အပြင် သန်းဥ၏လုပ်ရပ်တချို့ကြောင့် သန်းဥ၌ရန်သူများ ဝိုင်းဝိုင်းလည်နေပြီဖြစ်၏။

သန်းဥသည် သိုင်းပညာမတတ်ပ

ခန္ဓာကိုယ်ပေါ်မှ အဆိပ်များ ပျက်ပြယ်သွားပြီးနောက် သန်းဥအနေဖြင့် သူ၏အန္တရာယ်ကို ကာကွယ်နိုင်စွမ်းရှိမည် မဟုတ်ပါ။

ဤသို့ဆိုလျှင် သန်းဥသည် သိုင်းလောသာသားများ၏ လက်ချက်ဖြင့် အသက်ဆုံးရှုံးရဖွယ်ရှိ၏။

သို့ဖြစ်ပါက သန်းဥကို မိမိက အသက်စွန့်၍ ဆေးမကုသဘဲ မိမိ၏ သိုင်းပညာရပ်များကို သင်ကြားပေးရန် ဆုံးဖြတ်လိုက်လေ တော့၏။

ထို့ကြောင့် ချင်းချင်းသည် သန်းဥကို ဆေးမကုသမီ မိမိ၏ သိုင်းပညာရပ်များကိုသင်ကြားပေးရန် ဆုံးဖြတ်လိုက်လေတော့၏။

သူမသည် ထိုသို့ဆုံးဖြတ်ပြီးသည်နှင့် ကျေနပ်စွာ ပြုံးလိုက် ပြီး....

"လုံကျန်း... ရှင်က ကျွန်မကို မသိပေမယ့်... ကျွန်မက ရှင့်ရဲ့ မျိုးဆက်ကို လူ့လောကမှာကျန်ရှိအောင် ဆောင်ရွက်ပေးပါ့ မယ်"

ဟု တီးတိုးရေရွတ်လိုက်လေတော့သည် မဟုတ်ပါလား။

ψ ψ ψ

နောက်နေ့မှစ၍ ချင်းချင်းသည် သန်းဥကို သိုင်းပညာရပ် များ သင်ကြားပေး၏။



တစ်ချိန်တည်းမှာပင် စာကိုရေးတတ် ဖတ်တတ်အောင် လည်း သင်ကြားပေး၏။

သန်းဥသည် ချင်းချင်းက မိမိကိုဆေးကုသမပေးဘဲ စာပေ နှင့်သိုင်းပညာရပ်များ သင်ကြားပေးနေသည်ကို မည်သို့မျှ နား မလည် အောင်ဖြစ်နေ၏။

သို့သော် သူသည် ဘာမျှစောဒက မတက်ဘဲ သိုင်းပညာ ရပ်များနှင့် စာပေပညာရပ်များကို စိတ်ဝင်စားစွာ လေ့လာဆည်းပူးခဲ့ ၏။

သူ၏မိဘနှစ်ပါးမှာ ထူးချွန်သောသိုင်းသမားများဖြစ်၏။

ထို့ပြင် သူကလည်း သိုင်းပညာရပ်နှင့် ပတ်သက်၍ ပါရမီရှိ သူ ဖြစ်၏။

သို့ဖြစ်၍ ပထမ(၃)လအတွင်းမှာပင် သန်းဥ၏သိုင်းပညာ သည် ထူးထူးခြားခြားတိုးတက်လာ၏။

သူ၏အတွင်းအားကလည်း အဆင့်မြင့်လာ၏။

ချင်းချင်းသည် သန်းဥအတွက် ဆေးဝါးဖော်စပ်ခြင်း၊ သန်း ဥကိုသိုင်းပညာရပ်များနှင့် စာပေပညာရပ်များကို သင်ကြားပေးခြင်း ဖြင့် အတော်ပင် ပင်ပန်းနေပြီဖြစ်၏။

သို့သော် သူမသည် တစ်ချက်မျှ မညည်းညူပါ။

ဤသို့ဖြင့် (၆)လကြာသောအခါ သန်းဥသည် ချင်းချင်း၏ သိုင်းပညာရပ်များကို အကုန်အစင်တတ်မြောက်ခဲ့ပြီ ဖြစ်၏။

ထို့အပြင် စာကိုလည်း ရေးတတ်ဖတ်တတ်လာပြီ ဖြစ်၏။

သို့သော် စာပေထက် သိုင်းပညာရပ်၌ သန်းဥသည် ပို၍ထူး ချွန်၏။

ချင်းချင်းသည် သန်းဥ၏တိုးတက်မှုကို တွေ့ရှိရသဖြင့် စိတ်ထဲမှ ဝမ်းသာပီတိဖြစ်ခဲ့ရ၏။

သို့သော် သန်းဥကို ဆေးကုသပေးပြီးနောက် မိမိ၏အသက် ဆုံးရှုံးရမည်ကိုတွေး၍ စိတ်မကောင်းဖြစ်နေမိ၏။

ထို့ကြောင့် သူမသည် မကြာမကြာသက်ပြင်းချနေ၏။

သန်းဥသည် သိုင်းပညာကိုတတ်မြောက်ပြီး စာပေကိုလည်း ရေးတတ်ဖတ်တတ်လာပြီးဖြစ်၍ ဖုံးကွယ်၍မရအောင် ဝမ်းသာနေမိ၏။

သို့သော် မိမိက ဝမ်းသာအားရဖြစ်နေသော်လည်း ချင်းချင်းသည် တစ်နေ့တခြား သက်ပြင်းချကာ မှိုင်မှိုင်တွေတွေဖြစ်နေခြင်းကြောင့် သန်းဥ၏စိတ်ထဲ၌ စဉ်းစား၍မရအောင် ဖြစ်နေ၏။

ထို့ကြောင့် တစ်နေ့၌ သန်းဥသည် ဆေးကျမ်းဖတ်နေသော ချင်းချင်း၏အနီးသို့ ချဉ်းကပ်လာပြီး....

"မမ...."

ဟု ခေါ်လိုက်၏။

ချင်းချင်းသည် ဆေးကျမ်းကိုဖတ်နေရာမှ သန်းဥကို မော့ကြည့်လိုက်ပြီး....

"ဘာလဲ...."

ဟု မေးလိုက်၏။

သန်းဥက နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်ပြီး....

"မမကို တစ်ခုမေးမလို့"

ဟု ပြောလိုက်၏။

ချင်းချင်းက ဆေးကျမ်းစာအုပ်ကို ပိတ်လိုက်ပြီး....



"ပြော... ဘာသိချင်တာလဲ"

ဟု မေးလိုက်၏။

သန်းဥက....

"မမမှာ စိတ်ညစ်စရာရှိနေလို့လား"

ဟု မေးလိုက်၏။

သန်းဥ၏စကားကြောင့် ချင်းချင်းသည် သန်းဥကို မျက်မှောင်ကြုတ်ရန် ကြည့်ကာ....

"ဘာဖြစ်လို့ မေးတာလဲ"

ဟု ပြန်မေးလိုက်၏။

သန်းဥက ပြုံးလိုက်ပြီး....

"ဘာမှ မဟုတ်ပါဘူး... မမကိုကြည့်ရတာ စိတ်ညစ်စရာရှိနေတဲ့ပုံ ဖြစ်နေလို့"

ဟု ပြောလိုက်၏။

ချင်းချင်းက ရယ်မောလိုက်ပြီး....

"စိတ်ညစ်နေတာ မဟုတ်ပါဘူး... ဆေးကျမ်းဖတ်ပြီး စဉ်းစားနေတာပါ"

ဟု ပြောလိုက်၏။

သန်းဥက....

"ကျွန်တော့်ကို ဆေးကုသဖို့ခက်ခဲနေလို့လား"

ဟု မေးလိုက်၏။

ချင်းချင်းက ဦးခေါင်းခါယမ်းကာ....

"မဟုတ်ပါဘူး...."

သန်းဥက....

ချစ်သူ

"ကျွန်တော့်ကိုပွင့်ပွင့်လင်းလင်း ပြောပါ… ဆေးကုဖို့မလွယ်ဘူးဆိုရင်လည်း မကုပါနဲ့… ကျွန်တော် အသက်ရှင်တဲ့တစ်နှစ်အတွင်းမှာ မမနဲ့ အတူတူနေရရင်ပဲ ကျွန်တော်သေပျော်ပါပြီ"

ဟု ပြောလိုက်၏။

သန်းဦး၏စကားကြောင့် ချင်းချင်းသည် ရင်ထဲ၌ လှိုက်ခနဲဖြစ်ကာ စိတ်မကောင်းဖြစ်သွား၏။

ထို့ကြောင့် သူမသည် သက်ပြင်းတစ်ချက်ချလိုက်ပြီးမှ ရုတ်တရက် ပြုံးကာ….

"မဟုတ်ဘူးလို့ မမ ပြောပြီးပြီလေ… မင်းအတွက် ဖော်စပ်ထားတဲ့ဆေးတချို့က အချိန်နည်းနည်းစောင့်ပြီးမှ သုံးလို့ရတယ်… ဒါကြောင့် အချိန်ကိုစောင့်နေရတာ… နောက်(၃)ရက်(၄)ရက်ဆို မင်းကိုစပြီး ကုပေးလို့ရပြီ"

ဟု ပြောလိုက်၏။

ချင်းချင်း၏စကားကြောင့် သန်းဦးသည် စမ်းသာအားရဖြစ်ကာ….

"မမ… တကယ်ပြောတာလား"

ဟု မေးလိုက်၏။

ချင်းချင်းက ဦးခေါင်းညိတ်ပြလိုက်ပြီး…

"တကယ်ပြောတာပါ… အခုတော့… မင်းနဲ့ငါနဲ့ ဒီတောင်ပေါ်ကို လမ်းလျှောက်ထွက်ရအောင်"

ဟု ပြောကာ ထိုင်ရာမှ ထလိုက်လေတော့သည် မဟုတ်ပါလား။

ψ ψ ψ



ထိုနေ့မှစ၍ ချင်းချင်းသည် သန်းဦးနှင့်အတူ လက်ငါးချောင်းတောင်ပေါ်၌ လှည့်လည်သွားလာရင်း သန်းဦးကို ဆေးဘက်ဝင်သော အပင်များ၊ အသီးများအကြောင်းကို ပြောပြ၏။

တစ်ခါတစ်ရံ၌ သိုင်းလောက၏ သူရဲကောင်းများအကြောင်းကို ပြောပြ၏။

အထူးသဖြင့် သူမသည် သိုင်းလောက၏ ဗဟုသုတများကို ပြောပြခဲ့၏။

ဤသို့ဖြင့်(၄)ရက် ခန့်ကြာသောအခါ သူမသည် သန်းဦးကို စတင်၍ ဆေးကုသလေတော့၏။

ထို(၄)ရက်အတွင်း သူမသည် သန်းဦးကို ဖော်စပ်ထားသော ဆေးများအား အချိန်မှန်တိုက်ကျွေးခဲ့၏။

ပြီးမှ သူမသည် သန်းဦး၏ခန္ဓာကိုယ်တစ်ခုလုံးကို ဆေးများဖြင့် လိမ်းကျံလိုက်ပြီး ခုတင်ပေါ်၌ ဇာတ်ပလ္လင်ခွေ၍ ထိုင်စေ၏။

ထို့နောက် သူမသည် သန်းဦး၏နောက်ဘက်၌ ဝင်ရောက်

ထိုင်လိုက်ပြီး သန်းဥ၏နောက်ကျောကို မိမိ၏လက်ဝါးနှစ်ဖက်ဖြင့် ထိကပ်ရန် ဟန်ပြင်လိုက်၏။

သူမက ထိုသို့ဟန်ပြင်လိုက်သောအခါ သန်းဥသည် ထိတ်လန့်သွားပြီး....

"မမ... ကျွန်တော့်ကိုမထိနဲ့...."

ဟု အလန့်တကြားအော်ပြောကာ ခုတင်ပေါ်မှ ခုန်ဆင်းလိုက်၏။

ချင်းချင်းက မျက်မှောင်ကြုတ်ကာ....

"ဘာဖြစ်ရတာလဲ"

ဟု ပြောလိုက်၏။

သန်းဥက....

"ကျွန်တော့်ကိုထိတာနဲ့ မမ သေသွားမှာပေါ့"

ဟု ပြောလိုက်၏။

ချင်းချင်းက ပြုံးလိုက်ပြီး....

"ဘာမှမဖြစ်ပါဘူး"

ဟု ပြောလိုက်၏။

သန်းဥက....

"ဘာဖြစ်လို့ ဘာမှမဖြစ်ရမှာလဲ... ကျွန်တော့်ကိုထိတာနဲ့ လူတွေသေခဲ့ရတယ်လေ"

ဟု ပြောလိုက်၏။

ချင်းချင်းက ပြုံးကာ....

"အခု... မင်းကိုဆေးတွေ တိုက်ထားတယ်... ပြီးတော့ မင်းရဲ့ကိုယ်ပေါ်မှာ ဆေးတွေလိမ်းထားတယ်... ဒါကြောင့်ဘာမှမဖြစ်ဘူး



လို့ ပြောတာပေါ့"

ဟု ပြောလိုက်၏။

ချင်းချင်း၏စကားကြောင့် သန်းဥသည် တဒင်္ဂတွေဝေသွားပြီး....

"ဩော်... ဒီလိုလား"

ဟု ပြောလိုက်၏။

ချင်းချင်းက....

"ဒါပေါ့... မမက ကုထုံးကို သေသေချာချာ လေ့လာပြီးမှ မင်းကိုကုတာပါ"

ဟု ပြောလိုက်၏။

ပြီးမှ ခုတင်ကို လက်ဖြင့်ပုတ်ကာ....

"လာ... ဒီမှာပြန်ထိုင်... အခု မင်းရဲ့အဆိပ်တွေကို အတွင်းအားပို့ပြီး ဖယ်ရှားရမှာ...."

ဟု ပြောလိုက်၏။

သန်းဥက ဘာမှမပြောတော့ပါ။

သူသည် ခုတင်ပေါ် ပြန်တက်လိုက်ပြီး ချင်းချင်း၏ရှေ့၌ နောက်ကျောပေးကာ တင်ပလ္လင်ခွေထိုင်လိုက်လေတော့၏။

သူသည် ထိုသို့ထိုင်လိုက်ပြီး....

"မမ..."

ဟု ခေါ်လိုက်၏။

ချင်းချင်းက....

"ဘာလဲ...."

ဟု ပြန်မေးလိုက်၏။

ချစ်သူ

သန်းဥက နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီးမှ....

"သေချာပါတယ်နော်"

ဟု မေးလိုက်၏။

ချင်းချင်းက....

"ဘာကိုသေချာတာလဲ"

ဟု မေးလိုက်၏။

သန်းဥက....

"ကျွန်တော့်ကိုထိလို့ မမ ဘာမှမဖြစ်ဘူးဆိုတာ သေချာလားလို့ မေးတာပါ"

ဟု ပြောလိုက်၏။

ချင်းချင်းက ရယ်မောလိုက်ပြီး....

"သေချာပါတယ်.. မသေချာဘဲ မမက ဘာဖြစ်လို့လုပ်မှာလဲ"

ဟု ပြောလိုက်၏။

သန်းဥက ပြုံးကာ....

"ကောင်းပြီ... ကျွန်တော့်ကို ဆေးကုတော့"

ဟု ပြောလိုက်၏။

ချင်းချင်းက....

"ကဲ... ငြိမ်ငြိမ်နေ... ခါးကိုမတ်မတ်ထား... ပြီးတော့ မျက်စိမှိတ်ထား"

ဟု ပြောလိုက်၏။

သန်းဥက ဦးခေါင်းညိတ်ကာ....

"အင်းပါ..."



ဟု ပြောလိုက်၏။ ပြီးမှ....

"ဩော်... မမကိုမေးရဦးမယ်"

ဟု ပြောလိုက်၏။

ချင်းချင်းက....

"ဘာမေးမှာလဲ"

ဟု ပြန်မေးလိုက်၏။

သန်းဥက နှုတ်ခမ်းကိုကိုက်၍ ခေတ္တမျှ တိတ်ဆိတ်နေပြီးမှ....

"ကျွန်တော့်ကို ဆေးကုပြီးရင် မမက ဘယ်သွားမှာလဲ"

ဟု မေးလိုက်၏။

သန်းဥ၏စကားကြောင့် ချင်းချင်းသည် တွေဝေ၍သွား၏။ ပြီးမှ ရယ်မောကာ....

"မမက ဘယ်ကိုသွားရမှာလဲ... ဘာလဲ... မင်းက မမကို သွားစေချင်လို့လား"

ဟု မေးလိုက်၏။

သန်းဥက ဦးခေါင်းခါယမ်းကာ....

"မဟုတ်ဘူး... မဟုတ်ဘူး... မမ ထွက်သွားမှာစိုးလို့ မေးတာပါ"

ဟု ပြောလိုက်၏။

ချင်းချင်းက ရယ်မောလိုက်ပြီး....

"ကဲပါ... စကားမပြောနဲ့တော့... မင်းကို ဆေးကုရဦးမယ်"

ဟု ပြောလိုက်၏။

ထို့နောက် သူမသည် သန်းဥ၏နောကျောကို လက်ဝါးနှစ်

ဖက်ဖြင့် အတွင်းအားကိုပို့လွှတ်လိုက်လေတော့သည် မဟုတ်ပါလား။

ဏ ဏ ဏ

ဤနေရာ၌ အလွန်ကျယ်ဝန်းသောခြံဝင်းတစ်ခု ရှိ၏။

ထိုခြံဝင်းသည် ဓားနှစ်လက်ဂိုဏ်း၏ခြံဝင်းဖြစ်၏။

ခြံဝင်းကို အရှေ့ခြံဝင်းနှင့် အနောက်ခြံဝင်းဟူ၍ ခွဲခြားထား၏။ အနောက်ခြံဝင်းထဲ၌ ကြီးမားး၍ ခန့်ညားသော အိမ်တစ်လုံးရှိ၏။

ထိုအိမ်သည် ဓားနှစ်လက်ဂိုဏ်းချုပ်ကြီး၏အိမ်ပင် ဖြစ်၏။

ထိုအိမ်ထဲ၌ အခန်းပေါင်းများစွာရှိ၏။

ထိုအခန်းပေါင်းများစွာထဲမှ အခန်းတစ်ခန်းသည် ဓားနှစ်လက်ဂိုဏ်းချုပ်ကြီး၏ သီးသန့်ခန်းဖြစ်၏။

ထိုအခန်းထဲသို့ ဂိုဏ်းချုပ်ကြီး၏အမိန့်တစ်စုံတစ်ရာမရဘဲ မည်သူမျှ မဝင်ရပါ။

သို့သော် ထိုအခန်းထဲသို့ ဝင်ချင်တိုင်းဝင်ခွင့်ရသူ တစ်ယောက်ရှိ၏။ ထိုလူမှာ ဂိုဏ်းချုပ်ကြီး၏သမီးထုံရှင်း ဖြစ်၏။

ဂိုဏ်းချုပ်ကြီး၌ သမီးနှစ်ယောက်ရှိ၏။ တစ်ယောက်နှင့်တစ်ယောက် မိနစ်အနည်းငယ်သာကွာ၍ မွေးဖွားခဲ့သော အမွှာညီအစ်မများဖြစ်၏။

ထုံရှင်းသည် ညီမဖြစ်သူထုံကျင်းထက် (၂)မိနစ်ကြီးသော အစ်မဖြစ်၏။



ထုံကျင်းမှာ ဘုံကျောင်းပျက်ထဲ၌ သန်းဥကိုထိကိုင်မိသောကြောင့် သေဆုံးခဲ့ရ၏။

သို့ဖြစ်၍ ထုံရှင်းသည် သန်းဥကို လက်စားချေရန် ဆန္ဒပြင်းပြနေ၏။

သို့သော် အလွန်ကောက်ကျစ်၍ ဉာဏ်များသော ဖခင်ဖြစ်သူ ထုံချိုင်းက သန်းဥကိုမသတ်ဘဲ အသုံးချရန် စီစဉ်ခဲ့၏။

ဤသို့ဖြင့် ထုံရှင်းသည် သန်းဥကိုစည်းရုံးပြီး ကျားနက်ဂိုဏ်း၊ ဝူတန်ဂိုဏ်းမှ အမိန့်တော်များကို ယူခိုင်းခဲ့၏။

**ဓားနှစ်လက်ဂိုဏ်း၏ဂိုဏ်းချုပ်ကြီးသည်** မိမိ၏လက်ထဲသို့ ကျားနက်ဂိုဏ်း၏ပတ္တမြားအမိန့်တော်နှင့် ဝူတန်ဂိုဏ်း၏နဂါးအမိန့်တော်ရောက်ရှိသည်နှင့် သိုင်းလောကကိုချုပ်ကိုင်ရန် စတင်စီစဉ်တော့၏။

သို့သော် သူ၏အကြံအစည် မအောင်မြင်ခဲ့ပါ။

အကြောင်းမှာ သူ့ထံသို့ နဂါးစိမ်းဂိုဏ်းမှ နဂါးစိမ်းအမိန့်ရောက်လာသောကြောင့် ဖြစ်၏။

ထုံရှင်းက မျက်စိမျက်နှာပျက်နေသောဖခင်ကို ကြည့်ရင်း....

"နဂါးစိမ်းဂိုဏ်းက မရှိတော့ဘူးဆို"

ဟု မေးလိုက်၏။

ထုံချိုင်းက သက်ပြင်းချလိုက်ပြီး....

"ဟုတ်တယ်... လွန်ခဲ့တဲ့နှစ်ပေါင်း(၂၀)ကျော်ကတည်းက မရှိတော့တာ... အခုမှ ဘယ်လိုလုပ်ပြီး ပြန်ပေါ်လာတာလဲမသိဘူး"

ဟု ပြောလိုက်၏။

ထိုရှင်းက နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး....

"တစ်စုံတစ်ယောက်က လုမ်ကြဲလိုက်တာလား"

ဟု မေးလိုက်၏။

ထိုရှင်း၏စကားကြောင့် ထိုချိုင်းသည် မျက်မှောင်ကြုတ်ကာ....

"သမီးက ဘာကိုပြောတာလဲ"

ဟု မေးလိုက်၏။

ထိုရှင်းက....

"နဂါးစိမ်းအမိန့်ကို ပြောတာ"

ဟု ပြောလိုက်၏။

ထိုချိုင်းက သက်ပြင်းချကာ....

"နဂါးစိမ်းအမိန့်က အတုမဟုတ်ဘူး... အစစ်"

ထိုရှင်းက အံ့သြဟန်ဖြင့်....

"အစစ် ဟုတ်လား"

ဟု တအံ့တသြလေသံဖြင့် ပြန်မေးလိုက်၏။

ထိုချိုင်းက ဦးခေါင်းညိတ်ကာ....

"ဟုတ်တယ်...."

ထိုရှင်းက မျက်မှောင်ကြုတ်ကာ ဦးခေါင်းခါယမ်းလိုက်ပြီး...

"သမီးတော့ နားမလည်တော့ဘူး"

ဟု ပြောလိုက်၏။

ထိုချိုင်းက....

"ဖေဖေလည်း နားမလည်တော့ဘူး... ဒါပေမယ့် နဂါးစိမ်းဂိုဏ်းပြန်ပေါ်လာတာတော့ ငြင်းရမှာမဟုတ်ဘူး... လက်ခံရလိမ့်မယ်"



ဟု ပြောလိုက်၏။

ထိုရှင်းက နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး....

"သိုင်းလောကရဲ့အခြေအနေက ပြောင်းလဲနေပြီပဲ... ဟိုးလွန်ခဲ့တဲ့ အနှစ်(၂၀)က အခြေအနေမျိုးမဟုတ်တော့ဘူး"

ဟု ပြောလိုက်၏။

ထိုရှင်း၏စကားကြောင့် ထိုချိုင်းသည် မျက်မှောင်ကြုတ်သွားပြီး ထိုရှင်းကိုကြည့်ကာ....

"သမီးက ဘာကိုပြောချင်တာလဲ"

ဟု မေးလိုက်၏။

ထိုရှင်းက....

"သိုင်းလောကရဲ့အခြေအနေ မတူတာကိုပြောတာ"

ထိုချိုင်းက ပြုံးလိုက်ပြီး....

"ဘာလဲ... နဂါးစိမ်းဂိုဏ်းရဲ့အမိန့်ကို လက်မခံဖို့ပြောချင်တာလား"

ဟု မေးလိုက်၏။

ထိုရှင်းက ဦးခေါင်းညိတ်ကာ....

"ဟုတ်တယ်... လွန်ခဲ့တဲ့နှစ်ပေါင်း(၂၀)ကျော်က သူတို့ဟာ သြဇာအာဏာရှိပေမယ့် အခု သူတို့ရဲ့သြဇာအာဏာက လွှမ်းမိုးနိုင်ပါ့မလား"

ဟု ပြောလိုက်၏။

ထိုချိုင်းက ပြုံးလိုက်ပြီး....

"သမီးက နဂါးစိမ်းဂိုဏ်းကို အထင်သေးတာလား"

ဟု မေးလိုက်၏။

ထုံရှင်းက ပြုံးလိုက်ရင်း....

"အထင်သေးတာ မဟုတ်ပါဘူး... သူတို့ဟာ လွန်ခဲ့တဲ့နှစ်ပေါင်း(၂၀)ကျော်က သိုင်းလောကမှာ ဩဇာအာဏာရှိလျက်နဲ့ ဘာဖြစ်လို့ သိုင်းလောကက ပျောက်ကွယ်သွားရတာလဲ"

ပြောလိုက်၏။

ထုံရှင်း၏စကားကြောင့် ထုံချိုင်းသည် တွေဝေ၍သွားပြီး နှုတ်ခမ်းကိုကိုက်ကာ မျက်နှာကျက်ကို မော့ကြည့်လိုက်၏။

ပြီးမှ သူသည်သက်ပြင်းတစ်ချက်ချကာ....

"သမီးက ဘယ်လိုလုပ်ချင်လဲ"

ဟု မေးလိုက်၏။

ထုံရှင်းက....

"အခု သူတို့ဟာ အဖေ့ကို ဘာလုပ်ခိုင်းလဲ"

ဟု ပြန်မေးလိုက်၏။

ထုံချိုင်းက....

"သူတို့ဟာ အဖေ့ဆီမှာရှိတဲ့ ကျားနက်ဂိုဏ်းက ပဋ္ဌမြားအမိန့်နဲ့ ဝူတန်ဂိုဏ်းက နဂါးအမိန့်ကို သူတို့ဆီလာပို့ဖို့ အမိန့်ပေးတာ"

ထုံရှင်းက....

"ဒါဆို အဖေက သွားပို့ရမှာပေါ့ ဟုတ်လား"

ဟု မေးလိုက်၏။

ထုံချိုင်းက....

"ဟုတ်တယ်...."

ထုံရှင်းက....



"သမီး သဘောကတော့ သွားပြီး မပို့စေချင်သေးဘူး"

ဟု ပြောလိုက်၏။

ထုံချိုင်းက မျက်ခုံးပင့်ကာ....

"ဘာဖြစ်လို့လဲ"

ဟု မေးလိုက်၏။

ထုံရှင်းက....

"အခု ပြန်ပေါ်လာတဲ့နဂါးစိမ်းဂိုဏ်းဟာ ဘယ်လိုဂိုဏ်းမျိုးလည်းဆိုတာ စောင့်ကြည့်သင့်တယ်"

ဟု ပြောလိုက်၏။

ထုံချိုင်းက အတန်ကြာအောင် တိတ်ဆိတ်ငြိမ်သက်သွား၏။

ထုံရှင်းက ပြုံး၍....

"သမီးတို့ကို ဓားနှစ်လက်ဂိုဏ်းဟာ သိုင်းလောကမှာ နာမည်ရှိတဲ့ဂိုဏ်းပါ... ပြီးတော့ သမီးတို့ရဲ့လက်ထဲမှာ ကျားနက်ဂိုဏ်းရဲ့အမိန့်တော်နဲ့ ဝူတန်ရဲ့အမိန့်တော်ရှိနေတယ်... ဒီတော့ သမီးတို့က နဂါးစိမ်းဂိုဏ်းကို ဘာဖြစ်လို့ ကြောက်ရမှာလဲ"

ဟု ပြောလိုက်၏။

ထုံချိုင်းက သက်ပြင်းချကာ....

"သမီးက နဂါးစိမ်းဂိုဏ်းကို အန်တုမလို့လား"

ဟု မေးလိုက်၏။

ထုံရှင်းက ပြုံးကာ....

"ဒါကတော့ အခြေအနေပေါ်မှာ မူတည်လိမ့်မယ်"

ဟု ပြောလိုက်၏။

ထုံချိုင်းသည် နှုတ်ခမ်းကိုကိုက်၍ အတန်ကြာအောင် စဉ်းစားနေပြီးမှ....

"ကောင်းပြီ... ဒီပစ္စည်းတွေကို ဖေဖေ့သွားမပို့တော့ဘူး... သမီးပြောသလိုပဲ အခြေအနေစောင့်ကြည့်မယ်... အန်တုသင့်ရင် အန်တုမယ်"

ဟု ပြောလိုက်လေတော့သည် မဟုတ်ပါလား။

ψ ψ ψ

သန်းဥ၏ခန္ဓာကိုယ်တစ်ခုလုံးသည် ရေမိုးချိုးထားသကဲ့သို့ ချွေးများဖြင့် စိုရွှဲနေ၏။

သူ၏ခန္ဓာကိုယ်မှထွက်လာသော ချွေးများ၏အနံ့အသက်က အလွန်ဆိုးဝါး၏။ ထို့အပြင် **သူ၏ခန္ဓာကိုယ်မှ** အငွေ့များကလည်း တထောင်း ထောင်းထွက်နေ၏။

ဤသို့ဖြင့်(၄)နာရီခန့်ကြာသောအခါ သန်းဥ၏ခန္ဓာကိုယ်ပေါ်မှ အနီးအငွေ့များသည် တဖြည်းဖြည်း ပျောက်ကွယ်သွားပြီဖြစ်၏။

ချင်းချင်းသည် သူမ၏လက်ဝါးကို သန်းဥ၏နောက်ကျောဌ်ကပ်ထားရာမှ ပြန်ရုပ်လိုက်၏။

ပြီးမှ သက်ပြင်းတစ်ချက်ကို မသိမသာချကာ....

"သန်းဥ... မင်းကိုယ်ပေါ်မှာ အဆိပ်မရှိတော့ဘူး"



ဟု ပြောလိုက်၏။

ချင်းချင်း၏စကားကြောင့် သန်းဥသည် ဝမ်းသာအားရဖြစ်ကာ....

"ဟုတ်လား... မမ"

ဟု ပြောရင်း ချင်းချင်းဘက်သို့ လှည့်ကြည့်လိုက်၏။

ထိုသို့လှည့်ကြည့်လိုက်မိသည်နှင့် သန်းဥ၏မျက်လုံးများသည် ဝိုင်းစက်ပြူးကျယ်သွားလေတော့၏။

သူသည် စကားပင်မပြောနိုင်အောင် ထိတ်လန့်တုန်လှုပ်သွားလေတော့၏။

အကြောင်းမှာ ချင်းချင်း၏ဆံပင်များသည် **ဖြူဖွေးနေပြီး** မျက်နှာပေါ်၌လည်း အရေးအကြောင်းများဖြစ်ပေါ်နေ၏။

ခြုံ၍ဆိုရလျှင် ချင်းချင်းသည် အသက်(၈၀)ကျော် (၉၀)နီးပါး အဘွားအိုတစ်ယောက်ကဲ့သို့ အိုမင်းနေသောကြောင့်ပင် ဖြစ်၏။

သန်းဥက ချင်းချင်းကို မယုံကြည်နိုင်လောက်အောင် အံ့သြသောမျက်လုံးများဖြင့် ကြည့်နေစဉ်မှာပင် ချင်းချင်းသည် ခုတင်ပေါ်မှ တုန်တုန်ချိချိဖြင့်ဆင်းကာ အခန်းထဲမှ ထွက်သွားလေတော့၏။

သန်းဥသည် အတန်ကြာအောင် ငေးငိုင်နေပြီးမှ ရုတ်တရက် ခုတင်ပေါ်မှခုန်ဆင်းကာ ချင်းချင်း၏နောက်သို့ ပြေးလိုက်သွား၏။

ချင်းချင်းသည် လိုဏ်ဂူအဝ၌ ရပ်နေ၏။

သူမ၏မျက်လုံးများက အရောင်တောက်ပခြင်းမရှိတော့ပါ။

သူမ၏မျက်လုံးများက အုံ့မှိုင်းရီဝေနေ၏။

သူမသည် လိုဏ်ဂူအပေါ်ဝ၌ရပ်ရင်း အဝေးသို့ငေးကြည့်နေ

၏။

သန်းဥသည် ချင်းချင်း၏အနီးသို့ ချဉ်းကပ်လာပြီး....

"မမ... မမ ဘယ်လိုဖြစ်သွားတာလဲ"

ဟု မေးလိုက်၏။

ချင်းချင်းက ပြုံးလိုက်၏။ သူမ၏အပြုံးက တောက်ပခြင်း မရှိတော့ပါ။

သူမသည် ပြုံးလိုက်ပြီး....

"မင်းရဲ့ကိုယ်ပေါ်မှာ အဆိပ်တွေမရှိတော့ဘူး"

ဟု ပြောလိုက်၏။

သန်းဥက ခေါင်းခါယမ်းကာ....

"ကျွန်တော်သိချင်တာ... ဒါမဟုတ်ဘူး... မမ ဘယ်လိုဖြစ်တာလဲဆိုတာ သိချင်တာ"

ဟု ပြောလိုက်၏။

ချင်းချင်းက ပြုံးရင်း....

"မင်းသိတော့ရော အရင်လို ပြန်ဖြစ်လာမှာမှ မဟုတ်တာ"

ဟု ပြောလိုက်၏။

သန်းဥသည် ဦးခေါင်းခါယမ်းလိုက်ပြီး....

"ဒီလိုဖြစ်မယ်ဆိုတာ မမသိတယ် မဟုတ်လား"

ဟု မေးလိုက်၏။

ချင်းချင်းက ပြုံး၍....

"အင်း....

သန်းဥက....

"ကျွန်တော့်ကို ဘာဖြစ်လို့ပြောမပြတာလဲ"



ဟု မေးလိုက်၏။

ချင်းချင်းက....

"မင်းကို မမက ဆေးကုပေးမယ်လို့ ပြောပြီးပြီလေ"

ဟု ပြောလိုက်၏။

သန်းဥက နှုတ်ခမ်းကိုကိုက်ရင်း....

"ကိုယ့်ကိုယ်ကို ဒုက္ခအဖြစ်ခံပြီး လုပ်ရသလား မမရာ"

ဟု ပြောလိုက်၏။

ချင်းချင်းက ပြုံးကာ....

"ဘာမှ စိတ်မကောင်းမဖြစ်ပါနဲ့"

ဟု ပြောလိုက်၏။

သန်းဥက....

"ဘယ်ဟုတ်မလဲ... ကျွန်တော့်ကြောင့် ဖြစ်ရတာ... ကျွန်တော်က ဘယ်လိုလုပ်ပြီး စိတ်ကောင်းမှာလဲ"

ဟု ပြောလိုက်၏။

ချင်းချင်းက သက်ပြင်းချလိုက်၏။

သန်းဥက နှုတ်ခမ်းကိုတစ်ချက်ကိုက်လိုက်ပြီး....

"ဆေးကုတာ တစ်ခုခုများ လွဲချော်သွားလို့လား"

ဟု မေးလိုက်၏။

ချင်းချင်းက ဦးခေါင်းခါယမ်းပြကာ....

"မဟုတ်ဘူး... ဒီအဆိပ်ကို ကုပေးတဲ့လူဟာ ဒီလိုပဲ သေရမယ်လို့ ဆေးကျမ်းမှာ ရေးထားတယ်"

ဟု ပြောလိုက်၏။

ချင်းချင်း၏စကားကြောင့် သန်းဥသည် မျက်လုံးပြူးကာ....

"ဗျာ... ဒါဆို...."

သန်းဉ၏စကားမဆုံးမီ ချင်းချင်းက....

"ဟုတ်တယ်... မကြာခင် မမ သေတော့မှာ...."

ဟု ပြောလိုက်၏။

ချင်းချင်း၏စကားအဆုံး၌ သန်းဉသည် ချင်းချင်းကို ရုတ်တရက် ပွေ့ဖက်လိုက်ပြီး....

"မမ... မသေရဘူး... မမ... မသေရဘူး"

ဟု အော်ဟစ်လိုက်၏။

ချင်းချင်းက သန်းဉကို အလိုက်သင့်ပြန်၍ ပွေ့ဖက်ကာ...

"ဒီမှာ... မင်းက မမကိုချစ်တယ် မဟုတ်လား"

ဟု မေးလိုက်၏။

သန်းဉက....

"ကျွန်တော် မမကိုချစ်တယ်"

ဟု ပြောလိုက်၏။

ချင်းချင်းက....

"ဒါဖြင့် မင်းက မမရဲ့စကားကို နားထောင်ရမယ်"

ဟု ပြောလိုက်၏။

သန်းဉက....

"ဟုတ်ကဲ့... ပြောပါ မမ"

ဟု ပြောလိုက်၏။

ချင်းချင်းက သန်းဉ၏ပွေ့ဖက်ထားခြင်းမှ အသာရုန်းထွက်လိုက်ပြီး အဝေးသို့ တစ်ချက်လှမ်းကြည့်လိုက်၏။

ပြီးမှ....



"မင်းဟာ ရိုးသားတယ်... ပြီးတော့ အမှန်ကို အမှန်အတိုင်း လုပ်ရဲကိုင်ရဲတယ်... နောက်ပြီး မင်းဟာ အသက်ငယ်သေးတယ်... ရှေ့ဆက်ပြီး တိုးတိုက်မှုကို ရှာဖွေနိုင်တယ်... ဒါကြောင့် မင်းလိုလူငယ်မျိုးဟာ သိုင်းလောကအတွက် လိုအပ်တယ်"

ဟု ပြောလိုက်၏။

**သန်းဉက** ဘာမျှပြန်မပြောပါ။

သူသည် ချင်းချင်း၏မျက်နှာကိုသာ ငေး၍ကြည့်နေ၏။

ချင်းချင်းက သက်ပြင်းချရင်း....

"မင်းဟာ သိုင်းလောကရဲ့ကောင်းကျိုးကို ပြုလုပ်ပေးရမယ်... ဒါကြောင့် မင်းကို မမက အသက်ဆက်ပေးတာ"

ဟု ပြောလိုက်၏။

သန်းဉက ဦးခေါင်းကိုခါယမ်းလိုက်ပြီး....

"ကျွန်တော်ကို မမရဲ့အသက်နဲ့လဲပြီး ကယ်မပေးသင့်ပါဘူး"

ဟု ပြောလိုက်၏။

ချင်းချင်းက ပြုံး၍....

"မင်းကို မမ ကတိ(၃)ခု တောင်းချင်တယ်"

ဟု ပြောလိုက်၏။

သန်းဉက ဦးခေါင်းညိတ်ကာ....

"ဟုတ်ကဲ့... ပြောပါ... ကျွန်တော်ကတိပေးပါတယ်"

ဟု ပြောလိုက်၏။

ချင်းချင်းက....

"ပထမဆုံး... မင်း လုပ်ပေးရမှာက ကျားနက်ဂိုဏ်းနဲ့ဂူတန်

ဂိုဏ်းက မင်းယူသွားတဲ့ ပတ္တမြားအမိန့်တော်နဲ့ နဂါးအမိန့်တော်ကို ပြန်ယူပြီး ကျားနက်ဂိုဏ်းနဲ့ဂူတန်ဂိုဏ်းကို ပြန်ပို့ပေးရမယ်"

ဟု ပြောလိုက်၏။

သန်းဥက ဦးခေါင်းညိတ်ကာ....

"ဟုတ်ကဲ့... ကျွန်တော် ကတိပေးပါတယ်"

ချင်းချင်းက....

"ဒုတိယ... မင်းရဲ့ လုပ်ရပ် တချို့ကြောင့် သိုင်းလောကတစ်ခုလုံးက မင်းကိုလူဆိုးတစ်ယောက်လို့ မြင်နေတယ်... ဒါကို မင်းက မတုန့်ပြန်ရဘူး... မင်းကို အားလုံးက လူကောင်းတစ်ယောက်လို့ မြင်လာအောင် မင်းက သိုင်းလောကရဲ့ အကျိုးအတွက် အသက်စွန့်ပြီး ဆောင်ရွက်ပေးရမယ်"

ဟု ပြောလိုက်၏။

သန်းဥက ဦးခေါင်းညိတ်ကာ....

"ဟုတ်ကဲ့... ကတိပေးပါတယ်"

ချင်းချင်းက ပြုံးလိုက်ပြီး....

"တတိယ တစ်ခုကတော့... မမကို ဒီမှာ မြှုပ်နှံပေးဖို့ပဲ"

ဟု ပြောလိုက်၏။

သန်းဥက....

"ဒါတော့ ကတိမပေးနိုင်ဘူး"

ချင်းချင်းက ပြုံး၍....

"ဘာဖြစ်လို့လဲ"

သန်းဥက....

"မမ မသေရဘူး... မမကို ကျွန်တော် ဆေးပြန်ကုမယ်"



ဟု ပြောလိုက်၏။

ချင်းချင်းက ပြုံးကာ....

"မင်းက ဘယ်လိုဆေးပြန်ကုမှာလဲ"

ဟု မေးလိုက်၏။

သန်းဥက....

"ဒီမှာ နတ်ဆေးသမားတော်ကြီးရဲ့ ဆေးကျမ်းတွေ ရှိတယ်... ဒါတွေကိုဖတ်ပြီး မမကို ဆေးကုပေးမယ်"

ဟု ပြောလိုက်၏။

ချင်းချင်းက ပြုံးကာ....

"ဟုတ်တာပေါ့... မင်းက ဆေးကုပေးမှတော့ မမက ဘယ်သေတော့မလဲ"

ဟု ပြောလိုက်၏။

ထို့နောက် သူတို့သည် လိုဏ်ဂူထဲသို့ ပြန်လည်ဝင်ရောက်သွားကြလေတော့သည် မဟုတ်ပါလား။

ψ ψ ψ

နောက်တစ်နေ့ နံနက် အိပ်ရာမှနိုးလာသောအခါ သန်းဥသည် ချင်းချင်းအတွက် နံနက်စာကို ချက်ပြုတ်နေ၏။

နံနက်စာကို ချက်ပြုတ်ပြီးနောက် သူသည် နံနက်စာကို သစ်သားလင်ဗန်းထဲ၌ထည့်ကာ ချင်းချင်း၏အခန်းသို့ လျှောက်လာခဲ့

၏။

သူသည် အခန်းဝသို့ရောက်သောအခါ ခြေလှမ်းရပ်တန့်လိုက်ပြီး....

"မမ... မမ...."

ဟု ခေါ်လိုက်၏။

သန်းဥက ထိုသို့ခေါ်လိုက်သော်လည်း အခန်းထဲမှ ချင်းချင်း၏ပြန်လည် ထူးသံကိုမကြားရပါ။

သန်းဥက တစ်ယောက်တည်း ပြုံးလိုက်ပြီး....

"အင်း... မမတော့ ပင်ပန်းပြီး အိပ်မောကျနေပြီထင်တယ်"

ဟု တစ်ယောက်တည်း ပြောလိုက်၏။ ပြီးမှ....

"မမ... အိပ်ပုတ်ကြီးလေး... ထတော့"

ဟု ပြောလိုက်ရင်း အခန်းထဲသို့ လှမ်းဝင်လိုက်၏။

အခန်းထဲ၌ ချင်းချင်းသည် အိပ်ပျော်နေဆဲဖြစ်၏။

သန်းဥသည် နံနက်စာလင်ဗန်းကို ခုတင်နံဘေးမှ ခုံပေါ်၌တင်လိုက်ပြီး ချင်းချင်းကို အသာလှုပ်နှိုးလိုက်၏။

သန်းဥက ထိုသို့လှုပ်နိုးလိုက်သည်နှင့် ချင်းချင်း၏ဦးခေါင်းသည် တစ်ဘက်သို့လည့်၍ ကျသွား၏။

ထို့ကြောင့် သန်းဥသည် မျက်မှောင်ကြုတ်ကာ ချင်းချင်းကို ကြည့်လိုက်၏။

ချင်းချင်းသည် ခုတင်ပေါ်၌ ငြိမ်သက်နေ၏။

သန်းဥသည် ချင်းချင်း၏ပခုံးကို ကိုင်လှုပ်ရင်း....

"မမ... မမ"

ဟု ခေါ်လိုက်၏။



သို့သော် ချင်းချင်းထံမှ တုန့်ပြန်မှုမရှိပါ။

ထို့ကြောင့် သန်းဥသည် စိတ်ထဲ၌ ထိတ်လန့်သွားပြီး ချင်းချင်းကို ပွေ့ထူလိုက်၏။

တစ်ဆက်တည်းမှာပင်"မမ... မမ"ဟု အဆက်မပြတ် ခေါ်နေ၏။

အတန်ကြာမှ သန်းဥသည် မျက်ရည်များ ရစ်ဝိုင်းလာပြီး....

"ဖြစ်မှဖြစ်ရလေ မမရယ်"

ဟု ပြောကာ ငိုကြွေးလေတော့၏။

သူသည် ချင်းချင်း၏ခန္ဓာကိုယ်ကို ပွေ့ဖက်ထား၏။

အချိန်မည်မျှကြာအောင် ပွေ့ဖက်ထားမိသည် မသိပါ။

အချိန်အတန်ကြာမှ သန်းဥသည် ချင်းချင်းကို ခုတင်ပေါ်သို့ ပြန်၍လှဲလိုက်ပြီး ခုတင်ဘေး၌ ရပ်လိုက်၏။

ထို့နောက် သူသည် ချင်းချင်းကို တွေ၍ကြည့်နေ၏။

ချင်းချင်း၏ခန္ဓာကိုယ်သည် အေးစက်နေပြီဖြစ်၏။

သန်းဥသည် အချိန်အတန်ကြာအောင် ခုတင်ဘေး၌ရပ်နေခဲ့၏။

ပြီးမှ သူသည် ချင်းချင်း၏ရုပ်အလောင်းကို သင်္ဂြိုလ်ရန်ပြင်ဆင်လိုက်လေတော့၏။

ဖ ဖ ဖ

မိုးက မသည်းပါ။ တဖြောက်ဖြောက် ရွာနေ၏။

တဖြောက်ဖြောက်ရွာနေသော မိုးရေစက်များအောက်၌ မြေပုံအသစ်တစ်ခုရှိ၏။

ထိုမြေပုံသည် ချင်းချင်း၏ရုပ်အလောင်းကို မြှုပ်နှံထားသောမြေပုံ ဖြစ်၏။

ထိုမြေပုံနံဘေး၌ သန်းဦးရှိနေ၏။

သူသည် မြေပုံဘေး၌ ဒူးထောက်၍ထိုင်နေ၏။ သူ၏ခန္ဓာကိုယ်တစ်ခုလုံးသည် မိုးရေများဖြင့် စိုရွှဲနေ၏။

သူ၏မျက်လုံးများသည် ငိုထားသဖြင့် နီရဲနေ၏။ သူသည် မြေပုံဘေး၌ ငြိမ်သက်စွာ ဒူးထောက်နေ၏။

သူ၏ရင်ထဲ၌ ဖော်ပြနိုင်စွမ်းမရှိအောင်ပင် ဝမ်းနည်းနေ၏။

ချင်းချင်းသည် သူမ၏အသက်နှင့်လဲ၍ မိမိကို ဆေးကုပေးခဲ့၏။

မိမိကိုဆေးကုပေးလျှင် သူမ၏အသက်ဆုံးရှုံးရမည်ကို သိ



လျက်ဖြင့် ဆေးကုပေးခဲ့၏။

ထို့အပြင် မိမိကို သိုင်းပညာရပ်များ သင်ကြားပေးခဲ့၏။

စာပေပညာရပ်များကိုလည်း ရေးတတ်ဖတ်တတ်အောင် သင်ကြားပေးခဲ့၏။

ထိုသို့ မိမိကိုယ်ကို အနစ်နာခံ၍ တစ်ပါးသူကို အကူအညီပေးခဲ့သော ချင်းချင်းကို သန်းဦးသည် ဘယ်တော့မှ မေ့နိုင်လိမ့်မည်မဟုတ်ပါ။

သန်းဦးသည် ထိုနေ့တစ်နေ့လုံး ချင်းချင်း၏မြေပုံဘေး၌ ဒူးထောက်နေခဲ့၏။

နောက်ဆုံး၌ သူသည် ချင်းချင်း၏မြေပုံဘေး၌ လဲကျကာသတိလစ်သွားလေတော့၏။

သူသည် မည်မျှကြာအောင် သတိလစ်နေသည်မသိပါ။

ပြန်လည်၍ သတိရလာသောအခါ နံနက်အာရုဏ်ဦး၏ ရောင်ခြည်ကို ကောင်းကင်ပေါ်၌ မြင်တွေ့ရပြီဖြစ်၏။

ထိုစဉ် သူ၏နားထဲသို့ ချင်းချင်း၏အသံ ကြားလာရ၏။

"မင်းက မမကိုချစ်တယ်ဆိုရင် မမရဲ့စကားကို နားထောင်ရမယ်"

သန်းဦးသည် သက်ပြင်းချလိုက်၏။

သူ၏စိတ်ထဲမှလည်း.....

"ဟုတ်တယ်... မမကိုချစ်ရင် မမရဲ့စကားကိုနားထောင်ရမယ်"

ဟု ပြောလိုက်၏။

သူသည် ချင်းချင်းကို ကတိပေးခဲ့၏။ ထိုကတိများအတိုင်း မိုး

ဆောင်ရွက်ရမည်ဖြစ်၏။

ထို့ကြောင့် သူသည် မြေပုံဘေးမှ ထလိုက်ပြီး မြေပုံကို ရူး စိုက်ကြည့်ကာ....

"မမ... ကျွန်တော့်ကို ခွင့်လွှတ်ပါ... မမကို ပေးထားတဲ့ကတိအတိုင်း ဆောင်ရွက်ပြီးရင် မမဆီကို ကျွန်တော် ပြန်လာခဲ့ပါမယ်"

ဟု ပြောလိုက်၏။

ထို့နောက် သူသည် လက်ငါးချောင်းတောင်ပေါ်မှ ဆင်းသက်လာလေ**တော့သည်** မဟုတ်ပါလား။

ᛘ ᛘ ᛘ

မိုးက မရွာသေးပါ။ ရွာရန် ဟန်ပြင်နေဆဲဖြစ်၏။

ထို့ကြောင့် ကောင်းကင်တစ်ခုလုံး မိုးသားတိမ်လိပ်များဖြင့် မည်းမှောင်နေ၏။

သို့ဖြစ်၍ ပတ်ဝန်းကျင်တစ်ခုလုံးသည်လည်း မှောင်မည်းနေ၏။

မိုးသက်လေးကလည်း တဖြူးဖြူး တိုက်ခတ်နေ၏။

တိုက်ခတ်နေသော လေထဲ၌ မိုး၏အနံ့အသက်များပါရှိ၏။

ခဲ့ေ ထိုအချိန်၌ ကျဉ်းမြောင်းသောလူသွားလမ်းတစ်ခုပေါ်တွင် ငယ်တစ်ယောက်သည် ခြေထောက်ကို ခများ ဆွဲထားသကဲ့သို ားလံသောခြေလှမ်းများဖြင့် လျှောက်လာနေ၏။



ထိုလူငယ်သည် သန်းဥပင် ဖြစ်၏။

သူ၏အဝတ်အစားများက ညစ်ပတ်ပေရေနေ၏။ သူ၏ဆံပင်များက ဖွာလန်ကျဲကာ ရှုပ်ပွနေ၏။

ထိုရှုပ်ပွနေသောဆံပင်များက တိုက်ခတ်နေသောလေထဲ၌ လွင့်မျောနေ၏။

သူ၏မျက်လုံးများသည် နီရဲ၍မှိန်နေ၏။

သူသည် လက်ငါးချောင်းတောင်မှ ဆင်းလာခဲ့ပြီးနောက် ရပ်နားခြင်းမရှိဘဲ လမ်းလျှောက်နေသည်မှာ(၃)ရက်နှင့် (၃)ည ရှိပြီဖြစ်၏။

ထို့ကြောင့် သူသည် အလွန်ပင်ပန်းနေပြီဖြစ်၏။

သူ၏ခြေထောက်များက သူ၏ခန္ဓာကိုယ်ကို ထိန်းမထားနိုင်လောက်အောင်ပင် ဖြစ်နေ၏။

သူသည် ကျဉ်းမြောင်းသောလမ်းကလေးအတိုင်း ဒယိမ်းဒယိုင်ဖြင့် လျှောက်နေ၏။

သို့သော် မကြာမီမှာပင် သူသည် **မြေပေါ်သို့** လဲကျသွားလေတော့၏။

သူသည် လဲကျနေရာမှ ကုန်း**၍ထလိုက်၏**။ သို့သော် သူသည် ပြန်လည်၍ လဲကျသွားပြန်၏။

သူသည် နှစ်ကြိမ်-သုံးကြိမ်ခန့် လဲကျလိုက် ပြန်ထလိုက်ဖြင့် အချိန်အတန်ကြာသွား၏။

နောက်ဆုံး၌ သူသည် မြေကြီးပေါ်၌ ပက်လက်လှန်၍ အိပ်လိုက်၏။

ထို့နောက် သူသည် မိုးကောင်းကင်ကို ကြည့်လိုက်၏။ မိုး

ကောင်းကင်တစ်ခုလုံး မှောင်မည်းနေ၏။ သူ၏ဘဝသည်လည်း မှောင်မည်းနေ၏။

သူ၏ဘဝ၌ ချင်းချင်းကွယ်ပျောက်သွားသောအခါ သူ၏ဘဝသည် မှောင်မည်း၍သွားပြီ မဟုတ်ပါလား။

ထိုစဉ် သူ၏နားထဲ၌ ချင်းချင်း၏အသံကြားရ၏။

"ထစမ်း... မင်း ယောကျ်ားမဟုတ်ဘူးလား... ဘာကို စိတ်အားငယ်နေရတာလဲ"

ထိုစကားသည် တစ်ချိန်က မိမိကိုပြောခဲ့ဖူးသော စကားဖြစ်၏။

သန်းဥသည် ကုန်းရုန်း၍ ထလိုက်၏။

သူ၏စိတ်ထဲမှလည်း....

"ဟုတ်တယ်... ငါက ဘာဖြစ်လို့ ပျော့ညံ့ရမှာလဲ"

ဟု မိမိကိုယ်ကို အားတင်းလိုက်၏။

ထို့နောက် သူသည် ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်၏။

ထိုအခါမှ မိမိရောက်နေသောနေရာသည် အလွန်ကြမ်းတမ်းပြီး လမ်းကလည်း အလွန်ကျဉ်းမြောင်းသောတောင်ကြားတစ်ခုဖြစ်ကြောင်း သိရ၏။

လမ်း၏ဝဲယာတစ်ဘက်တစ်ချက်၌ အလွန်မတ်စောက်သော ကျောက်နံရံကြီးများ ရှိ၏။

သူသည် လက်ငါးချောင်းတောင်ပေါ်မှ ဆင်းလာပြီးနောက် ချင်းချင်းကိုပေးထားသော ကတိအတိုင်း ကျားနက်ဂိုဏ်းမှ ပတ္တမြားအမိန့်တော်နှင့် ဂူတန်ဂိုဏ်းမှ နဂါးအမိန့်တော်ကို ပြန်ယူပြီး မူလပိုင်ရှင်များကို ပြန်ပေးရန် ဖြစ်၏။



သို့သော် သူ့ကိုစေခိုင်းခဲ့သော မိန်းကလေးအား သူက မသိပါ။

ထို့ကြောင့် သူသည် ထိုမိန်းကလေးကို မည်သို့လိုက်ရှာရမှန်း မသိအောင် ဖြစ်နေ၏။

ထို့အပြင် ဝမ်းနည်းခြင်း၊ အားငယ်ခြင်းစသည်တို့က သူ၏စိတ်ကို လွှမ်းမိုးနေသောကြောင့် သူသည် ဦးတည်ရာမဲ့ လျှောက်သွားနေခဲ့မိခြင်း ဖြစ်၏။

သူ၏ပတ်ဝန်းကျင်ကိုလည်း တစ်ခါမျှ ဂရုစိုက်၍ မကြည့်ခဲ့ဖူးပါ။

ယခုမှ သူသည် သူ၏ပတ်ဝန်းကျင်ကို ဂရုစိုက်၍ကြည့်လိုက် မိခြင်းဖြစ်၏။

သူသည် ပတ်ဝန်းကျင်ကို တစ်ချက်မျှကြည့်လိုက်ပြီးနောက် မည်သို့ဆက်သွားရမှန်း မသိအောင်ဖြစ်နေ၏။

အကြောင်းမှာ သူသည် မည်သည့်နေရာကိုရောက်နေမှန်း မသိသောကြောင့်ဖြစ်၏။

ထို့ကြောင့် သူသည် အတန်ကြာအောင်ရပ်နေပြီးမှ ရှေ့သို့ ဆက်သွားရန် ဆုံးဖြတ်လိုက်၏။

ထို့နောက် သူသည် ကျဉ်းမြောင်းသောတောင်ကြားလမ်းအတိုင်း ဆက်၍လျှောက်သွားရာ မကြာမီ သေးငယ်သောကြိုးတံတားတစ်ခုသို့ ရောက်လာ၏။

ထိုကြိုးတံတားနံဘေး၌ ကျောက်စာတိုင်တစ်တိုင် စိုက်ထူထား၏။

ထိုကျောက်စာတိုင်ပေါ်၌ စာလုံးတချို့ရေးသားထား၏။

သန်းဥသည် ယခုအခါ၌ စာဖတ်တတ်ပြီဖြစ်ရာ ကျောက်စာတိုင်ပေါ်မှစာကို ဖတ်လိုက်၏။

ကျောက်စာတိုင်ပေါ်၌'သေမင်းတောင်ကြား'ဟု ရေးထား၏။

သန်းဥသည် ကြိုးတံတား၏ထိပ်၌ရပ်တန့်လိုက်ပြီး တစ်ဘက်သို့ လှမ်းမျှော်ကြည့်လိုက်၏။

ပြီးမှ သူသည် ရှေ့သို့ဆက်သွားရန် ဆုံးဖြတ်လိုက်ပြီး ကြိုးတံတားပေါ်သို့ တက်လိုက်လေတော့သည် မဟုတ်ပါလား။

---

သေမင်းတောင်ကြား....။

အဘယ်ကြောင့် သေမင်းတောင်ကြားဟု အမည်ပေးထားကြောင်းကို သန်းဥက မသိပါ။

သို့သော် သေမင်းတောင်ကြားဟု အမည်ပေးထားခြင်းကြောင့် ဤတောင်ကြားသည် အန္တရာယ်ရှိသော တောင်ကြားတစ်ခုဖြစ်ကြောင်း သန်းဥက နားလည်လိုက်၏။

မည်သို့ပင်ဖြစ်ပါစေ သူသည် ထိုသေမင်းတောင်ကြားထဲသို့ ဝင်ရောက်လာခဲ့ပြီဖြစ်၏။

ယခု သူသည် သေမင်းတောင်ကြားထဲ၌ ခရီးတစ်ဝက်ကျိုး



နေပြီဖြစ်၏။

သို့သော် မည်သည့်အန္တရာယ်မျှ မကြုံတွေ့ရသေးပါ။

သူသည် ရှေ့သို့ဆက်၍လျှောက်ရင်း ရုတ်တရက် ခြေလှမ်းကို ရပ်တန့်လိုက်၏။ ပြီးမှ သူသည် နောက်သို့တစ်ချက် ပြန်လှည့်ကြည့်လိုက်၏။

သေမင်းတောင်ကြားထဲမှ လမ်းသည် အလွန်ကြမ်းတမ်းပြီး ကျဉ်းမြောင်း၏။

ထို့အပြင် မည်မျှ ရှည်လျားကြောင်းကိုလည်း သူက မသိပါ။

ထို့ကြောင့် ရှေ့သို့ဆက်၍သွားရန် သင့်မသင့် စဉ်းစားလိုက်၏။

ထိုစဉ် အနီရောင်အရိပ်တစ်ရိပ်သည် လေထဲ၌ဝဲပျံကာ သူ၏ရှေ့သို့ ရောက်ရှိလာ၏။

ထို့ကြောင့် သန်းဥသည် ထိတ်လန့်သွားပြီး အနီရောင်အရိပ်ကို ကြည့်လိုက်၏။

အနီရောင်အရိပ်မှာ မိန်းကလေးတစ်ယောက်ဖြစ်၏။(၁၈)နှစ် (၁၉)နှစ်အရွယ် မိန်းကလေးဖြစ်၏။

အသားအရေဖြူဖွေးပြီး မျက်လုံးမျက်ဖန်ကောင်းကာ ချောမောလှပသော မိန်းကလေးဖြစ်၏။

သူမသည် အနီရောင်ဂါဝန်ကို ဝတ်ဆင်ထား၏။

သူမ၏မျက်နှာကို အနီရောင်ဇာပဝါဖြင့် မျက်လုံးကိုဖော်၍ ဖုံးအုပ်ထား၏။

မည်သို့ပင် ဖြစ်ပါစေ ဖုံးထားသော ဇာပဝါက အလွန်ပါးလွှာသဖြင့် သူမ၏ နှင်းဆီဖူးငုံကဲ့သို့ဖြစ်နေသော နှုတ်ခမ်းကိုပါ မြင်ရ

၏။

သန်းဥက မျက်မှောင်ကိုမသိမသာ ကြုတ်လိုက်ပြီး....

"မင်းက ဘယ်သူလဲ"

ဟု မေးလိုက်၏။

မိန်းကလေးက သန်းဥရဲ့အမေးကိုမဖြေဘဲ....

"ရှင်က မရဏာတမန်တော်လား"

ဟု မေးလိုက်၏။

သန်းဥက....

"ကျုပ်နာမည်က သန်းဥပါ"

ဟု ပြောလိုက်၏။

မိန်းကလေးက မျက်မှောင်ကြုတ်ကာ....

"ဒါဆို ကျွန်မ လူမှားသွားပြီထင်တယ်"

ဟု ပြောလိုက်၏။

သန်းဥက....

"လူမမှားဘူး"

ဟု ပြောလိုက်၏။

မိန်းကလေးက....

"ဒါဆို ရှင်က မရဏာတမန်တော်လား"

ဟု မေးလိုက်၏။

သန်းဥက....

"ကျုပ်နာမည်က မရဏာတမန်တော် မဟုတ်ဘူး... ဒါပေမယ့် ကျုပ်ကို မရဏာတမန်တော်လို့ ခေါ်ကြတယ်"

ဟု ပြောလိုက်၏။



မိန်းကလေးက ရယ်မောလိုက်ပြီး....

"မရဏာတမန်တော်ဆိုလို့ ကြောက်စရာကောင်းအောင် အရုပ်ဆိုးမယ်ထင်ထားတာ... အခုတော့ ရှင်က လူချောပဲ"

ဟု ပြောလိုက်၏။

သန်းဥက....

"မင်းက ကျုပ်ကိုလာရှာတာလား"

ဟု မေးလိုက်၏။

မိန်းကလေးက ဦးခေါင်းညိတ်ကာ....

"ဟုတ်တယ်...."

သန်းဥက....

"ကျုပ်ကို လက်စားချေဖို့လား"

ဟု မေးလိုက်၏။

မိန်းကလေးက ဦးခေါင်းခါယမ်းကာ....

"မဟုတ်ဘူး...."

သန်းဥက....

"ဒါဖြင့် ဘာလို့ ကျုပ်ကိုလာရှာတာလဲ"

ဟု မေးလိုက်၏။

မိန်းကလေးက....

"ရှင့်ကို ကူညီမလို့"

မိန်းကလေး၏စကားကြောင့် သန်းဥသည် အံ့သြသွားပြီး....

"မင်းက ကျုပ်ကိုကူညီမလို့ ဟုတ်လား"

ဟု ပြန်မေးလိုက်၏။

မိန်းကလေးက ဦးခေါင်းညိတ်လိုက်ပြီး....

"ဟုတ်တယ်... အခု ရှင့်ကိုသတ်မယ့်လူတွေ သေမင်းတောင်ကြားထဲကို ဝင်လာနေပြီ"

ဟု ပြောလိုက်၏။

**မိန်းကလေး၏စကားကြောင့် သန်းဦး**သည် မျက်မှောင်ကြုတ်ကာ....

"**ကျုပ်ကိုသတ်မဲ့လူတွေ** ဟုတ်လား"

ဟု မေးလိုက်၏။

မိန်းကလေးက....

"ဟုတ်တယ်... ကျားနက်ဂိုဏ်းကလူတွေရော ဂူတန်ဂိုဏ်းကလူတွေရောပါတယ်... အများကြီးပဲ"

ဟု ပြောလိုက်၏။

သန်းဦးက သက်ပြင်းချလိုက်ပြီး....

"လာတော့လည်း တွေ့ရတာပေါ့"

ဟု ပြောလိုက်၏။

မိန်းကလေးက....

"ရှင် မကြောက်ဘူးလား"

ဟု မေးလိုက်၏။

သန်းဦးက....

"ကျုပ်က ဘာဖြစ်လို့ ကြောက်ရမှာလဲ"

ဟု ပြန်ပြောလိုက်၏။

မိန်းကလေးက ရယ်မောလိုက်ပြီး....

"ရှင်သတ္တိကတော့ မဆိုးပါဘူး... ဒါပေမယ့် အခု ရှင့်ကို



သတ်မည့်လူ ဘယ်နှစ်ယောက်လောက်ရှိတယ်လို့ ရှင် ထင်သလဲ"

ဟု မေးလိုက်၏။

သန်းဦးက မျက်မှောင်ကြုတ်ကာ....

"ခင်ဗျားက သိလို့လား"

ဟု မေးလိုက်၏။

မိန်းကလေးက လက်နှစ်ချောင်းထောင်ပြကာ....

"လူ(၂၀၀)ကျော်တယ်"

ဟု ပြောလိုက်၏။

မိန်းကလေး၏စကားကြောင့် **သန်းဦးသည် ပါးစပ်ပိတ်သွား**၏။

ယခု သူသည် ယခင်ကကဲ့သို့ **ခန္ဓာကိုယ်ပေါ်**၌ အဆိပ်များရှိနေသော မရဏတမန်တော် မဟုတ်**တော့ပါ**။

ထို့ကြောင့် ရန်သူနှင့်တိုက်ခိုက်**မည်ဆိုပါက မိမိ**ကို ချင်းချင်းက သင်ကြားပေးခဲ့သော သိုင်းပညာနှင့်**သာ ယှဉ်ပြိုင်**တိုက်ခိုက်ရမည် ဖြစ်၏။

ဤသို့ဆိုလျှင် လူ(၂၀၀)ကျော်ကို မိမိ**အနေဖြင့်** ယှဉ်ပြိုင်တိုက်ခိုက်နိုင်ပါမည်လော။ လောလောဆယ်၌ သန်းဦးသည် မသေချာသေးပါ။

ချင်းချင်းကိုပေးခဲ့သော ကတိများအတိုင်း ဆောင်ရွက်ရဦးမည်ဖြစ်၏။

ထို့ကြောင့် သူသည် သေ၍မဖြစ်သေးပါ။ ဤသို့ဆိုလျှင် သူသည် မည်သို့ပြုလုပ်ရမည်နည်း။

ထိုစဉ် မိန်းကလေးက အတွင်းပိုင်းသို့ညွှန်ပြကာ....

"ရှင်... အတွင်းပိုင်းကိုဝင်ပြီး ရှောင်နေရင် ကောင်းမယ်"

ဟု ပြောလိုက်၏။

ထို့နောက် သူမသည် အတွင်းပိုင်းသို့ ပြေးလွှားဝင်ရောက်သွားလေတော့၏။

သန်းဥသည် တောင်ကြား၏အတွင်းပိုင်းသို့ဝင်ပြေးသွားသော မိန်းကလေး၏နောက်ကျောကို ငေး၍ကြည့်နေမိ၏။

သူ၏စိတ်ထဲမှလည်း ထိုမိန်းကလေးသည် မည်သူနည်း။

အဘယ်ကြောင့် မိမိကို ယခုကဲ့သို့ လာရောက်ပြောရသနည်း။

ထိုမိန်းကလေးသည် မိတ်ဆွေလော ရန်သူလော။

မိမိကို တမင်ထောင်ချောက်ဆင်ခြင်းလော စသည်ဖြင့် တွေးကာ ငေးငိုင်နေ၏။

ထိုစဉ်မှာပင် အဝေးမှပြေးလာသော ခြေသံများကို သန်းဥက ကြားလိုက်ရလေတော့သည် မဟုတ်ပါလား။

ဏ ဏ ဏ

လူတစ်စု....။

မီးခိုးရောင်ဝတ်စုံကိုဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက်က ထိုလူစုကို ဦးဆောင်လာ၏။

အဘိုးအိုသည် သန်းဥကို ခြေအဆုံးခေါင်းအဆုံး တစ်ချက်



ကြည့်လိုက်ပြီး....

"မင်းက မရဏတမန်တော်လား"

ဟု မေးလိုက်၏။

သန်းဥက သက်ပြင်းတစ်ချက်ချလိုက်ပြီး....

"လူတိုင်းက ကျုပ်ကို မရဏတမန်တော်လို့ ခေါ်ကြတာပဲ"

ဟု ပြောလိုက်၏။

သန်းဥ၏စကားကြောင့် အဘိုးအိုသည် မျက်မှောင်ကြုတ်ကာ....

"ဒါဖြင့် မင်းက မရဏတမန်တော် မဟုတ်ဘူးပေါ့"

ဟု ပြောလိုက်၏။

ထိုစဉ် လူစုထဲမှ လူတစ်ယောက်က ရှေ့သို့ထွက်လာပြီး....

"အမိန့်တော်ကိုလာလုသွားတာ သူပဲ...ကျွန်တော်ကောင်းကောင်း မှတ်မိတယ်... ဂိုဏ်းချုပ်ကြီး"

ဟု ပြောလိုက်၏။

အဘိုးအိုက ဦးခေါင်းညိတ်ကာ....

"ကျားနက်ဂိုဏ်းက ပတ္တမြားအမိန့်တော်ကို လာယူသွားတာ... ခင်းပဲ မဟုတ်လား"

ဟု သန်းဥက မေးလိုက်၏။

သန်းဥက ဦးခေါင်းညိတ်ကာ....

"ဟုတ်ပါတယ်...."

ဟု ဝန်ခံလိုက်၏။

သန်းဥ၏စကားကြောင့် အဘိုးအိုသည် သန်းဥကို မျက်လုံးပြူး၍ ကြည့်ကာ....

**"ဒါဆို... မင်းက** မရဏတမန်တော်ပေါ့"

ဟု ပြောလိုက်၏။

သန်းဥက....

"ကျုပ်နာမည်က သန်းဥပါ... လူတွေက ကျုပ်ကို မရဏတမန်တော်လို့ ခေါ်ကြတယ်"

ဟု ပြောလိုက်၏။

အဘိုးအိုက လက်ကာပြကာ....

"မင်း ဘယ်သူဖြစ်ဖြစ် အရေးမကြီးဘူး... ငါတို့ကျားနက်ဂိုဏ်းက ယူသွားတဲ့ပတ္တမြားအမိန့်ကို ပြန်ပေးပါ"

ဟု ပြောလိုက်၏။

**သန်းဥက....**

**"ကျွန်တော့်**မှာ မရှိဘူး"

**ဟု** ပြောလိုက်၏။

သန်းဥ၏စကားကြောင့် **အဘိုးအို**သည် မျက်မှောင်ကြုတ်ကာ....

"ဘာကွ... မင်းမှာ **မရှိဘူး...** ဟုတ်လား"

**ဟု မေးလိုက်၏။**

**သန်းဥက ဦးခေါင်းညိတ်**ကာ....

**"ဟုတ်ပါတယ်...."**

**အဘိုးအိုက** ဒေါပွကာ....

"လူလိမ်.... မင်း ယူသွားတာပဲ... မင်းဆီမှာ ရှိရမှာပေါ့"

ဟု ပြောလိုက်၏။

သန်းဥက ဦးညွတ်လိုက်ပြီး....



"ကျွန်တော် တောင်းပန်ပါတယ်... အမှန်တော့ ကျွန်တော်ဟာ လူတစ်ယောက်ရဲ့လိမ်ညာခြင်းကို ခံလိုက်ရတာပါ"

ဟု ပြောလိုက်၏။

အဘိုးအိုက ဦးခေါင်းခါယမ်းလိုက်ပြီး....

"အခုမှ ထမင်းရေပူလျှာလွှဲ မလုပ်နဲ့"

ဟု ပြောလိုက်၏။

သန်းဥက....

"မှန်ပါတယ်... ကျွန်တော်က အပြစ်ကိုကျူးလွန်မိပါတယ်... ဒါကြောင့် ကျွန်တော်ကို အချိန်(၁၀)ရက် ပေးပါ... ကျွန်တော်ကိုယ်တိုင် ပြန်လာပို့ပါ့မယ်"

ဟု ပြောလိုက်၏။

သန်းဥ၏စကားကြောင့် အဘိုးအိုသည် တွေဝေ၍သွား၏။

သူသည် သန်းဥကို မျက်မှောင်ကြုတ်၍ စူးစိုက်ကြည့်လိုက်၏။

သန်းဥ၏အမူအရာသည် အမှန်တကယ် ပြောဆိုနေကြောင်း ပေါ်လွင်နေ၏။

ထို့ကြောင့် အဘိုးအိုသည် တွေဝေသွားခြင်းဖြစ်၏။ သူသည် ကျားနက်ဂိုဏ်း၏ဂိုဏ်းချုပ်ကြီး ဖြစ်၏။

ကျားနက်ဂိုဏ်းသို့ သန်းဥရောက်လာပြီး ပတ္တမြားအမိန့်တော်ကိုယူသွားစဉ်က သူသည် တခြားတစ်နယ်သို့ ရောက်ရှိနေခဲ့၏။

ခရီးမှ ပြန်လာသောအခါ သန်းဥက ကျားနက်ဂိုဏ်းမှ ပတ္တမြားအမိန့်တော်ကိုယူသွားကြောင်း သိရ၏။

ထို့ကြောင့် သူကိုယ်တိုင်ဦးဆောင်၍ သန်းဥကိုလိုက်လံရှာ

ဖွေခဲ့၏။

သို့သော် သန်းဥ၏သတင်းကို မကြားခဲ့ရပါ။ ဤသို့ဖြင့် (၆) လ (၇)လ ကြာသွားခဲ့၏။

သို့သော် သူသည် ဇွဲမလျှော့ဘဲ သန်းဥ၏သတင်းကို စုံစမ်းနေခဲ့၏။

နောက်ဆုံး၌ သန်းဥသည် သေမင်းတောင်ကြားသို့ ဦးတည်၍ သွားနေကြောင်း သတင်းရရှိခဲ့၏။

ထို့ကြောင့် သူသည် သေမင်းတောင်ကြားသို့ လိုက်လာခဲ့ခြင်းဖြစ်၏။

ယခု သန်းဥက(၁၀)ရက်အတွင်း ပတ္တမြားအမိန့်တော်ကို ပြန်၍ ယူပေးမည်ဟု ပြောလာသောကြောင့် မည်သို့ပြုလုပ်ရမှန်းမသိအောင်ဖြစ်ကာ တွေဝေသွား၏။

ထိုစဉ် သူတို့အနီးသို့လူတစ်စု ရောက်လာ၏။

ထိုလူစုကို ဦးဆောင်လာသူမှာ ဂူတန်ဂိုဏ်းချုပ်ကြီးဖြစ်၏။

ဂူတန်ဂိုဏ်းချုပ်ကြီးက သန်းဥကို စူးစိုက်ကြည့်လိုက်ပြီး.....

"ကဲ... သူငယ်... မင်းရဲ့သိုင်းပညာကို ကျုပ် ကြည့်ပါရစေ" ဟု ပြောလိုက်၏။

သူသည် မရဏတမန်တော်နှင့်တိုက်ခိုက်လျှင် မိမိသေဆုံးရ မည်ကို နားလည်၏။

သို့သော် ဂူတန်ဂိုဏ်းအတွက် အသက်ကိုစွန့်ရန် ဆုံးဖြတ်ထားပြီးဖြစ်၏။

လွန်ခဲ့သော(၆)လ (၇)လလောက်က ဂူတန်ဂိုဏ်းသို့ မရဏတမန် ရောက်လာခဲ့၏။



ထို့နောက် ဂူတန်ဂိုဏ်း၏ နဂါးအမိန့်တော်ကို ယူဆောင်သွားခဲ့၏။

ထိုစဉ်က လက်ရွေးစင်သိုင်းသမား (၇)ယောက် သေဆုံးခဲ့ရ၏။

ထို့ကြောင့် ဂိုဏ်းချုပ်ကြီးက ဂိုဏ်းသားများ၏အသက်ကို ငဲ့ညှာ ကာ နဂါးအမိန့်ကိုပေးလိုက်ရခြင်းဖြစ်၏။

ထိုကိစ္စနှင့်ပတ်သက်၍ ဂူတန်ဂိုဏ်းထဲ၌ ဝေဖန်ပြောဆိုနေကြပြီး နောက်ဆုံး၌ ဂူတန်ဂိုဏ်းသည် ပျက်စီးမည့်အခြေအနေသို့ ရောက်လာ၏။

ထို့ကြောင့် နောက်ဆုံး၌ ဂူတန်ဂိုဏ်းချုပ်ကြီးသည် ဆုံးဖြတ်ချက်တစ်ခုကိုချလိုက်ပြီး မရဏတမန်တော်ကို လိုက်လံရှာဖွေခဲ့ခြင်းဖြစ်၏။

ဂိုဏ်းချုပ်ကြီးသည် လက်ရွေးစင်သိုင်းသမားအယောက် (၂၀)ကို ရွေးလိုက်၏။

ထို့နောက် သူသည် လွန်ခဲ့သော(၁၀)ရက်ခန့်မှ စ၍ ဂူတန်တောင်ပေါ်မှဆင်းကာ မရဏတမန်တော်ကိုလိုက်လံ ရှာဖွေခဲ့၏။

ထို့ကြောင့် နောက်ဆုံး၌ မရဏတမန်တော်သည် သေမင်းတောင်ကြားသို့ ဦးတည်သွားနေကြောင်း သတင်းရရှိခဲ့၏။

ဤသို့ဖြင့် သူတို့သည် သေမင်းတောင်ကြားသို့ ရောက်လာခဲ့ခြင်းဖြစ်၏။

သန်းဥက ဂူတန်ဂိုဏ်းချုပ်ကြီးကို ရိုသေစွာ ဦးညွတ်၍ ဂါရဝပြုလိုက်ပြီး....

"ကျွန်တော် အပြစ်ပြုမိပါတယ်... ဒါကြောင့် ကျွန်တော့်ကို

အချိန်(၁၀)ရက် ပေးပါ... နဂါးအမိန့်တော်ကို ကျွန်တော်ကိုယ်တိုင် ဂူတန်ဂိုဏ်းကို လာပို့ပေးပါ့မယ်"

ဟု ပြောလိုက်၏။

သန်းဥ၏စကားကြောင့် ဂူတန်ဂိုဏ်းချုပ်ကြီးသည် ကြောင်အမ်းအမ်း ဖြစ်ကာ....

"ဘာပြောတယ်... မင်းကိုယ်တိုင်လာပို့ပေးမယ်... ဟုတ်လား"

ဟု မေးလိုက်၏။

သန်းဥက ဦးခေါင်းညိတ်ကာ....

"ဟုတ်ပါတယ်...."

ဟု ပြောလိုက်၏။

သန်းဥ၏စကားအဆုံး၌ ကျားနက်ဂိုဏ်း၏ဂိုဏ်းချုပ်ကြီးက....

"သူက ကျုပ်ကို အခုလိုပဲ ပြောတယ်"

ဟု ဝင်ရောက်ပြောလိုက်၏။

ဂူတန်ဂိုဏ်းချုပ်ကြီးက မျက်မှောင်ကြုတ်ကာ....

"ဘာဖြစ်လို့ အချိန်(၁၀)ရက် တောင်းရတာလဲ"

ဟု မေးလိုက်၏။

သန်းဥက သက်ပြင်းချလိုက်ပြီး....

"ဒီပစ္စည်းတွေက ကျွန်တော့်ဆီမှာ မရှိလို့ပါ"

ဟု ပြောလိုက်၏။

သန်းဥ၏စကားကြောင့် ဂူတန်ဂိုဏ်းချုပ်ကြီးသည် မျက်လုံးပြူးသွားပြီး....



"ဟေ... ဘယ်လိုဖြစ်တာလဲ... မင်းပဲ ယူသွားတာ... မင်းဆီမှာ ဘာဖြစ်လို့ မရှိတာလဲ"

ဟု မေးလိုက်၏။

ဂူတန်ဂိုဏ်းချုပ်ကြီး၏အမေးကို ကျားနက်ဂိုဏ်းချုပ်ကြီးက ဝင်ရောက်ဖြေပေးလိုက်၏။

"အလိမ်ခံရလို့တဲ့...."

ဂူတန်ဂိုဏ်းချုပ်ကြီးက အံ့သြဟန်ဖြင့် မျက်ခုံးပင့်ကာ....

"အလိမ်ခံရလို့ ဟုတ်လား... မင်းကိုလိမ်ရဲတဲ့လူ ရှိလို့လား"

ဟု သန်းဥကို မေးလိုက်၏။

သန်းဥက သက်ပြင်းချကာ....

"ဒီလိုပါ... ကျွန်တော်မှာ ရောဂါတစ်ခုရှိပါတယ်... ဒီရောဂါကြောင့် ကျွန်တော်ဟာ(၁၀)နှစ်ပဲ အသက်ရှင်မှာဖြစ်ပါတယ်... ဒီရော ဂါရတာ(၉)နှစ် ရှိပါပြီ... ဒါကြောင့် ကျွန်တော်(၁)နှစ်ပဲ အသက်ရှင်မှာပါ"

ဟု ပြောလိုက်၏။

ဂူတန်ဂိုဏ်းချုပ်ကြီးက....

"ဘာရောဂါလဲ"

သန်းဥက....

"ဒါတော့ မပြောပါရစေနဲ့"

ဂူတန်ဂိုဏ်းချုပ်ကြီးက....

"ထားပါတော့... မင်းမှာရောဂါရှိတာနဲ့ ငါတို့ဆီက အမိန့်တော်တွေကို လာယူတာနဲ့ ဘာဆိုင်လို့လဲ"

ဟု ပြောလိုက်၏။

သန်းဥက....

"ဒီလိုပါ... ကျွန်တော်ရောဂါကို နတ်ဆေးသမားတော်ကြီး ကျန်းထိုက်က လွဲပြီး ဘယ်သူမှမကုနိုင်ဘူးလို့ ပြောပါတယ်"

ဟု ပြောလိုက်၏။

ဂူတန်ဂိုဏ်းချုပ်ကြီးက....

"နတ်ဆေးသမားတော်ကြီး သေသွားတာကြာပြီပဲ"

ဟု ပြောလိုက်၏။

သန်းဥက....

"ဟုတ်ကဲ့... ဒါကို ကျွန်တော် သိပါတယ်"

ဟု ပြောလိုက်၏။

ဂူကန်ဂိုဏ်းချုပ်ကြီးက....

"သိတယ်ဆိုပြီ ဘယ်လိုအလိမ်ခံရတာလဲ"

ဟု မေးလိုက်၏။

သန်းဥက....

"ဒီလိုပါ လူတစ်ယောက်က ကျွန်တော်ကိုလာရှာတယ်... သူ့ကိုနတ်ဆေးသမားတော်ကြီးက လွှတ်လိုက်တာလို့ပြောပါတယ်... ကျွန်တော်က နတ်ဆေးသမားတော်ကြီးသေပြီ မဟုတ်လားလို့မေးတော့ သူက နတ်ဆေးသမားတော်ကြီးဟာ မသေဘူး... ဇာတ်မြုပ်နေတာလို့ ပြောပါတယ်... ပြီးတော့ နတ်ဆေးသမားတော်ကြီးက ကျွန်တော့်ကို ပစ္စည်း(၃)မျိုးယူခိုင်းတယ်... အဲဒီပစ္စည်း(၃)မျိုးကိုရရင် ကျွန်တော့်ကို ဆေးကုပေးမယ်လို့ ပြောပါတယ်"

ဟု ပြောလိုက်၏။

ကျားနက်ဂိုဏ်းချုပ်ကြီးက....



"ငါတို့ရဲ့အမိန့်တော်တွေကို ယူခိုင်းတာလား"

ဟု မေးလိုက်၏။

သန်းဥက ဦးခေါင်းညိတ်ကာ....

"ဟုတ်ပါတယ်... ကျားနက်ဂိုဏ်းက ပတ္တမြားအမိန့်တော်ရယ် ဂူတန်ဂိုဏ်းက နဂါးအမိန့်တော်ရယ်... ပြီးတော့ ခွန်လွန်ဂိုဏ်းက ဂိုဏ်းချုပ်အမိန့်တော်ပါ"

ဂူတန်ဂိုဏ်းချုပ်ကြီးက....

"ဒီပစ္စည်းတွေဟာ ကျုပ်တို့ဂိုဏ်းအတွက် ဘယ်လောက်အရေးပါတယ်ဆိုတာ... မင်းက မသိဘူးလား"

ဟု မေးလိုက၏။

သန်းဥက....

"အဲဒီတုန်းက မသိပါဘူး... ကျွန်တော့်က ရောဂါကိုပျောက်ချင်တဲ့စိတ်ပဲ ရှိတယ်"

ဟု ပြောလိုက်၏။

ဂူတန်ဂိုဏ်းချုပ်ကြီးက လေပူတစ်ချက်မှုတ်ထုတ်ကာ....

"ဟူး... မင်းက နည်းနည်းလေတောင် သံသယမဖြစ်မိဘူးလား"

ဟု ပြောလိုက်၏။

သန်းဥက....

"အဲဒီအချိန်မှာ ကျွန်တော်ဟာ ကျွန်တော့်ရဲ့ရောဂါကို ပျောက်ချင်တာကလွဲပြီး ဘာမှမစဉ်းစားမိဘူး"

ဟု ပြောလိုက်၏။

ကျားနက်ဂိုဏ်းချုပ်ကြီးက....

"ထားပါတော့… မင်းကိုလိမ်သွားတဲ့လူက ဘယ်သူလဲ"

ဟု မေးလိုက်၏။

သန်းဥက ဦးခေါင်းခါယမ်းကာ….

"မသိဘူး…."

ဟု ပြောလိုက်၏။

သန်းဥ၏စကားကြောင့် ဂူတန်ဂိုဏ်းချုပ်ကြီးနှင့်ကျားနက်ဂိုဏ်းချုပ်ကြီးသည် တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်လိုက်မိ၏။

ပြီးမှ ဂူတန်ဂိုဏ်းချုပ်ကြီးက….

"မင်းကိုလိမ်သွားတဲ့လူကို ဘယ်သူမှန်းမသိဘူး… ဟုတ်လား"

ဟု မေးလိုက်၏။

သန်းဥကို ဦးခေါင်းညိတ်ကာ….

"ဟုတ်ပါတယ်"

ဂူတန်ဂိုဏ်းချုပ်ကြီးက မျက်မှောင်ကြုတ်ကာ….

"ကိုယ့်ကိုလိမ်သွားတဲ့လူက ဘယ်သူဘယ်ဝါဆိုတာ မသိရအောင် မင်းက အရူးလား"

ဟု ပြောလိုက်၏။

သန်းဥက သက်ပြင်းချလိုက်ပြီး….

"ဟုတ်ပါတယ်… ကျွန်တော်ဟာ အတော်ကို အသုံးမကျခဲ့ပါဘူး"

ဟု ပြောလိုက်၏။

ကျားနက်ဂိုဏ်းချုပ်ကြီးက မျက်မှောင်ကြုတ်ကာ….



"မင်းကိုလိမ်သွားတဲ့လူဟာ ယောကျ်ားလား… မိန်းမလား"

ဟု မေးလိုက်၏။

သန်းဥက….

"မိန်းကလေးပါ…."

ဂူတန်ဂိုဏ်းချုပ်ကြီးက….

"ဒါကြောင့် မင်းက အလိမ်ခံလိုက်တာကို"

ဟု ပြောလိုက်၏။

သန်းဥက….

"ဟို… ဟို… မိန်းကလေးဖြစ်လို့ သူ့စကားကိုယုံတာ မဟုတ်ပါဘူး… ကျွန်တော့်ရဲ့ ရောဂါပျောက်မယ်ဆိုလို့ပါ"

ဟု ပြောလိုက်၏။

ကျားနက်ဂိုဏ်းချုပ်ကြီးက….

"သူ့နာမည်က ဘယ်သူလဲ"

ဟု မေးလိုက်၏။

သန်းဥက ဦးခေါင်းခါယမ်းကာ….

"မသိဘူး…."

ကျားနက်ဂိုဏ်းချုပ်ကြီးက….

"မင်းက သူ့နာမည်ကို မမေးလိုက်ဘူးလား"

ဟု ပြောလိုက်၏။

သန်းဥက ဦးခေါင်းညိတ်ကာ….

"ဟုတ်ကဲ့… မမေးလိုက်မိဘူး"

ဟု ပြောလိုက်၏။

ဂူတန်ဂိုဏ်းချုပ်ကြီးက….

"ပုံပန်းသဏ္ဌာန်ရော မှတ်မိလား"

ဟု မေးလိုက်၏။

သန်းဥက ဦးခေါင်းညိတ်ကာ....

"ဟုတ်ကဲ့... မှတ်မိပါတယ်"

ဟု ပြောကာ မိန်းကလေး၏ပုံပန်းသဏ္ဌာန်ကို ပြောပြလိုက်၏။

ဂူတန်ဂိုဏ်းချုပ်ကြီးနှင့် ကျားနက်ဂိုဏ်းချုပ်ကြီးတို့သည် တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်လိုက်၏။

သူတို့သည် သန်းဥပြောပြသောမိန်းကလေးကို မသိပါ။

ထို့ကြောင့် သူတို့သည် မျက်မှောင်ကြုတ်ကာ သန်းဥကို စူးစိုက်ကြည့်လိုက်၏။

သန်းဥက သူတို့နှစ်ယောက်ကို ဦးညွှတ်လိုက်ပြီး....

"ကျွန်တော့်ကိုယုံပါ (၁၀)ရက်အတွင်း ပစ္စည်းတွေကို ကျွန်တော်ကိုယ်တိုင် လာပို့ပေးပါ့မယ်"

ဟု ပြောလိုက်၏။

ကျားနက်ဂိုဏ်းချုပ်ကြီးက....

"မင်းစကားကို ကျုပ်တို့က ဘယ်လိုယုံရမှာလဲ"

ဟု ပြောလိုက်၏။

သန်းဥက....

"ကျွန်တော့် အသက်နဲ့အာမခံပါတယ်"

ဟု ပြောလိုက်၏။

ထိုစဉ် လူစုထဲမှ တစ်ယောက်က....

"ဟာ... မီး... မီးလောင်နေတယ်"



ဟု အော်ဟစ်သံကြောင့် တောင်ကြားထဲလူများသည် ရုတ်ရုတ်သဲသဲ ဖြစ်သွား၏။

ဂူတန်ဂိုဏ်းချုပ်ကြီးနှင့် ကျားနက်ဂိုဏ်းချုပ်ကြီးတို့သည် နောက်သို့ ပြိုင်တူလှည့်ကြည့်လိုက်၏။

တောင်ကြား၏အဝင်ဝ၌ မီးတောက်မီးလျှံများကို တွေ့ရ၏။

ထိုစဉ် လူတစ်ယောက်ပြေးလာပြီး ဂူတန်ဂိုဏ်းချုပ်ကြီးအား....

"ဂိုဏ်းချုပ်ကြီး... မကောင်းတော့ဘူး"

ဟု ပြောလိုက်၏။

ဂူတန်ဂိုဏ်းချုပ်ကြီးက....

"ဘာ မကောင်းတာလဲ"

ဟု ပြန်မေးလိုက်၏။

ထိုလူက....

"ကြိုးတံတားလည်း မီးလောင်ပြီးပြတ်သွားပြီ တောင်ပေါ်ကနေ မီးလုံးကြီးတွေ တစ်ခုပြီးတစ်ခု ကျလာတယ်"

ထိုလူ၏စကားကြောင့် ဂူတန်ဂိုဏ်းချုပ်ကြီးသည် မျက်စိမျက်နှာပျက်သွားပြီး ရုတ်တရက် သန်းဥကိုကြည့်ကာ....

"မင်း အကြံ ဒါ အကုန်ပဲလား"

ဟု မေးလိုက်၏။

ဂူတန်ဂိုဏ်းချုပ်၏စကားကြောင့် သန်းဥသည် မျက်လုံးပြူးသွားပြီး....

"ဗျာ...."

ဟု ရေရွတ်လိုက်၏။

ဂူတန်ဂိုဏ်းချုပ်ကြီးက....

"မင်းက ငါတို့ကို ဒီတောင်ကြားထဲ မျှားခေါ်ပြီး မီးနဲ့တိုက်ခိုက်တာပေါ့ ဟုတ်လား"

ကျားနက်ဂိုဏ်းချုပ်ကြီးက ဂူတန်ဂိုဏ်းချုပ်ကြီး၏လက်ကို လှမ်းဆွဲလိုက်ပြီး....

"ဒါဆို သူဟာ အတော်အသုံးမကျတဲ့ လူဖြစ်သွားမှာပေါ့"

ဟု ဝင်ရောက်ပြောလိုက်၏။

ဂူတန်ဂိုဏ်းချုပ်ကြီးက မျက်မှောင်ကြုတ်ကာ....

"ဘာဖြစ်လို့လဲ"

ဟု မေးလိုက်၏။

ကျားနက်ဂိုဏ်းချုပ်ကြီး....

"ဒီလိုလုပ်ရင် သူလည်း ဘယ်လိုလုပ်ပြီးပြေးလို့ လွတ်မလဲ"

ဟု ပြောလိုက်၏။

ကျားနက်ဂိုဏ်းချုပ်ကြီး၏စကားကြောင့် ဂူတန်ဂိုဏ်းချုပ်ကြီးသည် တွေဝေ၍သွား၏။

ထို့အပြင် သန်းဥ၏အပြောအဆိုနှင့် အမူအရာတို့မှာ အလွန် ရိုးသားသော လူငယ်တစ်ယောက်ဖြစ်ကြောင်း မြင်ရုံဖြင့် သိနိုင်၏။

ထို့ကြောင့် ဂူတန်ဂိုဏ်းချုပ်ကြီးသည် သက်ပြင်းချလိုက်ပြီး သူ၏လူတချို့ကို တောင်ကြားဝသို့သွားရောက်ကာ အခြေအနေ ကြည့်ခိုင်းလိုက်၏။

ထိုစဉ် သန်းဥသည် အနီရောင်မိန်းကလေး ပြေးဝင်သွားခဲ့



သော တောင်ကြား၏အတွင်းပိုင်း တစ်ချက်လှမ်းကြည့်လိုက်၏။

ပြီးမှ နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး....

"အားလုံးပဲ... ဒီဘက်ကို လာကြပါ"

ဟု အော်ဟစ်၍ ပြောလိုက်၏။

ထို့နောက် သူကိုယ်တိုင် တောင်ကြား၏အတွင်းပိုင်းသို့ ပြေးဝင်သွားလေတော့သည် မဟုတ်ပါလား။

ψ ψ ψ

လေက တိုက်ခတ်လာ၏။

တောင်ကြားထဲသို့တိုက်ခတ်လာခြင်း ဖြစ်၏။

ထို့ကြောင့် တောင်ကြားဝမှ မီးတောက်မီးလျှံများသည် တောင်ကြားတစ်လျှောက်ယောင်ကျွမ်းပြီး အတွင်းဘက်သို့ တဖြည်းဖြည်း ရောက်လာ၏။

ဂူတန်ဂိုဏ်းချုပ်ကြီးနှင့် ကျားနက်ဂိုဏ်းချုပ်ကြီးတို့သည် တဖြည်းဖြည်းအတွင်းဘက်သို့ လိုက်၍လောင်ကျွမ်းလာသော မီးတောက်မီးလျှံများကို အတန်ကြာအောင် ငေးကြည့်နေမိ၏။

အတန်ကြာမှ သူတို့သည် မိမိ၏တပည့်များကို လက်ဝေ့ယမ်းပြကာ သန်းဥ၏နောက်သို့ ပြေး၍ လိုက်သွားကြလေတော့၏။

သန်းဥသည် တောင်ကြား၏အတွင်းဘက်သို့ရောက်သော အခါ ခြေလှမ်းရပ်တန့်သွား၏။

အကြောင်းမှာ ဆက်၍ပြေးရန် လမ်းမရှိသောကြောင့်ဖြစ်၏။ ယခု သူ၏ရှေ့၌ ကျောက်နံရံတစ်ခုက ပိတ်ဆို့နေ၏။

ကျောက်နံရံက မတ်စောက်ပြီး မြင့်မား၏။

ထို့ကြောင့် ကျောက်နံရံပေါ်သို့ တွယ်တက်ရန်ပင် မလွယ်ကူပါ။ သန်းဥသည် ခြေလှမ်းရပ်တန့်လိုက်ပြီး ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်၏။

သူ၏ပတ်ဝန်းကျင်၌ မည်သူမျှ မရှိပါ။

မိမိ၏ရှေ့မှ ဝင်ရောက်သွားခဲ့သောအနီရောင်မိန်းကလေး၏ အရိပ်အရောင်ပင် မတွေ့ရပါ။

ထို့ကြောင့် သန်းဥသည် မျက်မှောင်ကြုတ်လိုက်မိ၏။

ထွက်ပေါက်မရှိသော တောင်ကြားအတွင်းပိုင်းသို့ဝင်ရောက်သွားခဲ့သော အနီရောင်မိန်းကလေးသည် မည်သည့်နေရာသို့ ရောက်ရှိသွားသနည်း။

ထိုစဉ် ဂူတန်ဂိုဏ်းချုပ်ကြီးနှင့် ကျားနက်ဂိုဏ်းချုပ်ကြီးတို့သည် သန်းဥ၏အနီးသို့ ရောက်လာ၏။

သူတို့သည် ထွက်ပေါက်မရှိသောအဖြစ်ကို ကြည့်ပြီး....

"ဟော့... သူငယ် ထွက်ပေါက်မရှိပါလား"

ဟု ဂူတန်ဂိုဏ်းချုပ်ကြီးက ပြောလိုက်၏။

သန်းဥက ဘာမျှမပြောပါ။

ကျားနက်ဂိုဏ်းချုပ်ကြီးက သန်းဥကို မျက်မှောင်ကြုတ်ကြည့်ကာ....

"ထွက်ပေါက်မရှိတဲ့နေရာကို မင်းက ဘာဖြစ်လို့ခေါ်လာတာလဲ"

ဟု ပြောလိုက်၏။

ထိုစဉ် သန်းဥသည် မြေပေါ်၌ ပဝါအနီရောင်ကျနေသည်ကို



တွေ့လိုက်ရ၏။

ထိုပဝါအနီသည် အနီရောင်မိန်းကလေး၏ပဝါဖြစ်လိမ့်မည်ဟု သန်းဥက တွေးလိုက်၏။

ထို့ကြောင့် သူသည် ပဝါအနီကျနေသောနေရာကို လျှောက်လာပြီး အနီရောင်ပဝါကို မြေပေါ်မှကောက်ယူလိုက်၏။

သန်းဥက မြေပေါ်မှအနီရောင်ပဝါကို ကောက်ယူလိုက်သောအခါ အနီရောင်ပါဝ၏တစ်ဘက်အစကို သံကွင်းတစ်ခု၌ ချည်ထားကြောင်း တွေ့လိုက်ရ၏။

ထို့ကြောင့် သန်းဥသည် သံကွင်းကိုချည်ထားသောပဝါကို ဖြုတ်ယူလိုက်ပြီး သံကွင်းကို သေချာစွာကြည့်လိုက်ရာ မြေအောက်အံဖုံးတံခါးတစ်ခုဖြစ်ကြောင်း သိလိုက်ရ၏။

ထို့ကြောင့် သန်းဥက သံကွင်းကိုဆွဲ၍မလိုက်ရာ အံဖုံးတံခါးပွင့်သွားပြီး မြေအောက်သို့ဆင်းကာ ဝါးလှေကားတစ်ခုကို တွေ့ရ၏။

သန်းဥက သက်ပြင်းချလိုက်ပြီး မိမိကိုဝိုင်း၍ကြည့်နေသောလူစုကို တစ်ချက်ကြည့်ကာ....

"ဒီမှာ ထွက်ပေါက်"

ဟု ပြောလိုက်၏။

ထို့နောက် သန်းဥသည် လှေကားအတိုင်း အောက်သို့ဆင်းသွားလေတော့သည် မဟုတ်ပါလား။

ဖ ဖ ဖ

ဤနေရာသည် အတန်အသင့်ကျယ်ဝန်းသော မြေအောက်လိုဏ်ဂူခေါင်းတစ်ခု ဖြစ်၏။

သန်းဥသည် မြေအောက်လိုဏ်ဂူခေါင်းကို တစ်ချက်ကြည့်လိုက်၏။

ထိုလိုဏ်ဂူခေါင်းသည် မည်မျှရှည်လျားကြောင်း သန်းဥမသိပါ။

ထို့အပြင် ထိုလိုဏ်ခေါင်းသည် ထွက်ပေါက်တစ်ခု ဟုတ်မဟုတ်ကိုလည်း သန်းဥမသိပါ။

မည်သို့ပင်ဖြစ်ပါစေ သူသည် ထိုလိုဏ်ခေါင်းအတိုင်း ရှေ့သို့ဆက်လျှောက်ရန် ဆုံးဖြတ်လိုက်၏။

ယခု သန်းဥသည် ရှေ့မှသွားနေ၏။

ဂူတန်ဂိုဏ်းချုပ်ကြီးနှင့် ကျားနက်ဂိုဏ်းချုပ်ကြီးတို့က သန်းဥ၏နောက်မှ လိုက်လာ၏။

သူတို့၏နောက်မှ ဂိုဏ်းသားများက စုရုံး၍လိုက်လာ၏။



လိုဏ်ခေါင်းက ရှည်လျားပြီး အချိုးအကွေ့များ၏။

စုစုပေါင်း အချိုးအကွေ့(၉)ခုကို ချိုးကွေ့ပြီးသောအခါ အလင်းရောင်ကိုတွေ့လိုက်ရ၏။

အလင်းရောင်ကိုတွေ့လိုက်ရသောကြောင့် ဂူတန်အဖွဲ့သားများနှင့် ကျားနက်အဖွဲ့သားများသည် ဝမ်းသာသွားကြ၏။

သူတို့သည် အလင်းရောင်တွေ့ရာသို့ အပြေးအလွှားရောက်လာကြ၏။

ထိုနေရာသို့ရောက်သောအခါ အပေါ်သို့တက်သော ဝါးလှေကားတစ်ခုကို တွေ့ရ၏။

ထိုလှေကားအဆုံး၌ အံဖုံးတံခါးတစ်ခုရှိ၏။

ထိုအံဖုံးတံခါး၏လက်ကိုင် သံကွင်း၌ အနီရောင်ပဝါတစ်စကို ချည်ထား၏။

သန်းဥသည် အနီရောင်ပဝါကိုဖြုတ်ယူလိုက်ပြီး အံဖုံးတံခါးကို လက်ဖြင့် တွန်းတင်လိုက်ရာ ပြင်ပမှ အလင်းရောင်ဝင်ရောက်လာ၏။

ယခု သူတို့သည် လိုဏ်ခေါင်းထဲမှ ထွက်လာခဲ့ပြီးဖြစ်၏။

သန်းဥသည် သစ်ပင်တစ်ပင်၏ခြေရင်း၌ ထိုင်ချလိုက်၏။

ထို့နောက် သူ၏လက်ထဲမှ အနီရောင်ပဝါစ နှစ်စကို ငေး၍ကြည့်နေ၏။

သူ၏စိတ်ထဲမှလည်း ထိုအနီရောင်မိန်းကလေးသည် မည်သူနည်း။ မိမိကို အဘယ်ကြောင့် ကူညီရသနည်းဟု တွေးနေ၏။

ထိုစဉ် သူ၏ရှေ့သို့ ခြေထောက်နှစ်စုံ ရပ်လာ၏။

ခြေထောက်တစ်စုံမှာ ဂူတန်ဂိုဏ်းချုပ်ကြီး၏ ခြေထောက်

ဖြစ်၏။ ကျန်ခြေထောက်တစ်စုံမှာ ကျားနက်ဂိုဏ်းချုပ်ကြီး၏ ထောက်ဖြစ်၏။

သန်းဉက သူတို့ကို မော့ကြည့်လိုက်၏။

သူတို့က သန်းဉကို မရယ်မပြုံးဘဲ တစ်ချက်ကြည့်လိုက် ဂူတန်ဂိုဏ်းချုပ်ကြီးက....

"မင်းရဲ့ကတိအတိုင်း(၁၀)ရက် ပြည့်ရင်... ငါတို့ရဲ့ပစ္စည်း လာပို့ပါ"

ဟု ပြောလိုက်၏။

သန်းဉက ထိုင်ရာမှ ထလိုက်ပြီး ဂိုဏ်းချုပ်ကြီးနှစ်ယော ကို ဂါရဝပြုလိုက်၏။

ပြီးမှ....

"စိတ်ချပါ... ကျွန်တော်ကိုယ်တိုင် လာပို့ပေးပါ့မယ်"

ဟု ကတိပေးလိုက်၏။

ကျားနက်ဂိုဏ်းချုပ်ကြီးက....

"တကယ်လို့ မင်းမှာ အခက်အခဲရှိရင်... ကျုပ်တို့ဆီကို ခဲ့... ကျုပ်တို့ ကူညီမယ်"

ဟု ပြောလိုက်၏။

ထို့နောက် သူတို့သည် သန်းဉကို နှုတ်ဆက်ကာ ထိုနေ ထွက်ခွာသွားလေတော့၏။

သန်းဉသည် ဂိုဏ်းချုပ်ကြီးနှစ်ယောက်၏နောက်ကျေ ငေးကြည့်နေ၏။

အတန်ကြာသောအခါ ဂူတန်အဖွဲ့သားများနှင့် ကျား အဖွဲ့သားများသည် ထိုနေရာ၌ မရှိတော့ပါ။



ထိုနေရာ၌ သန်းဉတစ်ယောက်တည်းသာ ကျန်ခဲ့တော့၏။

သန်းဉသည် အတန်ကြာအောင်ရပ်နေပြီးမှ သက်ပြင်းချ လိုက်၏။

သူသည် ကျားနက်ဂိုဏ်းနှင့်ဂူတန်ဂိုဏ်းတို့မှ ပစ္စည်းကို (၁၀)ရက်အတွင်း ပြန်၍ ယူပေးမည်ဟု ကတိပေးခဲ့၏။

သို့သော် ထိုပစ္စည်းကိုပြန်ရအောင် မည်သို့ပြုလုပ်ရမှန်း မ သိသေးပါ။

အကြောင်းမှာ သူထံမှ ပစ္စည်းကိုယူဆောင်သွားသော မိန်း ကလေးသည် မည်သူမည်ဝါဖြစ်ကြောင်း မသိသောကြောင့် ဖြစ်၏။

သို့သော် စိတ်ရှိလျှင် မည်မျှကြီးမားသောတောင်ကိုမဆို လိုရာသို့ရွှေ့နိုင်သည်ဟူသောစကားအတိုင်း ထိုမိန်းကလေးကိုမတွေ့ တွေ့အောင်ရှာမည်ဟု ဆုံးဖြတ်လိုက်လေတော့သည် မဟုတ်ပါ လား။

ᯙ ᯙ ᯙ

မိုးက တဖွဲဖွဲရွာနေ၏။

တဖွဲဖွဲရွာနေသော မိုးရေများအောက်၌ သန်းဉသည် လမ်း အတိုင်း လျှောက်လာခဲ့၏။

မကြာမီ လမ်းဘေးမှ ထမင်းဆိုင်တစ်ဆိုင်ကိုတွေ့ရ၏။

ထမင်းဆိုင်ကိုတွေ့ရသောအခါမှ သန်းဉသည် ဗိုက်ဆာလာ

၏။

ထို့ကြောင့် သန်းဥသည် ထိုဆိုင်၌ ထမင်းဝင်စားရန် ဆုံးဖြတ်လိုက်ပြီး ထမင်းဆိုင်ထဲသို့ ဝင်ရောက်လိုက်၏။

ခနီမိုး ထရံကာထားသော ထမင်းဆိုင်ဖြစ်၏။

ဆိုင်ထဲ၌ စားပွဲ(၃)လုံးမျှသာ ရှိ၏။

ရှာနီချုပ်စပ်မှ ဤနေရာတွင် လာရောက်၍ ထမင်းဆိုင်ဖွင့်ထားဟန် တူ၏။

ထမင်းဆိုင်ထဲ၌ လူရှင်းနေ၏။

ထမင်းဆိုင်ပိုင်ရှင် အမျိုးသမီးကြီးတစ်ယောက် စားပွဲထိုးတစ်ယောက်နှင့် ထမင်းစားသောက်နေသောလူတစ်ယောက်သာ ရှိ၏။

ထမင်းစားသောက်နေသောလူသည် ဦးခေါင်းပေါ်၌ဝါးခမောက် တစ်လုံးဆောင်းထား၏။

သူ၏အနီး၌ ငါးမျှားတံတစ်ချောင်းကိုစားပွဲ၌ မှီ၍ ဆောင်ထား၏။

စားပွဲထိုးကလေးက သန်းဥကို တစ်ချက်လှမ်းကြည့်လိုက်၏။

သန်းဥ၏အဝတ်အစားများက ညစ်ပတ်ပေရေနေ၏။

ထို့အပြင် သန်းဥ၏ပုံပန်းသဏ္ဍာန်က သူဖုန်းစားတစ်ယောက်ထက်ပင် အခြေအနေဆိုးနေ၏။

ထို့ကြောင့် စားပွဲထိုးသည် သန်းဥကို ပျာပျာသလဲ ဆီးကြိုခြင်း မပြုပါ။

သန်းဥက စားပွဲလွတ်တစ်လုံး၌ ဝင်ထိုင်လိုက်ပြီး စားပွဲထိုး



ကို လှမ်းခေါ်လိုက်၏။

စားပွဲထိုးက စိတ်ပျက်ဟန်ဖြင့် ဦးခေါင်းခါယမ်းလိုက်ပြီး သန်းဥထံသို့ လျှောက်လာ၏။

သန်းဥက ထမင်းနှင့်ဟင်းတစ်ပွဲ မှာလိုက်၏။

စားပွဲထိုးက သက်ပြင်းချကာ....

"စိတ်မရှိပါနဲ့... ကျွန်တော်တို့ဆိုင်က ငွေလက်ငင်းနဲ့ပဲ ရောင်းပါတယ်"

ဟု ပြောလိုက်၏။

စားပွဲထိုး၏စကားကြောင့် သန်းဥသည် ကြောင်အမ်းအမ်းဖြစ်ကာ....

"ငါက အလကားစားမယ်လို့ ပြောလို့လား"

ဟု မေးလိုက်၏။

ထို့နောက် သန်းဥက ငွေစတစ်စကို စားပွဲပေါ်သို့ တင်လိုက်၏။

စားပွဲပေါ်မှ ငွေစကိုမြင်တွေ့သောအခါမှ စားပွဲထိုးသည် ပျာပျာသလဲဖြစ်ကာ သန်းဥအတွက် ထမင်းနှင့်ဟင်းလျာများကို သွား၍ ယူဆောင်ပေး၏။

ထိုစဉ် ဝါးခမောက်ဆောင်းထားသောလူသည် ကျသင့်ငွေကိုရှင်းပြီး ထမင်းဆိုင်ထဲမှ ထွက်သွားလေတော့၏။

သူသည် ထမင်းဆိုင်မှမထွက်မီ သန်းဥကို တစ်ချက်မျှ စူးစိုက်ကြည့်သွား၏။

ဝါးခမောက်ဆောင်းထားသောလူက မိမိကို စူးစိုက်၍ကြည့်သွားကြောင်း သန်းဥက သတိမပြုမိပါ။

အကြောင်းမှာ သူသည် ထမင်းကိုအားရပါးရ စားနေသောကြောင့်ပင် ဖြစ်၏။

သူသည် လက်ငါးချောင်းတောင်ပေါ်မှ ဆင်းလာပြီးနောက် မစားမသောက် မရပ်မနားဘဲ (၂)ရက်ကျော် ဦးတည်ရာမဲ့ ခရီးနှင်လာခဲ့၏။

ထိုအချိန်က သူ၏စိတ်သည် အလွန်လေးလံ ထိုင်းမှိုင်းနေပြီး အားကိုးရာ ကင်းမဲ့နေသူတစ်ယောက်ကဲ့သို့ အားငယ်စိတ်ဖြစ်ပေါ်နေခဲ့၏။

တစ်ဆက်တည်းမှာပင် ချင်းချင်းအတွက် ဝမ်းနည်းကြေကွဲမှုလည်း ဖြစ်နေခဲ့၏။

ထို့ကြောင့် သူသည် မစားမသောက် မရပ်မနားဘဲ ခြေဦးနှင့်ဒူးတည့်ရာသို့ ဦးတည်ရာမဲ့ လျှောက်နေခဲ့ခြင်းဖြစ်သည် မဟုတ်ပါလား။

ယခုမှ သူသည် အလွန်ဆာလောင်မွတ်သိပ်နေသဖြင့် ထမင်းကို အားရပါးရ စားသောက်နေခြင်းဖြစ်၏။

ထမင်းစားသောက်ပြီးသောအခါ သူသည် ထမင်းဆိုင်ထဲမှ ထွက်လာခဲ့၏။

ထို့နောက် သူသည် လမ်းအတိုင်း ဆက်၍လျှောက်လာ၏။

အတန်ကြာသောအခါ လမ်းလယ်၌ လူတစ်ယောက်ရပ်နေသည်ကို တွေ့ရ၏။

ထိုလူသည် ဝါးခမောက်ကို ဆောင်းထား၏။

ထိုလူ၏လက်ထဲ၌ ငါးမျှားတံတစ်ချောင်းကို ကိုင်ထား၏။

ထိုလူက လမ်းကိုပိတ်၍ ရပ်နေသောကြောင့် သန်းဥသည်



သို့ဆက်၍သွားမရဖြစ်ကာ ခြေလှမ်းကိုရပ်တန့်လိုက်ရ၏။

ဝါးခမောက်ဆောင်းထားသောလူက သန်းဥကို ခြေအဆုံးခေါင်းအဆုံးတစ်ချက် ကြည့်လိုက်ပြီး....

"မင်းက မရဏတမန်လား"

ဟု မေးလိုက်၏။

သန်းဥက သက်ပြင်းချကာ....

"ကိစ္စရှိလို့လား"

ဟု မေးလိုက်၏။

ဝါးခမောက်ဆောင်းထားသောလူက....

"အင်း...."

သန်းဥက....

"ကျုပ်နဲ့ ဘယ်လိုရန်ငြိုးရှိလဲ"

ဟု မေးလိုက်၏။

ဝါးခမောက်ဆောင်းထားသောလူက....

"မရှိဘူး"

သန်းဥက...

"ဒါဖြင့် ဘာဖြစ်လို့ လမ်းကိုပိတ်ပြီး ရပ်နေရတာလဲ"

ဟု မေးလိုက်၏။

ဝါးခမောက်ဆောင်းထားသောလူက....

"မင်းကို တွေ့ချင်လို့ စောင့်နေတာ"

ဟု ပြောလိုက်၏။

သန်းဥက မျက်နှာရှုံ့မဲ့လိုက်ပြီး....

"ရန်ငြိုးလည်း မရှိဘူး... ကျုပ်ကိုလည်း တွေ့ချင်တယ်...

ဘာကိစ္စလဲ"

ဟု မေးလိုက်၏။

ဝါးခမောက်ဆောင်းထားသောလူက....

"မင်းရဲ့သံဗူးကလေးကို သတိရသေးလား"

ဟု မေးလိုက်၏။

ဝါးခမောက်ဆောင်းထားသောလူ၏စကားကြောင့် သန်းဥသည် ရေထဲမှရခဲ့သော သံဗူးကို သတိရလာ၏။

ထို့ကြောင့် သူသည် ဝါးခမောက်ဆောင်းထားသောလူကို နားမလည်နိုင်သောမျက်လုံးဖြင့် ကြည့်ကာ....

"သံဗူးက ခင်ဗျားဟာလား"

ဟု ပြန်မေးလိုက်၏။

ဝါးခမောက်ဆောင်းထားသောလူက....

"မဟုတ်ဘူး"

သန်းဥက....

"ဒါဆို ဘာဖြစ်လို့မေးတာလဲ"

ဟု မေးလိုက်၏။

ဝါးခမောက်ဆောင်းထားသောလူက....

"ဒီသံဗူးကိုလုသွားတဲ့လူဟာ တောင်ပင်လယ်ဂိုဏ်းက လူဆိုတာရော မင်းသိလား"

ဟု မေးလိုက်၏။

သန်းဥက ဦးခေါင်းခါယမ်းကာ....

"မသိဘူး"

ဝါးခမောက်ဆောင်းထားသောလူက....



"ဒီသံဗူးထဲမှာပါတဲ့ ပစ္စည်းကိုရော မင်းသိလား"

ဟု မေးလိုက်၏။

သန်းဥက....

"နဂါးစိမ်းအမိန့်ဆိုတာတော့ သိတယ်... ဒါတောင် လျှိုအဘိုးအို ပြောခဲ့လို့သိတာ"

ဟု ပြောလိုက်၏။

ဝါးခမောက်ဆောင်းထားသောလူက....

"မင်းအနေနဲ့ အဲဒီလူဆီက သံဗူးကိုပြန်တောင်းဖို့ တာဝန်ရှိတာပေါ့"

ဟု ပြောလိုက်၏။

သန်းဥက မျက်မှောင်ကြုတ်ကာ....

"သံဗူးကိုပြန်တောင်းရမယ် ဟုတ်လား"

ဝါးခမောက်ဆောင်းထားသောလူက....

"ဒါပေါ့ အခု သူတို့ ကြယ်(၃)ပွင့် ကျေးရွာကိုရောက်နေတယ်... မင်းက သူ့ဆီက ပြန်သွားတောင်းပါ"

ဟု ပြောလိုက်၏။

သန်းဥက....

"အခု ကျုပ် မအားသေးဘူး"

ဟု ပြောလိုက်၏။

ဝါးခမောက်ဆောင်းထားသောလူက....

"ဘာဖြစ်လို့လဲ"

ဟု မေးလိုက်၏။

သန်းဥက....

"(၁၀)ရက်အတွင်း ကျားနက်ဂိုဏ်းက ပစ္စည်းနဲ့ဂူတန်ဂိုဏ်းက ပစ္စည်းကို ပြန်ယူပေးမယ်လို့ ဂိုဏ်းချုပ်ကြီးတွေကို ကတိပေးထားတယ်"

ဟု ပြောလိုက်၏။

ဝါးခမောက်ဆောင်းထားသောလူက လေပူတစ်ချက်မှုတ်ထုတ်လိုက်ပြီး....

"မင်းက အရေးကြီးတဲ့အလုပ်ကို ဘာဖြစ်လို့ အရင်မလုပ်တာလဲ"

ဟု ပြောလိုက်၏။

သန်းဥက....

"ကျားနက်ဂိုဏ်းက ပစ္စည်းနဲ့ဂူတန်ဂိုဏ်းက ပစ္စည်းကို ပြန်ယူပေးဖို့ထက် ဘာများအရေးကြီးတာ ရှိရမှာလဲ"

ဟု ပြောလိုက်၏။

ဝါးခမောက်ဆောင်းထားသောလူက....

"ဒီမှာ သူငယ်... မင်းအခုပြောတာထက် သံဗူးကို ပြန်ရဖို့က အရေးအကြီးဆုံးပဲ"

ဟု ပြောလိုက်၏။

သန်းဥက ဦးခေါင်းခါယမ်းလိုက်ပြီး....

"မမကလည်း မသေခင်က မှာသွားတယ်... ကျားနက်ဂိုဏ်းက ပစ္စည်းနဲ့ဂူတန်ဂိုဏ်းက ပစ္စည်းကိုပြန်ယူပြီး ကျားနက်ဂိုဏ်းနဲ့ ဂူတန်ဂိုဏ်းကိုပို့ပေးလို့ မှာသွားတယ်"

ဟု ပြောလိုက်၏။

သန်းဥ၏စကားကြောင့် ဝါးခမောက်ဆောင်းထားသောလူ



သည် အံ့သြကာ....

"ဘာ... ချင်းချင်း သေပြီဟုတ်လား"

ဟု မေးလိုက်၏။

သန်းဥက ဦးခေါင်းညိတ်ကာ....

"ဟုတ်ပါတယ်... မမ သေပြီ"

ဟု ပြောလိုက်၏။

ဝါးခမောက်နှင့်လူက....

"သူက ဘယ်လိုသေသွားတာလဲ"

ဟု မေးလိုက်၏။

သန်းဥက....

"မမက ကျွန်တော့်ကိုဆေးကုပေးပြီး သေသွားတာပဲ"

ဟု ပြောလိုက်၏။

ဝါးခမောက်နှင့်လူက သက်ပြင်းချကာ....

"သူက သေမယ်ဆိုတာသိလျက်နဲ့ မင်းကို ကုပေးလိုက်တာ"

ဟု ပြောလိုက်၏။

ပြီးမှ ဝါးခမောက်ဆောင်းထားသောလူက....

"ဒီမှာ သူငယ်... မင်းဟာ ချင်းချင်းကို ကျေးဇူးပြန်ဆပ်သင့်တယ်"

ဟု ပြောလိုက်၏။

သန်းဥက....

"ဟုတ်ပါတယ်... ဒါကြောင့် ကျားနက်ဂိုဏ်းက ပစ္စည်းနဲ့ ဂူတန်ဂိုဏ်းရဲ့ပစ္စည်းကို ရအောင်ပြန်ယူပြီး... အဲဒီဂိုဏ်းတွေကို ပြန်ပို့

ပေးမယ်လို့ မမကို ကတိပေးခဲ့ပါတယ်"

ဝါးခမောက်နှင့်လူက နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး....

"ကောင်းပြီ... ဒီပစ္စည်းတွေပြန်ရဖို့ ကျုပ် ကူညီမယ်... ဒါနဲ့ ဘယ်သူက ယူသွားတာလဲ"

ဟု မေးလိုက်၏။

သန်းဥက ဦးခေါင်းခါယမ်းပြကာ....

"မသိဘူး"

ဝါးခမောက်နှင့်လူက အံ့ဩဟန်ဖြင့်....

"ဟေ... မင်းက ဘာဖြစ်လို့မသိတာလဲ"

ဟု မေးလိုက်၏။

သန်းဥက....

"အဲဒီတုန်းက ကျွန်တော်က ရောဂါကိုအမြန်ဆုံး ပျောက်ချင်နေတာ မဟုတ်လား... ဒီတော့ သူ့ကို မိန်းကလေးတစ်ယောက်ဆိုတာကလွဲပြီး ဘာမှမသိခဲ့ဘူး"

ဟု ပြောလိုက်၏။

ဝါးခမောက်ဆောင်းထားသောလူက....

"ကောင်းပြီလေ... ဒီတော့ ဒီလိုလုပ်...."

ဟု ပြောလိုက်၏။

သန်းဥက....

"ဘယ်လိုလုပ်ရမှာလဲ"

ဟု မေးလိုက်၏။

ဝါးခမောက်နှင့်လူက....

"တောင်ပင်လယ်ဂိုဏ်းက ယူသွားတဲ့သံဗူးကို အရင်ရအောင် ပြန်ယူ"

ဟု ပြောလိုက်၏။



သန်းဥက မျက်မှောင်ကြုတ်ကာ....

"ဘာဖြစ်လို့လဲ"

ဟု မေးလိုက်၏။

ဝါးခမောက်နှင့်လူက....

"သံဗူးထဲမှာ ရွှေပြားတစ်ခုပါတယ် မဟုတ်လား"

ဟု မေးလိုက်၏။

သန်းဥက....

"ပါတယ်...."

ဝါးခမောက်ဆောင်းထားသောလူက....

"အဲဒီရွှေပြားဟာ နဂါးစိမ်းအမိန့်ပဲ"

သန်းဥက မျက်မှောင်ကြုတ်ကာ....

"ခင်ဗျားက ဘာကိုပြောချင်တာလဲ"

ဟု မေးလိုက်၏။

ဝါးခမောက်နှင့်လူက....

"အဲဒီရွှေပြားဟာ သိုင်းလောကမှာရှိတဲ့ ဂိုဏ်းကြီး(၆)ဂိုဏ်းကို အမိန့်ပေးခိုင်းစေနိုင်တယ်"

ဟု ပြောလိုက်၏။

ဝါးခမောက်နှင့်လူ၏စကားကြောင့် သန်းဥသည် မျက်မှောင်ကြုတ်ကာ....

"ဒီရွှေပြားက အဲဒီလောက် စွမ်းလား"

ဟု မေးလိုက်၏။

ဝါးခမောက်နှင့်လူက....

"စွမ်းတယ်... ဒီရွှေပြားကိုရရင် မင်းဆီက ပစ္စည်းယူသွားတဲ့ မိန်းကလေးကို (၃)ရက်အတွင်း ရှာတွေ့နိုင်ပြီ"

ဟု ပြောလိုက်၏။

သန်းဥက မျက်မှောင်ကြုတ်ကာ....

"ဒါကြောင့် တောင်ပင်လယ်ကလူတွေက ကျုပ်ဆီက လာလုသွားတာလား"

ဟု မေးလိုက်၏။

ဝါးခမောက်နှင့်လူက ဦးခေါင်းညိတ်ကာ....

"ဟုတ်တယ်... ဒီရွှေပြားကို နဂါးစိမ်းအမိန့်လို့ခေါ်တယ်... ဒီရွှေပြားကိုကိုင်ပြီး သိုင်းအဖွဲ့အစည်း(၆)ဖွဲ့ကို ထိန်းချုပ်နိုင်တယ်... ဒါကြောင့် တောင်ပင်လယ်က လူတွေက ဒီအမိန့်ကိုပြပြီး သိုင်းအဖွဲ့အစည်း(၆)ဖွဲ့ကို စိမ်ခေါ်ထားတယ်"

ဟု ပြောလိုက်၏။

သန်းဥက သက်ပြင်းချလိုက်ပြီး....

"ကောင်းပြီလေ... သံဖူးကိုပဲ အရင်ရအောင် ပြန်ယူတော့မယ်"

ဟု ပြောလိုက်လေတော့သည် မဟုတ်ပါလား။

ဏ ဏ ဏ



ဝါးခမောက်ဆောင်းထားသောလူမှာ တံငါသည် သိုင်းသမားကြီးဖြစ်၏။

သန်းဥသည် တံငါသည်သိုင်းသမားကြီးကို ခွန်လွန်တောင်ခြေ၌ ချင်းချင်းနှင့်အတူ တွေ့ခဲ့ဖူး၏။

သို့သော် ထိုစဉ်က ခွန်လွန်ဂိုဏ်းချုပ်ကြီး၏အမိန့်တော်ကို လိုချင်နေသောကြောင့် တံငါသည်သိုင်းသမားကြီးကို သတိမထားခဲ့မိပါ။

ယခုမှ တစ်ယောက်အကြောင်း တစ်ယောက်ပြောရင်းဖြင့် ထိုလူကို တံငါသည်သိုင်းသမားကြီးမှန်း သိလာခဲ့ရ၏။

တံငါသည်သိုင်းသမားကြီးက သန်းဥကို နဂါးစိမ်းအမိန့်တော်နှင့် ဆက်စပ်ပြီး နဂါးစိမ်းဂိုဏ်းအကြောင်းကို ပြောပြခဲ့၏။

နဂါးစိမ်းဂိုဏ်းသည် အလွန်လျှို့ဝှက်သောအဖွဲ့အစည်းတစ်ခု ဖြစ်၏။

ထိုနဂါးစိမ်းဂိုဏ်း၏ ဂိုဏ်းချုပ်ကြီးကိုလည်း မည်သူမျှ မ

တွေ့ဖူးပါ။

ထို့အပြင် နဂါးစိမ်းဂိုဏ်း၏တည်နေရာကိုလည်း မည်သူမျှ မသိပါ။

သိုင်းလောကသားများ၏ပြောစကားအရ နဂါးစိမ်းဂိုဏ်းထံ၌ ဩဇာအာဏာရှိသော ပုဂ္ဂိုလ်တချို့ပါဝင်သည်ဟု ဆိုကြ၏။

နဂါးစိမ်းဂိုဏ်းသည် အလွန်လျှို့ဝှက်ပြီး စည်းကမ်းရှိ၏။

နဂါးစိမ်းဂိုဏ်း၏လူအင်အားမှာ (၃၆၅)ယောက်သာ ရှိ၏။

သို့သော် ထို(၃၆၅)ယောက်၏အောက်၌ လူပေါင်းရာကျော် ရှိ၏။

ထိုလူ(၃၆၅)ယောက်ကို (၁)လပိုင်း(၁)ရက် (၂)ပိုင်း (၂) ရက်စသည်ဖြင့် ရက်စွဲအလိုက် လျှို့ဝှက်သင်္ကေတပြုလုပ်ထား၏။

တစ်နှစ်လျှင် (၃၆၅)ရက်ရှိသကဲ့သို့ နဂါးစိမ်းဂိုဏ်း၌လည်း လူ(၃၆၅)ယောက် ရှိ၏။

ထိုလူ(၃၆၅)ယောက်သည် နဂါးစိမ်းဂိုဏ်း၏ဌာနခွဲမှူးများ ဖြစ်၏။

သို့သော် သူတို့သည် တစ်ယောက်ကို တစ်ယောက်မသိကြပါ။

အကြောင်းမှာ ဂိုဏ်းလုံးကျွတ်အစည်းအဝေးပြုလုပ်ချိန်၌ သူတို့သည် မျက်နှာဖုံးအမျိုးမျိုး စွပ်ထားရသောကြောင့်ဖြစ်၏။

သူတို့သည် ဂိုဏ်းချုပ်ကြီးကို အဆက်အသွယ်ပြုလုပ်၍ မရသော်လည်း သူတို့ကိုဂိုဏ်းချုပ်ကြီးက ဆက်သွယ်၍ တာဝန်ပေးလေ့ရှိ၏။

သူတို့က နဂါးစိမ်းဂိုဏ်းချုပ်ကြီးကို မသိသော်လည်း သူတို့



ကို နဂါးစိမ်းဂိုဏ်းချုပ်ကြီးက သိ၏။

ယုတ်စွအဆုံး သူတို့၏အိမ်တွင်းရေးကိုပင် ဂိုဏ်းချုပ်ကြီးက သိနေ၏။

ထို့ကြောင့် သူတို့သည် ဂိုဏ်းချုပ်ကြီး၏အမိန့်ကို မလွန်ဆန်ဝံ့ပါ။

ဂိုဏ်းချုပ်ကြီး၏အမိန့်ကို လွန်ဆန်ခဲ့သောလူသည် ဤလောကမှ အပြီးအပိုင်ပျောက်ကွယ်သွားခဲ့ရ၏။

တစ်ချိန်က (၁၀)လပိုင်း (၃)ရက်နေ့ဟု လျှို့ဝှက်အမည်ရထားသော ယုဇွန်သည် ဂိုဏ်းချုပ်ကြီး၏အကြောင်းကို တိတ်တဆိတ် စုံစမ်းခဲ့၏။

သူသည် သိုင်းလောက၌ ရွှေခြင်္သေ့ဟူသောအမည်ဖြင့် နာမည်ကျော်ကြားသူဖြစ်၏။

တရုတ်ပြည် မြောက်ပိုင်း၌ သူ၏ရွှေခြင်္သေ့အဖွဲ့အစည်းသည် အလွန်နာမည်ကျော်ကြားခဲ့၏။

သို့သော် သူက နဂါးစိမ်းဂိုဏ်းချုပ်ကြီး၏အကြောင်းကို တိတ်တဆိတ် စုံစမ်းခဲ့ရာ မကြာမီမှာပင် သူသည် ဤလောကမှ ရုတ်တရက် ပျောက်ကွယ်သွား၏။

သူ၏ရွှေခြင်္သေ့အဖွဲ့အစည်းသည်လည်း သိုင်းလောကမှ ပျောက်ကွယ်သွားခဲ့၏။

ထို့ကြောင့် နဂါးစိမ်းအဖွဲ့ဝင်များသည် မည်သူမျှ ဂိုဏ်းချုပ်ကြီး၏အကြောင်းကို မစုံစမ်းရဲတော့ပါ။

ထို့အပြင် ဂိုဏ်းချုပ်ကြီး၏အမိန့်ကိုလည်း မလွန်ဆန်ဝံ့တော့ပါ။

သို့သော် လွန်ခဲ့သောနှစ်ပေါင်း(၂၀)ခန့်က နဂါးစိမ်းဂိုဏ်းချုပ်ကြီးထံမှ အဆက်အသွယ်မရတော့ပါ။

တစ်ချိန်တည်းမှာပင် နဂါးစိမ်းအဖွဲ့အစည်းသည် အလိုလိုပျက်စီးသွားပြီး သိုင်းလောကမှ ပျောက်ကွယ်သွားခဲ့၏။

ထိုနှစ်ပေါင်း(၂၀)အတွင်း နဂါးစိမ်းဂိုဏ်း၏လှုပ်ရှားမှုကိုလုံးဝမတွေ့ရပါ။

နဂါးစိမ်းဂိုဏ်း၏အမိန့်တော်ရွှေပြားလည်း သိုင်းလောကၥ ထွက်ပေါက်လာခြင်း မရှိခဲ့ပါ။

ယခု တိမ်မြုပ်ပျောက်ကွယ်နေသော နဂါးစိမ်းဂိုဏ်း၏အမိန့်တော်သည် တောင်ပင်လယ်ဂိုဏ်း၏လက်ထဲသို့ ရောက်ရှိနေပြီဖြစ်၏။

ထို့ကြောင့် တောင်ပင်လယ်ဂိုဏ်းသည် ထိုအမိန့်ရွှေပြားကိုအသုံးပြု၍ နာမည်ကြီးသောသိုင်းအဖွဲ့အစည်း(၆)ခုကို မိမိ၏လက်အောက်၌ သစ္စာခံရန် ရာဇသံပေးနေပြီဖြစ်သည့် မဟုတ်ပါလား။

ဏ ဏ ဏ

သန်းဥသည် လေပူတစ်ချက် မှုတ်ထုတ်လိုက်၏။

ပြီးမှ....

"ဒါဆို သူတို့က အဲဒီအဖွဲ့အစည်းတွေကို ချုပ်ကိုင်တော့မှာပေါ့"



ဟု ပြောလိုက်၏။

တံငါသည်ကြီးက ဦးခေါင်းညိတ်ကာ....

"ဟုတ်တယ်... သူတို့က အဲဒီအဖွဲ့အစည်း(၆)ခုကို ချုပ်ကိုင်နိုင်ရင် သိုင်းလောကတစ်ခုလုံးကို ချုပ်ကိုင်ဖို့ သိပ်ပြီးမခဲယဉ်တော့ဘူး"

ဟု ပြောလိုက်၏။

သန်းဥက....

"သူတို့က သိုင်းလောကကိုချုပ်ကိုင်ပြီး မကောင်းတဲ့လုပ်ငန်းတွေ လုပ်နိုင်းရင် မလွယ်ဘူး"

ဟု ပြောလိုက်၏။

တံငါသည်ကြီးက....

"တောင်ပင်လယ်ဂိုဏ်းဟာ အဖြူရောင်ဂိုဏ်းမဟုတ်ဘူး... ဒုစရိုက်လုပ်ငန်းမျိုးစုံကိုလုပ်တဲ့ ဒုစရိုက်ဂိုဏ်းပဲ... ဒီတော့ သူတို့သာ သိုင်းလောကကိုချုပ်ကိုင်နိုင်ရင် ဘယ်လိုဖြစ်လာမယ်ဆိုတာ မင်းဘာသာမင်း စဉ်းစားကြည့်ပေါ့"

ဟု ပြောလိုက်၏။

သန်းဥက နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး....

"အင်း... သူတို့ဆီက ရွှေပြားကိုပြန်ယူမှ ဖြစ်မယ်"

ဟု ပြောလိုက်၏။

တံငါသည်ကြီးက ဦးခေါင်းညိတ်ကာ....

"ဟုတ်တယ်... ဒါ အရေးကြီးဆုံးပဲ"

ဟု ပြောလိုက်၏။

သန်းဥက...

"ဒါဆို ကျုပ်တို့ ကြယ်(၃)ပွင့် ကျေးရွာကိုသွားကြစို့"
ဟု ပြောလိုက်၏။

ထို့နောက် သူတို့သည် ကြယ်(၃)ပွင့်ကျေးရွာသို့ ထွက်လာခဲ့လေတော့၏။

ဏ ဏ ဏ

(၈)လပိုင်း (၁၅)ရက်နေ့သည် တရုတ်လူမျိုးတို့၏ 'လ'မုန့်ပွဲတော်ရက် ဖြစ်၏။

ယနေ့သည် (၈)လပိုင်း (၁၅)ရက် **မဟုတ်ပါ။**

ထို့ကြောင့် ယခုဖော်ပြသော(၈)**လပိုင်း (၁၅)**ရက်နေ့သည် နဂါးစိမ်းဂိုဏ်း၏ဌာနခွဲတစ်ခုသာ ဖြစ်၏။

ထိုဌာနခွဲသည် ကြယ်(၃)ပွင့် **ကျေးရွာ**ဖြစ်၏။

ကြယ်(၃)ပွင့် ကျေးရွာ၏လူကြီးသည် နဂါးစိမ်းဂိုဏ်း၏ဌာနခွဲမှူးဖြစ်ပြီး လျှို့ဝှက်သင်္ကေတအနေဖြင့် (၈)လပိုင်း (၁၅)ရက်နေ့ဟု သတ်မှတ်ထားခြင်းဖြစ်၏။

ထိုကြယ်(၃)ပွင့် ကျေးရွာ၏လူကြီးမှာ 'ချင်းဟိုက်'ဖြစ်၏။

ချင်းဟိုက်သည် နဂါးစိမ်းအဖွဲ့ဝင်ဖြစ်၏။

နဂါးစိမ်းအဖွဲ့ပြိုကွဲသွားပြီးနောက် ချင်းဟိုက်သည် တောင်ပင်လယ်ဂိုဏ်းကို လျှို့ဝှက်စွာတည်ထောင်လိုက်၏။

နှစ်အနည်းငယ်အတွင်းမှာပင် တောင်ပင်လယ်ဂိုဏ်းသည်



အနက်ရောင်သိုင်းလောက၌ နာမည်ကျော်ကြားသော အဖွဲ့အစည်းတစ်ခု ဖြစ်လာခဲ့၏။

ဤသို့ဖြင့် တစ်နေ့၌ နှစ်ပေါင်း(၂၀)ခန့် ပျောက်ကွယ်နေသော နဂါးစိမ်းဂိုဏ်းချုပ်ကြီးက ဆက်သွယ်လာပြီး **သန်းဥထံမှ** သံဗူးကို လုယူခိုင်းခဲ့၏။

ထို့နောက် သိုင်းလောကမှ နာမည်ကျော်ကြားသည့်အဖွဲ့အစည်း (၆)ခုကိုချုပ်ကိုင်ရန် တာဝန်ပေးခဲ့၏။

ထို့ကြောင့် သူသည် သိုင်းအဖွဲ့အစည်း(၆)ခုကို နဂါးစိမ်းအမိန့်တော်ပြ၍ **သစ္စာခံရန် ရာဇသံ**ပေးခဲ့ခြင်းဖြစ်၏။

ယခု **ကြယ်(၃)ပွင့်**ကျေးရွာသို့ သန်းဥနှင့်တံငါသည်ကြီးတို့ ရောက်ရှိလာပြီ**ဖြစ်၏။**

သူတို့သည် တောင်ဂင်လယ်ဂိုဏ်းချုပ်ကြီး ချင်းဟိုက်ထံမှ နဂါးစိမ်းအမိန့်တော်ရွှေပြားကို ပြန်ယူရန်ဖြစ်၏။

သူတို့သည် ချင်းဟိုက်ထံမှ ရွှေပြားကို ပြန်လည်၍ရယူနိုင်ပါမည်လော။

ဏ ဏ ဏ

သံန်းဥက အဝေးမှမြင်ရသော ခြံဝင်းကို တစ်ချက်လှည့်ကြည့်လိုက်၏။

တံငါသည်ကြီးက....

"အဲဒါ ကြယ်(၃)ပွင့် ကျေးရွာပဲ... အမှန်တော့ အဲဒီကျေးရွာဟာ နဂါးစိမ်းဂိုဏ်းရဲ့(၈)လပိုင်း (၁၅)ရက်နေ့ ဌာနခွဲပဲ"

ဟု ပြောလိုက်၏။

သန်းဥက....

"ခြံဝင်းတစ်ခုပဲ... ကျုပ်က ကျေးရွာတစ်ခုလို့ ထင်နေတာ"

ဟု ပြောလိုက်၏။

တံငါသည်ကြီးက ဘာမှပြန်မပြောပါ။

သန်းဥက ထိုခြံဝင်းကို အတန်ကြာအောင် စိုက်ကြည့်လိုက်၏။

ခြံဝင်းက အလွန်ကျယ်ဝန်း၏။

ရွာငယ်ကလေး တစ်ခု၏အကျယ်အဝန်းခန့် ရှိ၏။

ခြံဝင်းတစ်ခုလုံးကို အုတ်ရိုးဖြင့်ဝိုင်းရံကာ အုတ်တံတိုင်းခတ်ထား၏။ ခြံဝင်းထဲ၌ အဆောက်အဦ(၄)လုံး (၅)လုံးခန့် ရှိ၏။

မြောက်ဘက်မှ အဆောက်အအုံသည် တခြားအဆောက်အအုံများထက် ပို၍ကျယ်ဝန်းပြီး ပို၍ခန့်ညား၏။

ထိုခြံဝင်း၏ရှေ့၌ ချောင်းတစ်ခုရှိ၏။

ထိုချောင်းကိုဖြတ်၍ တံတားထိုးထား၏။

တံတား၏တစ်ဘက်၌ အဝင်တံတားပေါက်ရှိ၏။

သန်းဥနှင့် တံငါသည်ကြီးတို့သည် တံတားပေါ်သို့ရောက်လာပြီဖြစ်၏။

တံတားပေါ်သို့ခြေချလိုက်သည်နှင့် တံတား၏တစ်ဘက်ထိပ်၌ အနက်ရောင်ဝတ်စုံနှင့်လူနှစ်ယောက် ပေါ်ထွက်လာ၏။

ထိုအနက်ရောင်ဝတ်စုံနှင့်လူနှစ်ယောက်က သန်းဥကို ဟန့်



တားလိုက်ပြီး....

"မိတ်ဆွေတို့က ဘယ်ကလဲ"

ဟု မေးလိုက်၏။

သန်းဥက....

"ကျုပ်က သန်းဥ... သူကတော့ ကျုပ်ရဲ့မိတ်ဆွေ တံငါသည် သိုင်းသမားကြီးပဲ"

သန်းဥ၏စကားကြောင့် အနက်ရောင်ဝတ်စုံနှင့်လူနှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်၏။

ပြီးမှ တစ်ယောက်က....

"ဘာကိစ္စရှိလဲ"

ဟု မေးလိုက်၏။

သန်းဥက....

"မင်းတို့ဂိုဏ်းချုပ်ကြီးနဲ့ တွေ့ချင်လို့"

ဟု ပြောလိုက်၏။

အနက်ရောင်ဝတ်စုံနှင့်လူက....

"ဘာကိစ္စနဲ့တွေ့ချင်တာလဲ"

ဟု မေးလိုက်၏။

သန်းဥက....

"မင်းတို့ဂိုဏ်းချုပ်ကြီးက ကျုပ်ဆီက ပစ္စည်းတစ်ခုကိုယူသွားတယ်... ဒါကြောင့် ပြန်လာပြီး တောင်းတာ"

ဟု ပြောလိုက်၏။

သန်းဥ၏စကားကြောင့် အနက်ရောင်ဝတ်စုံနှင့် လူနှစ်ယောက်သည် သန်းဥကို မျက်လုံးပြူးကြည့်ကာ....

"ကျုပ်တို့ဂိုဏ်းချုပ်ကြီးကို မတရားမပြောနဲ့"

ဟု ပြောလိုက်၏။

သန်းဥက လက်ကာပြကာ....

"မင်းတို့ကို ပြောလည်း မင်းတို့က သိမှာမဟုတ်ဘူး... ဒီတော့ မင်းတို့ရဲ့ဂိုဏ်းချုပ်ကြီးကို သွားပြီးပြောလိုက်ပါ... မရဏာတမန်တော်က သူ့ရဲ့ပစ္စည်းကို လာတောင်းနေတယ်လို့"

ဟု ပြောလိုက်၏။

သန်းဥ၏စကားကြောင့် အနက်ရောင်ဝတ်စုံနှင့် လူနှစ်ယောက်သည် မျက်လုံးပြူး မျက်ဆံပြူးဖြင့် သန်းဥကိုကြည့်ကာ....

"မရဏာတမန်တော် ဟုတ်လား"

ဟု ပြန်မေးလိုက်၏။

သန်းဥက....

"ဟုတ်တယ်... ကျုပ်က မရဏာတမန်တော်ပဲ... မင်းတို့ဂိုဏ်းချုပ်ကြီးကို အမြန်ဆုံးသွားပြီး သတင်းပို့ပါ"

ဟု ပြောလိုက်၏။

**အနက်ရောင်ဝတ်စုံနှင့်လူတစ်ယောက်သည်** သန်းဥကို လက်နှစ်ဖက်ဆုပ်၍ ဂါရဝပြုလိုက်ပြီး....

"ဒီမှာ ခဏစောင့်နေပါ... ကျွန်တော် အမြန်ဆုံးသတင်းသွားပို့ပါ့မယ်"

ဟု ပြောလိုက်၏။

ထို့နောက် သူသည် နောက်သို့ချာခနဲ လှည့်ကာ **ခြံဝင်းထဲသို့** ပြေးဝင်သွားလေတော့၏။

ψ ψ ψ



**အချိန်အနည်းငယ်ကြာသောအခါ** ခြံဝင်းတံခါးပွင့်လာပြီး အသက်(၅၀)ကျော် လူကြီးတစ်ယောက်ထွက်လာ၏။

ထိုလူက သန်းဥနှင့်တံငါသည်သိုင်းသမားကြီးကို လက်နှစ်ဖက်ဆုပ်၍ ဦးညွတ်လိုက်ပြီး....

"ကျုပ်က ချင်းဟိုက်ပါ"

ဟု ပြေလိုက်၏။

သန်းဥက....

"ခင်ဗျားက ဂိုဏ်းချုပ်ကြီးလား"

ဟု မေးလိုက်၏။

ချင်းဟိုက်က ဦးခေါင်းညိတ်ကာ....

"ဟုတ်ပါတယ်"

သန်းဥက....

"ကျုပ်က မရဏာတမန်တော်ပါ... သူကတော့ ကျုပ်ရဲ့မိတ်ဆွေ တံငါသည်သိုင်းသမားကြီးပါ"

ဟု ပြောလိုက်၏။

ချင်းဟိုက်က ဦးခေါင်းညိတ်လိုက်ပြီး....

"ဟုတ်ကဲ့... လာရင်းကိစ္စကို ပြောပါ"

ဟု ပြောလိုက်၏။

သန်းဥက ပြောရန်ဟန်ပြင်လိုက်စဉ် တံငါသည်သိုင်းသမားကြီးက လက်ကာပြလိုက်ပြီး....

"ဒီလိုပါ ခင်ဗျားတို့ တောင်ပင်လယ်ဂိုဏ်းက အဖွဲ့သားတစ်ယောက်က ကျုပ်မိတ်ဆွေ မရဏတမန်တော်ဆီက ပစ္စည်းတစ်ခုကို လုယူသွားပါတယ်... ဒါကြောင့် ပြန်လာပြီး တောင်းတာပါ"

ဟု ပြောလိုက်၏။

သန်းဥက ဦးခေါင်းညိတ်ကာ....

"ဟုတ်တယ်... သံဗူးတစ်ခုပါ... အဲဒီအထဲမှာ ရွှေပြားတစ်ချပ်ရှိတယ်"

ဟု ဝင်၍ပြောလိုက်၏။

ချင်းဟိုက်က ပြုံးလိုက်ပြီး....

"သြော်... ဒီကိစ္စအတွက်လား"

ဟု ပြောလိုက်၏။

သန်းဥက....

"ဟုတ်ပါတယ်"

ချင်းဟိုက်က ပြုံးလိုက်ပြီး....

"ဒါဆို အထဲကိုကြွပါ... ကျုပ်တို့ဆွေးနွေးကြတာပေါ့"

ဟု ပြောလိုက်၏။

ထို့နောက် ချင်းဟိုက်သည် လက်ကိုဝှေ့ယမ်းကာ ခြံဝင်းထဲ



သို့ပြန်လှည့်၍ ဝင်ရောက်သွားလေတော့၏။

သန်းဥနှင့် တံငါသည်သိုင်းသမားကြီးတို့သည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်၏။

ပြီးမှ တံငါသည်သိုင်းသမားကြီးက သန်းဥကို ဦးခေါင်းညိတ်ပြလိုက်၏။

ထို့နောက် သူတို့သည် တံတားကိုဖြတ်ကာ ခြံဝင်းထဲသို့ လှမ်းဝင်လိုက်၏။

ခြံဝင်းထဲသို့ရောက်သည်နှင့် ခြံဝင်းတံခါးသည် ပြန်လည်၍ ပိတ်သွား၏။

တစ်ချိန်တည်းမှာပင် မိမိတို့ရှေ့မှ ခြံဝင်းထဲသို့ဝင်ရောက်သွားသော ချင်းဟိုက်ကို မတွေ့ရတော့ပါ။

ထို့ကြောင့် တံငါသည်သိုင်းသမားကြီးသည် မျက်မှောင်ကြုတ်သွားပြီး....

"ကောင်လေး... သတိထား"

ဟု သတိပေးလိုက်၏။

သန်းဥက ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်လိုက်၏။

ပတ်ဝန်းကျင်တစ်ခုလုံး၌ လူသူကင်းမဲ့နေ၏။

သန်းဥက မျက်မှောင်ကြုတ်ကာ....

"အစောင့်တွေလည်း မတွေ့ပါလား"

ဟု ပြောလိုက်၏။

တံငါသည်သိုင်းသမားကြီးက....

"ဟုတ်တယ်... အစောင့်မထားပုံထောက်ရင် ထောင်ချောက်တွေ ရှိနိုင်တယ်"

ဟု ပြောလိုက်၏။

သန်းဥက နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်ပြီး....

"အထဲရောက်မှတော့ နဂါးစိမ်းအမိန့်မရဘဲ ကျုပ်တော့ မပြန်ဘူး"

ဟု ပြောလိုက်၏။

တံငါသည်ကြီးက....

"မှန်တာပေါ့... ဒါပေမယ့် သိပ်တော့ လွယ်မယ်မထင်ဘူး"

ဟု ပြောလိုက်၏။

သန်းဥက ပြုံးလိုက်ပြီး....

"ကျုပ်က မရဏတမန်တော်လေ"

ဟု ပြောလိုက်၏။

တံငါသည်ကြီးက....

"အရင်ကတော့ ဟုတ်တာပေါ့... အဲဒီတုန်းကတောင် သူတို့က မင်းဆီက ပစ္စည်းကိုရအောင် လုနိုင်သေးတာ... အခုဆို သူတို့က မင်းကိုမျက်စိထဲတောင်ထားမှာ မဟုတ်ဘူး"

ဟု ပြောလိုက်၏။

တံငါသည်ကြီး၏စကားကြောင့် သန်းဥသည် သက်ပြင်းချလိုက်၏။

တံငါသည်ကြီး၏စကားက မမှားပါ။

ယခင်က သူ၏ခန္ဓာကိုယ်တွင် အဆိပ်များရှိနေခဲ့၏။

ထိုအချိန်ကပင် သူတို့က မိမိထံမှ ပစ္စည်းကိုရအောင် လုယူသွားခဲ့၏။ ယခု သူ၏ခန္ဓာကိုယ်ပေါ်၌ အဆိပ်များမရှိတော့ပါ။

ထို့ကြောင့် သူတို့သည် တောင်ပင်လယ်ဂိုဏ်းကို မည်သို့ထိုးဖောက်၍ သံဖူးကိုရအောင် ပြန်ယူနိုင်မည်နည်း။



သန်းဥက သက်ပြင်းချလိုက်ပြီး....

"ဘာပဲဖြစ်ဖြစ်... ကျုပ်ကတော့ ဒီရွှေပြားကို မရရအောင် ပြန်ယူရမှာပဲ"

ဟု ပြောလိုက်လေတော့သည် မဟုတ်ပါလား။

ဖ ဖ ဖ

ခြံဝင်းထဲ၌ မြူခိုးမြူငွေ့များ ဖုံးလွှမ်းနေ၏။

ထို့ကြောင့် ပတ်ဝန်းကျင်တစ်ခုလုံးကို အဖြူရောင်ဇာပဝါဖြင့် ဖုံးလွှမ်းထားသကဲ့သို့ မှုန်ရီမှုန်ဝါးဖြစ်နေ၏။

တံငါသည်ကြီးက မျက်မှောင်ကြုတ်ကာ....

"အင်း... ကျုပ် အထင်ပြောရရင် ကျုပ်တို့ဝင်ဘာထဲရောက်နေပြီ ထင်တယ်"

ဟု ပြောလိုက်၏။

သန်းဥက မျက်မှောင်ကြုတ်ကာ....

"ဘာဖြစ်လို့လဲ"

ဟု မေးလိုက်၏။

တံငါသည်သိုင်းသမားကြီးက....

"ခြံဝင်းအပြင်မှာ မြူခိုးမြူငွေ့တွေ မရှိဘူး... ခြံဝင်းထဲမှာရှိနေတယ်"

ဟု ပြောလိုက်၏။

သန်းဥက ပြုံးလိုက်ပြီး....

"မိုးအုံ့နေတာပဲ... ဒီနေရာက ပိုပြီး အေးလို့ မြူတွေဆိုင်းနေတာ ဖြစ်မှာပေါ့"

ဟု ပြောလိုက်၏။

တံငါသည်သိုင်းသမားကြီးက....

"နက္ခတ်ဝင်္ဂဘာပညာဆိုတာကို ကြားဖူးလား"

ဟု မေးလိုက်၏။

သန်းဥက....

"မကြားဖူးဘူး"

တံငါသည်ကြီးက....

"ဝင်္ဂဘာပညာရပ်ထဲမှာဘာ နက္ခတ်ဗေဒဝင်္ဂဘာပညာရပ်ဟာ အခက်ခဲဆုံးပဲ... လူတစ်ယောက်ဟာ အဲဒီဝင်္ဂဘာထဲကိုရောက်သွားရင် အရှေ့အနောက်တောင်မြောက်ဆိုတဲ့အရပ်တွေကို ခွဲခြားလို့ မရတော့ဘူး"

ဟု ပြောလိုက်၏။

သန်းဥက....

"အခု ကျုပ်တို့ အဲဒီဝင်္ဂဘာထဲကိုရောက်နေပြီလို့ ပြောချင်တာလား"

ဟု မေးလိုက်၏။

တံငါသည်ကြီးက....

"ဟုတ်တယ်... တောင်ပင်လယ်ဂိုဏ်းရဲ့သိုင်းပညာဟာ သိပ် ပြီးထူးခြားမှုမရှိဘူး... ဒါပေမယ့် သူတို့ဟာ နက္ခတ်ဗေဒဝင်္ဂဘာပညာ ရပ်မှာတော့ ထူးချွန်တယ်... ဒီပညာရပ်ကို သူတို့ ဘယ်ကရခဲ့တယ်ဆိုတာတော့ ကျုပ် မသိဘူး... ဒါပေမယ့် ဒီပညာရပ်ပျောက်ကွယ်နေတာ နှစ်ပေါင်းရာချီနေပြီ"



ဟု ပြောလိုက်၏။

ထိုစဉ် သူတို့သည် မြူနှိုးမြူငွေ့များကြားမှ အဆောက်အဦကိုလှမ်း၍ တွေ့လိုက်ရ၏။

ထို့ကြောင့် သူတို့သည် ထိုနေရာသို့ ဦးတည်၍လျှောက်လာ၏။

သို့သော် ခြေလှမ်း(၅၀)အတွင်းမှာပင် ထိုအဆောက်အဦသည် မြူနှိုးမြူငွေ့များကြားမှ ပျောက်ကွယ်သွားပြီး သူတို့၏ဝဲဘက်၌ ပေါ်လာ၏။

ထို့ကြောင့် သူတို့သည် အဆောက်အဦရှိရာဘက်သို့ ဆက်၍ လျှောက်ခဲ့ကြ၏။

သို့သော် ခြေလှမ်း(၅၀)ခန့်လျှောက်ပြီးသောအခါ အဆောက်အဦသည် ပျောက်ကွယ်သွားပြန်၏။

ဤသို့ဖြင့် တစ်နာရီခန့်ကြာသောအခါ သူတို့သည် ခြေလှမ်းရပ်တန့်လိုက်ပြီး တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်၏။

တံငါသည်ကြီးက သက်ပြင်းချကာ....

"ငါတို့လမ်းခွဲပြီး သွားရင်ကောင်းမယ်"

ဟု ပြောလိုက်၏။

သန်းဥက ဦးခေါင်းညိတ်ကာ....

"ဟုတ်ကဲ့ ကောင်းပါတယ်"

ဟု ပြောလိုက်၏။

တံငါသည်ကြီးက....

"မင်းက ညာဘက်က သွား... ငါက ဘယ်ဘက်က သွားမယ်"

ဟု ပြောလိုက်၏။

ထို့နောက် သူတို့သည် လမ်းခွဲကာ ရှေ့သို့ဆက်၍ လျှောက်သွားလေတော့၏။

ψ ψ ψ

သန်းဥသည် အဆောက်အဦရှိရာသို့ ဦးတည်ကာ လျှောက်လာ၏။

သို့သော် အဆောက်အဦက နောက်သို့ရွေ့လျားသွားသကဲ့သို့ ဝေး၍သွား၏။

ဤသို့ဖြင့် ခြေလှမ်းတစ်ရာကျော်ခန့် လျှောက်မိသောအခါ သူသည် ခြေလှမ်းရပ်တန့်လိုက်ပြီး မိမိ၏ရင်ဘတ်ထဲမှ ပဝါအနီကို ထုတ်ယူလိုက်၏။

ထို့နောက် ထိုပဝါစကို မြေပေါ်သို့ချကာ ကျောက်တုံးဖြင့် ဖိထားလိုက်၏။ ပြီးမှ သူသည် အဆောက်အဦကိုဦးတည်ပြီး ဆက်၍ လျှောက်သွား၏။

အချိန်အတန်ကြာသောအခါ သူသည် သူ၏ရှေ့၌ ကျောက်တုံးဖြင့် ဖိထားသောပဝါအနီကို တွေ့လိုက်ရ၏။



ထို့ကြောင့် သူသည် သက်ပြင်းချလိုက်ပြီး အဆောက်အဦကို လှမ်းကြည့်လိုက်၏။

ယခု သူရပ်နေသောနေရာနှင့် အဆောက်အဦ၏အကွာအဝေးမှာ ဝါး(၃)ရိုက်ခန့်သာ ဝေးကွာ၏။

သို့သော် သူသည် ထိုနေရာသို့မရောက်ဘဲ မူလနေရာသို့သာ ပြန်၍ ရောက်နေ၏။

ထို့ကြောင့် သူသည် ခြေလှမ်းရပ်တန့်လိုက်ပြီး လေပူတစ်ချက်မှုတ်ထုတ်ကာ....

"ထူးဆန်းတယ်"

ဟု ရေရွတ်လိုက်၏။

ထို့နောက် သူသည် မြေပေါ်သို့ ခြေပစ်လက်ပစ်ထိုင်ချလိုက်ပြီး စိတ်ပျက်သောမျက်လုံးတစ်စုံဖြင့် မြူခိုးမြူငွေ့များကြားမှ အဆောက်အဦကို လှမ်းကြည့်လိုက်၏။

ထိုစဉ်မှာပင်....

"ရှင်က ဒီအတိုင်းထိုင်နေလို့ ရောက်ပါ့မလား"

ဟု ပြောလိုက်သောအသံ ပေါ်ထွက်လာ၏။

ထိုအသံကြောင့် သန်းဥသည် ထိတ်လန့်သွားပြီး ကပျာကယာ နောက်သို့လှမ်းကြည့်လိုက်၏။

ထိုသို့လှည့်ကြည့်လိုက်သည်နှင့် မြူခိုးမြူငွေ့များကြားမှ အနီရောင်အရိပ်တစ်ရိပ်သည် ရွေ့လျားလာသည်ကိုတွေ့လိုက်ရ၏။

မကြာမီ အနီရောင်အရိပ်သည် သူ၏အနီးသို့ရောက်လာ၏။

ထိုအနီရောင်အရိပ်သည် မိန်းကလေးတစ်ယောက်ဖြစ်၏။

အနီရောင်ဂါဝန်ကိုဝတ်ဆင်ထားသောမိန်းကလေး ဖြစ်၏။

ထိုမိန်းကလေးကို မြင်တွေ့လိုက်သောအခါ သန်းဉသည် အံ့သြသွား၏။

အကြောင်းမှာ ထိုမိန်းကလေးသည် သေမင်းတောင်ကြား ထဲ၌ တွေ့ဆုံခဲ့ရသော မိန်းကလေးဖြစ်နေသောကြောင့်ပင် မဟုတ်ပါလား။

ထို့ကြောင့် သူသည် မိန်းကလေးကို တအံ့တသြဖြင့် ကြည့်နေမိ၏။

မိန်းကလေးက ပြုံးလိုက်ပြီး....

"ရှင်က လူညံ့ပဲ... စိတ်ပျက်ပြီး ထိုင်နေတာလား"

ဟု မေးလိုက်၏။

သန်းဉက လေပူတစ်ချက်မှုတ်ထုတ်လိုက်ပြီး....

"ခင်ဗျား ဘယ်သူလဲ"

ဟု မေးလိုက်၏။

မိန်းကလေးက ပြုံး၍....

"ကျွန်မ ဘယ်သူဘယ်ဝါဆိုတာ အရေးကြီးလို့လား"

ဟု ပြန်မေးလိုက်၏။

သန်းဉက သက်ပြင်းချကာ....

"ခင်ဗျားက ကျုပ်ကိုသေမင်းတောင်ကြားက ထွက်နိုင်အောင် လမ်းပြခဲ့တယ်"

ဟု ပြောလိုက်၏။

မိန်းကလေးက လက်ကာပြကာ....

"ဒါက အရေးမကြီးဘူး... ရှင် ဒီအတိုင်း ထိုင်နေရင် ဘယ်



တော့ အထဲရောက်မှာလဲ"

ဟု ပြောလိုက်၏။

သန်းဉက....

"ကျုပ် အဲဒီကိုသွားနေတာ အတော်ကြာပြီ... အခုအထိ မရောက်ဘူး... နောက်ထပ်(၁၀)နှစ်ကြာလည်း ရောက်မှာမဟုတ်ဘူး"

ဟု ပြောလိုက်၏။

မိန်းကလေးက ရယ်မောလိုက်ပြီး....

"ဟိုအဆောက်အဦနဲ့ ရှင်နဲ့ ဘာဝေးလို့လဲ... ဝါး(၃)ရိုက်ပဲရှိမယ်"

ဟု ပြောလိုက်၏။

သန်းဉက မျက်နှာရှုံ့မဲ့ကာ....

"ဒီမှာ မင်းက နက္ခတ်ဗေဒဝင်ဘာဆိုတာ မကြားဖူးဘူးလား"

ဟု မေးလိုက်၏။

သန်းဉ၏အမေးကြောင့် မိန်းကလေးက အံ့သြဟန်ဖြင့် မျက်ခုံးပင့်ကာ....

"ဟုတ်လား... မကြားဖူးဘူး"

ဟု ပြောလိုက်၏။

သန်းဉက နှာခေါင်းတစ်ချက်ရှုံ့လိုက်ပြီး....

"အဲဒါ ခက်တာပေါ့... ဒီပညာရပ်ဟာ အင်မတန်နက်နဲတယ်... ဝင်ဘာပညာရပ်ထဲမှာ အခက်ခဲဆုံးပဲ"

ဟု ပြောလိုက်၏။

မိန်းကလေးက အံ့သြဟန်ဖြင့်....

"ဒါဆို ရှင်က ဝင်္ဘာထဲရောက်နေတာပေါ့ ဟုတ်လား"

ဟု မေးလိုက်၏။

သန်းဥက....

"ဟုတ်တယ်... အခု မင်းလည်း ဝင်္ဘာထဲရောက်နေပြီ ပြန်ထွက်ဖို့ ခက်သွားပြီ"

ဟု ပြောလိုက်၏။

မိန်းကလေးက ပြုံးလိုက်ပြီး....

"ရှင်က လူကိုမသတ်ဘူးဆိုရင် ကျွန်မက ရှင့်ကိုတစ်ခု ပြောပြမယ်"

ဟု ပြောလိုက်၏။

သန်းဥက မျက်မှောင်ကြုတ်ကာ....

"မင်းက ဘာကိုပြောပြမှာလဲ"

ဟု မေးလိုက်၏။

မိန်းကလေးက ပြုံး၍....

"ကျွန်မက ရှင့်ကို ဟောဟိုက အဆောက်အအုံကိုရောက်အောင်သွားတဲ့နည်း ပြောပြမယ်"

ဟု ပြောလိုက်၏။

သန်းဥက လက်ကာပြကာ....

"မဟုတ်တာ လာမပြောနဲ့ ကျုပ် စိတ်ရှုပ်နေတယ်"

ဟု ပြန်ပြောလိုက်၏။

မိန်းကလေးက ပြုံး၍....

"ရှင်က ဟိုကိုရောက်ရင် လူမသတ်ပါဘူးလို့ ကတိပေး...



ဒါဆို ကျွန်မ ပြောပြမယ်"

ဟု ပြောလိုက်၏။

သန်းဥက မျက်မှောင်ကြုတ်ကာ....

"မင်းက သိလို့လား"

ဟု မေးလိုက်၏။

မိန်းကလေးက ပြုံးကာ....

"ရှင် ကတိပေးမှာလား"

ဟု မေးလိုက်၏။

သန်းဥက စိတ်မရှည်ဟန်ဖြင့်....

"ကျုပ် ကတိပေးတယ်"

ဟု ပြောလိုက်၏။

မိန်းကလေးက ပြုံးလိုက်ပြီး....

"တစ်ခုတော့ ရှိတယ်... ရှင်က ခြေလှမ်း(၃)လှမ်း လှမ်းပြီး တိုင်း ထိုင်ထ(၁၀)ကြိမ် လုပ်ရမယ်... ဒါမှ ဒီဝင်္ဘာမှ ဖွဲ့စည်းထားတဲ့ ဓာတ်တွေပြယ်ပြီး လိုရာရောက်မယ်... အဲဒီလိုမှမဟုတ်ရင် တဝဲလည်လည်ဖြစ်နေတယ်"

ဟု ပြောလိုက်၏။

သန်းဥက မျက်မှောင်ကြုတ်ကာ....

"ထိုင်ထ မလုပ်ရင် မရဘူးလား"

ဟု မေးလိုက်၏။

မိန်းကလေးက ဦးခေါင်းခါယမ်းကာ....

"မရဘူး"

သန်းဥက သက်ပြင်းချလိုက်ပြီး....

"လုပ်မယ်... ပြော..."

ဟု ပြောလိုက်၏။

မိန်းကလေးက ပြုံး၍ ဝင်္ဂဘာကိုထိုးဖောက်ထွက်နိုင်ရန် ပြောပြလိုက်၏။

ပြီးမှ သူမသည် သန်းဥကို စူးစိုက်ကြည့်ကာ....

"ရှင့်ကိုတစ်ခုတော့ သတိပေးရဦးမယ်"

ဟု ပြောလိုက်၏။

သန်းဥက....

"ပြောပါ"

မိန်းကလေးက....

"အထဲကိုရောက်ရင် တံခါးတွေအများကြီးတွေ့မယ်... တံခါးတွေမှာ နာမည်ရေးထားတယ်... အဲဒီတံခါးတွေထဲက နိဗ္ဗာန်ဆိုတဲ့ တံခါးကို ဖွင့်ပြီးမဝင်နဲ့...."

ဟု ပြောလိုက်၏။

သန်းဥက....

"ဘာဖြစ်လို့လဲ"

မိန်းကလေးက....

"ရှင် နိဗ္ဗာန်ကိုရောက်သွားမှာစိုးလို့... နိဗ္ဗာန်ကိုရောက်သွားရင် ရှင့်ကို ဘယ်သူမှ မကယ်တင်နိုင်တော့ဘူး"

ဟု ပြောလိုက်၏။

သန်းဥက ဦးခေါင်းညိတ်ကာ....

"စိတ်ချပါ... ကျုပ် မှတ်ထားပါ့မယ်"

ဟု ပြောလိုက်၏။



ပြီးမှ သူသည် မိန်းကလေးကို တစ်ချက်ကြည့်ပြီး....

"ကျုပ် တစ်ခုမေးချင်တယ်"

မိန်းကလေးက....

"မေးပါ"

သန်းဥက....

"ကျုပ်ကို သေမင်းတောင်ကြားထဲက ဘာဖြစ်လို့ ကယ်ခဲ့တာလဲ"

ဟု မေးလိုက်၏။

မိန်းကလေးက ပြုံးလိုက်ပြီး....

"လမ်းကြုံလို့ပါ"

ဟု ဖြေလိုက်၏။

ချစ်သူ

သန်းဥက ဦးခေါင်းခါယမ်းလိုက်ပြီး....

"ထားပါတော့... ခင်ဗျားရဲ့ကောင်းမှုကြောင့် ကျုပ်အပြင်တခြားသိုင်းသမားတွေပါ အသက်ရှင်ခဲ့တယ်... ဒါကြောင့် ကျုပ်က ခင်ဗျားကို ကျေးဇူးတင်ပါတယ်"

ဟု ပြောလိုက်၏။

မိန်းကလေးက ပြုံးလိုက်ပြီး....

"ကျေးဇူးတင်ဖို့ မလိုပါဘူး... ရှင့်ကိုသေမင်းတောင်ကြားက ကယ်ခဲ့တာ... ကျွန်မရဲ့အပြစ်တွေကို ပြေပျောက်စေချင်လို့ပါ"

ဟု ပြောလိုက်၏။

မိန်းကလေး၏စကားကြောင့် သန်းဥသည် မျက်မှောင်ကြုတ်ကာ....

"မင်းက ဘာအပြစ်တွေ ပြုလုပ်မိလို့လဲ"

ဟု မေးလိုက်၏။

မိန်းကလေးက ပြုံးလိုက်ပြီး....

"နောက်တော့မှ ကျွန်မ ပြောပြပါ့မယ်"

ဟု ပြောလိုက်၏။

ထိုစကားကြောင့် သန်းဥက မျက်ခုံးပင့်ကာ....

"ဒါဆို ကျုပ်တို့ပြန်တွေ့ဦးမယ်ဆိုတဲ့ သဘောလား"

ဟု မေးလိုက်၏။

မိန်းကလေးက သက်ပြင်းချလိုက်ပြီး....

"ကံကြမ္မာဆိုတာ ဘယ်ပြောနိုင်ပါ့မလဲ... တကယ်လို့ ကျွန်မတို့ပြန်တွေ့တဲ့အခါမှာ ရှင်က ကျွန်မကို ရန်သူလို သဘောမထားရင် တော်ပါပြီ"

ဟု ပြောလိုက်၏။

ထိုစကားကြောင့် သန်းဥသည် မျက်ခုံးပင့်ကာ အံ့ဩသောလေသံဖြင့်....

"ကျုပ်တို့က ဘာဖြစ်လို့ ရန်သူဖြစ်ရမှာလဲ"

ဟု မေးလိုက်၏။

မိန်းကလေးက ပြုံးရင်း....

"ကံကြမ္မာဆိုတာ ဘယ်ပြောနိုင်မလဲ"

ဟု ပြောလိုက်၏။

သန်းဥက ပြုံးလိုက်ပြီး....

"ကောင်းပါပြီ... ကျုပ်ကတော့ မင်းနဲ့ ရန်သူမဖြစ်ချင်ပါဘူး"

ဟု ပြောလိုက်၏။



မိန်းကလေးက သက်ပြင်းချလိုက်ပြီး....

"ကဲ... ရှင် သွားတော့"

ဟု ပြောလိုက်၏။ ပြီးမှ....

"သြော်... နေဦး မေ့လို့... ရှင့်ရဲ့ ပထမဆုံးခြေလှမ်းကို မစခင် ထိုင်ထ (၁၀)ခါ လုပ်ရမယ်... ဒါမှ ဒီဝင်္ဂဘာရဲ့အစီအမံ ပျက်မှာ"

ဟု ပြောလိုက်၏။

သန်းဥက ဘာမျှပြန်မပြောတော့ပါ။

သူသည် ထိုင်ထ(၁၀)ခါ ပြုလုပ်လိုက်၏။

သန်းဥက ထိုသို့ ထိုင်ထ(၁၀)ခါ ပြုလုပ်လိုက်သည်နှင့်မိန်းကလေးထံမှ တခစ်ခစ်ဖြင့် ရယ်မောသံ ပေါ်ထွက်လာ၏။

ထို့ကြောင့် သန်းဥသည် ထိုင်ထပြုလုပ်ရာမှ ရပ်တန့်လိုက်ပြီး နောက်သို့လှည့်ကြည့်လိုက်၏။

ထိုသို့လှည့်ကြည့်လိုက်သည်နှင့် သန်းဥ၏မျက်လုံးသည် ပြူးကျယ်သွား၏။

အကြောင်းမှာ သူ၏နောက်ဘက်၌ မိန်းကလေးကို မတွေ့ရသောကြောင့်ဖြစ်၏။

မိန်းကလေးသည် မြေလျှိုးမိုးပျံသကဲ့သို့ ရုတ်တရက် ပျောက်ကွယ်သွားပြီ မဟုတ်ပါလား။

ψ ψ ψ

သန်းဥသည် နောက်ဆုံးခြေလှမ်းကို ရပ်တန့်လိုက်သောအခါ အဆောက်အဦ၏ တံခါးဝသို့ရောက်ရှိသွားလေတော့၏။

သူသည် တံခါးဝ၌ရပ်ကာ အတန်ကြာအောင် တံခါးကိုရှုစိုက်ကြည့်နေ၏။

အတန်ကြာမှ သူသည် နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး တံခါးရွက်ကိုတွန်းဖွင့်လိုက်၏။

ထို့နောက် သူသည် အခန်းထဲသို့ လှမ်းဝင်လိုက်၏။

အခန်းထဲသို့ရောက်သောအခါ ရှည်လျားသော စကြံန်လမ်းကိုတွေ့ရ၏။

စင်္ကြံန်လမ်း၏ဝဲယာတစ်ဘက်တစ်ချက်၌ တံခါးပေါက်များရှိ၏။

ထိုတံခါးပေါက်များ၏နဖူးစီး၌ နာမည်စာတမ်းများ ချိတ်ဆွဲထား၏။ စင်္ကြံန်လမ်း၏နံရံတစ်လျှောက်၌ မီးအိမ်များ ချိတ်ဆွဲထား၏။



သို့သော် မီးအိမ်များကို ခပ်မှိန်မှိန်သာ ထွန်းညှိထား၏။

ထို့ကြောင့် စင်္ကြံန်လမ်းတစ်လျှောက်၌ အလင်းရောင်လုံလောက်စွာ မရပါ။

ထိုအချိန်၌ အနက်ရောင်ဝတ်စုံနှင့် လူနှစ်ယောက်သည် စင်္ကြံန်လမ်းပေါ်သို့ ရုတ်တရက် ရောက်ရှိလာပြီး သန်းဥကို ဟန့်တားလိုက်၏။

"ရပ်...."

သန်းဥက ခြေလှမ်းရပ်တန့်လိုက်ပြီး အနက်ရောင်ဝတ်စုံနှင့် လူနှစ်ယောက်ကို တစ်ချက်ကြည့်ကာ....

"မင်းတို့ရဲ့ဂိုဏ်းချုပ်ကြီးကို ပြောလိုက်ပါ... မရဏတမန်တော် ရောက်နေတယ်လို့"

ဟု ပြောလိုက်၏။

အနက်ရောင်ဝတ်စုံနှင့်လူနှစ်ယောက်က တစ်ယောက်ကို တစ်ယောက်ကြည့်ပြီး ရယ်မောလိုက်၏။

ပြီးမှ တစ်ယောက်က....

"မရဏတမန်တော်ဆိုတိုင်း ငါတို့က ဂိုဏ်းချုပ်ကြီးကို ခေါ်ပေးမှာလား"

ဟု ပြောလိုက်၏။

သန်းဥက သက်ပြင်းချလိုက်ပြီး....

"ဒါဆို ကျုပ်ဘာသာပဲ သွားတွေ့တော့မယ်"

ဟု ပြောလိုက်၏။

ထို့နောက် သူသည် ရှေ့သို့ ဆက်၍လျှောက်သွား၏။

ထိုစဉ် အနက်ရောင်ဝတ်စုံနှင့်လူနှစ်ယောက်က 'ယား' ဟု

ဝမ်းခေါင်းသံဖြင့် အော်ဟစ်ကာ သန်းဥကို တစ်ပြိုင်တည်း ဝဲယာမှ ညှပ်၍ ဝင်ရောက်တိုက်ခိုက်လိုက်၏။

'ဝုန်း... ဝုန်း'ဟူသောအသံ ပေါ်ထွက်လာပြီး အနက်ရောင်ဝတ်စုံနှင့်လူနှစ်ယောက်သည် အဝေးသို့လွင့်စဉ်သွားလေတော့၏။

သန်းဥသည် မိမိ၏လက်နှစ်ဖက်ကို တအံ့တဩဖြင့် ကြည့်နေမိ၏။

အနက်ရောင်ဝတ်စုံနှင့်လူနှစ်ယောက်ကလည်း လဲကျနေရာမှ လူးလိမ့်ထကာ သန်းဥကို တအံ့တဩဖြင့် ကြည့်နေမိ၏။

သန်းဥသည် သူ၏လက်နှစ်ဖက်ကို အတန်ကြာအောင်ကြည့်နေ၏။

ပြီးမှ သက်ပြင်းချကာ....

"မမရဲ့ကျေးဇူးကို ကျွန်တော် ဘယ်တော့မှမေ့မှာ မဟုတ်ဘူး"

ဟု ရေရွတ်လိုက်၏။

တစ်ဆက်တည်းမှာပင် သူ၏မျက်လုံးအိမ်ထဲမှ မျက်ရည်ပူများသည် သူ၏ပါးပြင်ပေါ်သို့ တလိမ့်လိမ့်ဖြင့် ကျလာ၏။

ယခု သူ၏ခန္ဓာကိုယ်ပေါ်၌ အဆိပ်များ မရှိတော့ပါ။

ထို့ကြောင့် သူ့ကိုလာရောက်ထိသူတိုင်း သေဆုံးတော့မည် မဟုတ်ပါ။

သို့ဖြစ်၍ အရေးကြုံလာပါက ကာကွယ်နိုင်ရန် ချင်းချင်းက သူမ၏သိုင်းပညာရပ်များကို သင်ကြားပေးခဲ့ခြင်းဖြစ်၏။

ယခု သူသည် ထိုအနက်ရောင်ဝတ်စုံနှင့်လူနှစ်ယောက်ကို ချင်းချင်း၏သိုင်းကွက်ဖြင့် တိုက်ခိုက်လိုက်ခြင်းဖြစ်၏။



သို့သော် သူသည် ထိုလူနှစ်ယောက်ကို မည်သို့မည်ပုံတိုက်ခိုက်လိုက်ကြောင်း မသိပါ။

သူ၏မသိစိတ်မှ အလိုအလျောက် တိုက်ခိုက်လိုက်ခြင်းသာဖြစ်၏။

သန်းဥသည် သက်ပြင်းချလိုက်ပြီး ရှေ့သို့ဆက်၍ လျှောက်သွား၏။

ထိုစဉ် စကြံန်လမ်း၏ဝဲယာမှ တံခါးအားများပွင့်လာပြီး အနက်ရောင်ဝတ်စုံဝတ်ဆင်ထားသော လူ(၈)ယောက်ခန့် ပြေးထွက်လာ၏။ သူတို့၏လက်ထဲ၌ လက်နက်ကိုယ်စီ ကိုင်ထား၏။

သူတို့သည် အခန်းထဲမှ ပြေးထွက်လာပြီး သန်းဥကို ဝိုင်းရံ၍ တိုက်ခိုက်လိုက်၏။

'ဝုန်း... ဝုန်း... ဝုန်း'ဟူသောအသံများ ပေါ်ထွက်လာပြီး အနက်ရောင်ဝတ်ဆင်ထားသော လူ(၄)ယောက်သည် လက်နက်တခြား လူတခြားဖြစ်ကာ ကစဉ့်ကလျားဖြင့် လွင့်စဉ်သွား၏။

ကျန်လူ(၄)ယောက်ကလည်း မျက်လုံးပြူး မျက်ဆံပြူးဖြစ်ကာ နောက်သို့ဆုတ်သွား၏။

သန်းဥက နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး....

"မင်းတို့က ကျုပ်ကို လူသတ်ခိုင်းနေတာလား"

ဟု ပြောလိုက်၏။

ထိုစဉ် အခန်းတံခါးတစ်ချပ်ပွင့်လာပြီး လူတစ်ယောက်ထွက်လာ၏။

ထိုလူသည် တောင်ပင်လယ်ဂိုဏ်းချုပ်ကြီးချင်းဟိုက် ဖြစ်၏။

သူသည် လက်ခုပ်ဖြောင်းဖြောင်းတီးကာ....

"ကြိုက်သွားပြီ... မရဏတမန်တော်ဆိုတဲ့အတိုင်း တကယ်စွမ်းတာပဲ"

ဟု ပြောလိုက်၏။

သန်းဥက သက်ပြင်းချလိုက်ပြီး....

"ခင်ဗျားက ဂိုဏ်းချုပ်ကြီးဖြစ်ပြီး သူများဆီက လုယူသွားတဲ့ပစ္စည်းကို ဘာလို့ ပြန်မပေးချင်ရတာလဲ"

ဟု ပြောလိုက်၏။

ချင်းဟိုက်က ပြုံးလိုက်ပြီး....

"ဒီမှာ သူငယ်... ဒီအထဲကို ဝင်ချင်တိုင်း ထွက်ချင်တိုင်း ထွက်လို့ရမယ် ထင်လား... အခု မင်းဒီအထဲရောက်လာတာ ငါတို့ထဲက တစ်ယောက်က သစ္စာဖောက်လို့ရောက်လာတာ... နို့မဟုတ်ရင် ဝင်္ဘာထဲမှာ သေပြီ"

ဟု ပြောလိုက်၏။

သန်းဥက လက်ကာပြကာ....

"ဒီမှာ အပိုမပြောနဲ့... ကျုပ်ဆီက ယူသွားတဲ့ပစ္စည်းကို ပြန်ပေးပါ"

ဟု ပြောလိုက်၏။

ချင်းဟိုက်က ရယ်မောကာ....

"နေပါဦး... ဒီပစ္စည်းက မင်းရဲ့ဥစ္စာလား"

ဟု မေးလိုက်၏။

ချင်းဟိုက်၏စကားကြောင့် သန်းဥသည် မည်သို့ပြန်ပြောရမှန်းမသိအောင် ဖြစ်ကာ....



"ဟို... ဟို ကျုပ်ရဲ့ပစ္စည်းတော့မဟုတ်ဘူး... ဒါပေမယ့်"

သန်းဥ၏စကားမဆုံးမီ ချင်းဟိုက်က လက်ကာပြကာ....

"ဒီပစ္စည်းဟာ ဘာပစ္စည်းလည်းဆိုတာရော မင်းသိလား"

ဟု မေးလိုက်၏။

သန်းဥက....

"သိတယ်... နဂါးစိမ်းအမိန့်ရွှေပြား"

ဟု ပြောလိုက်၏။

ချင်းဟိုက်က ပြုံးကာ....

"မဆိုးဘူး... ဒီအမိန့်ဟာ ဘယ်လောက်တန်ဖိုးရှိတယ်ဆိုတာရော သိလား"

ဟု မေးလိုက်၏။

သန်းဥက ဦးခေါင်းညိတ်ကာ....

"သိတယ်"

ချင်းဟိုက်က ပြုံး၍....

"ဒါဆို မင်းကို အကြံတစ်ခုပေးမယ်... လက်ခံမလား"

ဟု ပြောလိုက်၏။

သန်းဥက မျက်မှောင်ကြုတ်ကာ....

"ဘာအကြံလဲ"

ဟု မေးလိုက်၏။

ချင်းဟိုက်က ပြုံး၍....

"ကျုပ်တို့ဂိုဏ်းထဲ ဝင်ပါ... မင်းကို ဒု–ဂိုဏ်းချုပ်ရာထူးပေးမယ်"

ဟု ပြောလိုက်၏။

သန်းဥက ဦးခေါင်းခါယမ်းကာ....

"ကျုပ်က ရာထူးမမက်ဘူး"

ဟု ပြောလိုက်၏။

ချင်းဟိုက်က ပြုံး၍....

"ဒါဆို မင်းက သိုင်းလောကတစ်ခုလုံးကို ချုပ်ကိုင်ချင်တာလား"

ဟု မေးလိုက်၏။

သန်းဥက ဦးခေါင်းခါယမ်းကာ....

"ဒါကို ကျုပ် စိတ်မဝင်စားဘူး"

ဟု ပြောလိုက်၏။

ချင်းဟိုက်က အံ့ဩဟန်ဖြင့် မျက်ခုံးပင့်ကာ....

"ဒါဆို မင်းက ဘာဖြစ်လို့ နဂါးစိမ်းအမိန့်ရွှေပြားကို ပြန်လိုချင်ရတာလဲ"

ဟု မေးလိုက်၏။

သန်းဥက....

"ကျုပ်လက်ထဲက လုသွားတဲ့ပစ္စည်းဖြစ်လို့ ကျုပ်က ပြန်လိုချင်တာ"

ဟု ပြောလိုက်၏။

ချင်းဟိုက်က ပြုံးလိုက်ပြီး....

"မင်းရဲ့လက်ထဲက လုသွားတာလား"

ဟု မေးလိုက်၏။

သန်းဥက....

"ဟုတ်တယ်"



ချင်းဟိုက်က ပြုံးကာ....

"ဒါဆို မင်းက ဘာဖြစ်လို့ ပြန်မလုတာလဲ"

ဟု ပြောလိုက်၏။

သန်းဥက သက်ပြင်းချလိုက်ပြီး....

"ကျုပ်က လူမသတ်ချင်လို့"

ချင်းဟိုက်က ရယ်မောလိုက်ပြီး....

"မင်းက လူမသတ်ချင်ပေမယ့် ကျုပ်ကတော့ ကျုပ်ရဲ့စကားကိုနားမထောင်ရင် မင်းကို သတ်ရမှာပဲ"

ဟု ပြောလိုက်၏။

သန်းဥက....

"ဝမ်းနည်းပါတယ်... ကျုပ်က ခင်ဗျားရဲ့စကားကို နားမထောင်နိုင်ပါဘူး"

ချင်းဟိုက်က....

"ကျုပ်ကလည်း ကျုပ်ရဲ့လက်ထဲရောက်လာတဲ့ပစ္စည်းကို ပြန်မပေးနိုင်ဘူး"

ဟု ပြောလိုက်၏။

ထို့နောက် ချင်းဟိုက်သည် လက်ကိုဝှေ့ယမ်းကာ....

"သတ်...."

ဟု အမိန့်ပေးလိုက်၏။

ချင်းဟိုက်က ထိုသို့အမိန့်ပေးလိုက်သည်နှင့် အနက်ရောင်ဝတ်ဆင်ထားသော လူ(၁၆)ယောက်သည် မည်သည့်နေရာမှ ထွက်လာမှန်းမသိ အလျှိုလျှို စကြ်န်လမ်းပေါ်သို့ရောက်ရှိလာလေတော့၏။

သူတို့သည် လက်နက်မျိုးစုံကိုင်ထား၏။

သူတို့သည် စကြ်န်လမ်းပေါ်သို့ရောက်လာသည်နှင့် သန်းဥကို ဝိုင်းရံလိုက်လေတော့သည် မဟုတ်ပါလား။

❦ ❦ ❦

တိုတောင်းသောအချိန်အတွင်းမှာပင် စကြ်န်လမ်းပေါ်၌ ဆူညံသွားလေတော့၏။

အားမာန်သွင်းသံ၊ ရိုက်နှက်ထိုးခုတ်သံ စသည်တို့ဖြင့် ဆူညံသွား၏။

အနက်ရောင်ဝတ်စုံဝတ်ဆင်ထားသော လူ(၁၆)ယောက်သည် သန်းဥကိုဝိုင်းရံ၍ တိုက်ခိုက်လိုက်၏။

သန်းဥသည် ထိုလူ(၁၆)ယောက်၏ကြား၌ ယိမ်းနွဲ့ရှောင်တိမ်းပြီးနောက် လက်ကိုဝှေ့ယမ်းလိုက်ရာ'ဝုန်း... ဝုန်း'ဟူသောအသံနှင့်အတူ အနက်ရောင်ဝတ်စုံနှင့်လူနှစ်ယောက်သည် အဝေးသို့လွင့်စဉ်သွား၏။

ထို့နောက် သန်းဥက ခြေရော လက်ပါ ထပ်မံလှုပ်ရှားလိုက်ရာ အနက်ရောင်ဝတ်စုံဝတ်ဆင်ထားသောလူ(၁၂)ယောက်**သည်** ဖရိုဖရဲဖြစ်သွား၏။

မကြာမီ အနက်ရောင်ဝတ်စုံဝတ်ဆင်ထားသောလူများသည် တစ်ယောက်ပြီးတစ်ယောက် လွင့်စဉ်သွားရာ ယခုနှစ်ယောက်



သာ ကျန်တော့၏။

ထိုနှစ်ယောက်သည် သန်းဥကို ထိတ်လန့်တုန်လှုပ်စွာကြည့်နေ၏။

ထို့နောက် သူတို့သည် လက်ထဲမှဓားများကို လွှတ်ချပြီးနောက်သို့ထွက်ပြေးသွားလေတော့၏။

သန်းဥက စကြ်န်လမ်းပေါ်မှ ဓားတစ်လက်ကို ကောက်ယူလိုက်၏။ ပြီးမှ သူသည် ချင်းဟိုက်ကို လှမ်းကြည့်လိုက်၏။

ချင်းဟိုက်သည် သန်းဥကို မယုံကြည်နိုင်လောက်အောင် အံ့ဩသောမျက်လုံးများဖြင့် ကြည့်နေ၏။

သန်းဥက ချင်းဟိုက်ထံသို့ တစ်လှမ်းချင်း လျှောက်လာရင်း....

"ကျုပ်ရဲ့ပစ္စည်းကို ပေးပါ"

ဟု ပြောလိုက်၏။

ထိုစဉ် ရုတ်တရက်....

"ရှင်က **ကျွန်မကို** ကျော်နိုင်မယ်ဆိုရင် သူက ပေးမှာပါ"

ဟု **ပြောလိုက်သောစ**ကားသံ ပေါ်ထွက်လာပြီး ချင်းဟိုက်၏နောက်မှ **မိန်းကလေးတစ်ယောက်** ထွက်လာ၏။

**ထိုမိန်း**ကလေးကို မြင်တွေ့လိုက်ရသောအခါ သန်းဥသည် ထိတ်လန့်တုန်လှုပ်သွားပြီး လက်ထဲမှဓားပင် စကြ်န်လမ်းပေါ်သို့ လွတ်ကျသွားလေတော့၏။

အကြောင်းမှာ ထိုမိန်းကလေးသည် ချင်းချင်းဖြစ်နေသောကြောင့်ပင် မဟုတ်ပါလား။

သန်းဥသည် မိန်းကလေးကိုငေး၍ ကြည့်နေ၏။

မိန်းကလေးက သန်းဥထံသို့တစ်လှမ်းချင်း လျှောက်လာရင်း....

"မင်းက မရဏတမန်တော်လား"

ဟု မေးလိုက်၏။

သန်းဥသည် မိန်းကလေး၏အမေးကို မဖြေပါ။

သူသည် မိန်းကလေးကိုသာ ငေး၍ ကြည့်ရင်း....

"မဖြစ်နိုင်ဘူး... မဖြစ်နိုင်ဘူး"

ဟု ရေရွတ်နေ၏။

မိန်းကလေးက သန်းဥ၏အနီး၌ ရပ်လိုက်ပြီး....

"မင်းရဲ့ပညာကို ကြည့်ပါရစေ"

ဟု ပြောလိုက်၏။

သန်းဥက ဘာမျှပြန်မပြောပါ။

သူသည် မယုံကြည်နိုင်လောက်အောင် အံ့သြသော မျက်လုံးများဖြင့် မိန်းကလေးကို ကြည့်နေဆဲဖြစ်၏။

မိန်းကလေးက သန်းဥ၏အမူအရာကိုကြည့်ပြီး မျက်မှောင်ကြုတ်ကာ....

"ရှင် ဘာဖြစ်နေတာလဲ"

ဟု မေးလိုက်၏။

သန်းဥက ယောင်ယောင်မှားမှားဖြင့်....

"ခင်ဗျာ...."

ဟု ထူးလိုက်၏။

မိန်းကလေးက....

"ရှင် ဘယ်သူလဲ"



ဟု မေးလိုက်၏။

သန်းဥက....

"ဗျာ...."

ဟု သာ ထူးလိုက်၏။

မိန်းကလေးက စိတ်ပျက်ဟန်ဖြင့် နှာခေါင်းကိုရှုံ့မဲ့လိုက်ပြီး ဦးခေါင်းကိုခါယမ်းလိုက်၏။

ပြီးမှ မိန်းကလေးက....

"ဒီမှာ ရှင့်နာမည် ဘယ်သူလဲ"

ဟု မေးလိုက်၏။

သန်းဥက....

"မဖြစ်နိုင်ဘူး... မဖြစ်နိုင်ဘူး"

ဟု ရေရွတ်လိုက်၏။

မိန်းကလေးက မျက်မှောင်ကြုတ်ကာ....

"ရှင့် ဘယ်သူလဲ"

ဟု မေးလိုက်၏။

သန်းဥက သက်ပြင်းတစ်ချက်ချလိုက်ပြီး....

"မင်းကရော ဘယ်သူလဲ"

ဟု ပြန်မေးလိုက်၏။

မိန်းကလေးက....

"ကျွန်မက ရှင့်ကိုသတ်ဖို့ရောက်လာတဲ့ သေမင်းတမန်"

ဟု ပြောလိုက်၏။

သန်းဥက....

"ကျုပ်... ကျုပ်... ခင်ဗျားနဲ့ ရန်မဖြစ်ချင်ဘူး"

ဟု ပြောလိုက်၏။

မိန်းကလေးက ရယ်မောလိုက်ပြီး....

"ကျွန်မက ရှင့်ကိုသတ်ဖို့ တကူးတက လာခဲ့ရတာ"

ဟု ပြောလိုက်၏။

သန်းဦးက သက်ပြင်းချလိုက်ပြီး....

"ကျုပ်... ကျုပ် ခင်ဗျားကို မတိုက်ခိုက်ချင်ဘူး"

ဟု ပြောလိုက်၏။

ထိုစဉ် မိန်းကလေးက ဓားကိုဝင့်လိုက်ပြီး သန်းဦးကို တိုက်ခိုက်လိုက်၏။

ထို့ကြောင့် သန်းဦးသည် မျက်လုံးပြူးကာ ကပျာကယာ ရှောင်တိမ်းလိုက်ရင်း....

"ဟော့... ဟော့... မလုပ်နဲ့"

ဟု ပြောလိုက်၏။

သို့သော် မိန်းကလေးက **ရပ်တန့်ခြင်း** မရှိပါ။

သူမသည် ရှေ့သို့တိုးလာပြီး **သန်းဦး**၏ခန္ဓာကိုယ်တစ်နေရာသို့ လက်ဖြင့် ထောက်လိုက်၏။

ထို့ကြောင့် သန်းဦး၏ခန္ဓာကိုယ်သည် ရုတ်တရက် ထုံကျင်သွားပြီး....

"မမ ရက်စက်တယ်.... "

ဟု ရေရွတ်ကာ စကြ်န်လမ်းပေါ်သို့ လဲကျသွားလေတော့၏။

မိန်းကလေးသည် သန်းဦးကို မျက်မှောင်ကြုတ်၍ ကြည့်နေ၏။ သူမ၏စိတ်ထဲ၌လည်း ဇဝေဇဝါဖြစ်နေ၏။



သူမ၏တိုက်ခိုက်မှုကို တိမ်းရှောင်လိုက်သော သိုင်းကွက်သည် ပန်းပေါ်ဝဲပျံလိပ်ပြာဟန် သိုင်းကွက်ဖြစ်နေသောကြောင့်ပင် မဟုတ်ပါလား။

ဏ ဏ ဏ

သန်းဦးသည် မည်မျှကြာအောင် သတိမေ့သွားသည်မသိပါ။

ပြန်လည်သတိရလာသောအခါ **အချုပ်ခန်းတစ်ခု**ထဲသို့ ရောက်နေကြောင်း သိရ၏။

ထို့ကြောင့် သူသည် သက်ပြင်းချလိုက်ပြီး **ထထိုင်လိုက်၏။**

အချုပ်ခန်း၏ကြမ်းပြင်သည် စိုထိုင်းပြီး အေးစက်နေ၏။

သူသည် **နှုတ်ခမ်းကိုတစ်ချက်**ကိုက်လိုက်ပြီး ထိုင်ရာမှ ထလိုက်၏။

**ထို့နောက် သူသည် ပတ်ဝန်း**ကျင်ကိုတစ်ချက် ကြည့်လိုက်၏။

အချုပ်ခန်းသည် မြေအောက်၌ တည်ဆောက်ထားသော အချုပ်ခန်း ဖြစ်၏။

ထို့အပြင် မိမိ၏မျက်နှာချင်းဆိုင်၌လည်း အချုပ်ခန်းတစ်ခန်းရှိကြောင်း တွေ့ရ၏။

ထိုအချုပ်ခန်းထဲ၌ အနီရောင်ဝတ်ဆင်ထားသောမိန်းကလေးတစ်ယောက်ကို တွေ့ရ၏။

ထို့ကြောင့် သန်းဉသည် မျက်မှောင်ကြုတ်သွားပြီး မိမိကို အကူအညီပေးခဲ့သောမိန်းကလေးများလားဟု စိတ်ထဲမှ ထင်မှတ်လိုက်၏။

ထို့ကြောင့် သန်းဉသည် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ပြီး....

"ရှူး... ရှူး... မိန်းကလေး...."

ဟု လှမ်းခေါ်လိုက်၏။

သန်းဉ၏အသံကြောင့် အချုပ်ခန်းထဲမှ မိန်းကလေးသည် သန်းဉဘက်သို့ လှမ်းကြည့်လိုက်ပြီး....

"ဩော်... ရှင်ကို...."

ဟု ရေရွတ်**လိုက်၏**။

သန်းဉက **သက်ပြင်းချ**လိုက်ပြီး....

"ခင်ဗျားက ဘယ်**လိုလုပ်ပြီး အဖမ်းခံရတာလဲ**"

ဟု မေးလိုက်၏။

မိန်းကလေးက ပြုံးလိုက်ပြီး....

"ရှင်ကရော... ဘယ်လိုလုပ်ပြီး **အဖမ်းခံရတာလဲ**"

ဟု ပြန်မေးလိုက်၏။

သန်းဉက....

"ကျုပ်က တောင်ပင်လယ်ဂိုဏ်းချုပ်ကြီးဆီ ကျုပ်ရဲ့ပစ္စည်းကိုလာတောင်းလို့ အဖမ်းခံရတာ"

ဟု ပြောလိုက်၏။

မိန်းကလေးက....

"ဘာပစ္စည်းလဲ"



ဟု မေးလိုက်၏။

သန်းဉက....

"နဂါးစိမ်းအမိန့်ရွှေပြားပါ"

ဟု **ပြောလိုက်၏**။

သန်းဉ**၏စကားကြောင့်** မိန်းကလေးက မျက်မှောင်ကြုတ်ကာ....

"ရှင့်ရဲ့ပစ္စည်းလား"

ဟု မေးလိုက်၏။

သန်းဉက....

"ကျုပ်ရဲ့ပစ္စည်းတော့ မဟုတ်ဘူး... ဒါပေမယ့် ကျုပ်ကောက်ရခဲ့တာ... ဒါကို ကျုပ်ရဲ့လက်ထဲက တောင်ပင်လယ်ဂိုဏ်းက လုယူသွားခဲ့တာ"

ဟု ပြောလိုက်၏။

မိန်းကလေးက မျက်မှောင်ကြုတ်ကာ....

"နဂါးစိမ်းအမိန့်ဟာ ဘယ်လိုပစ္စည်းဆိုတာ ရှင်က မသိဘူးလား"

ဟု မေး**လိုက်၏**။

သန်းဉက **သက်ပြင်းချကာ....**

"အမှန်ပြောရရင် ကျုပ်ဟာ သိုင်းလောကသား မဟုတ်ဘူး... သိုင်းလောကရဲ့အကြောင်းကိုလည်း မသိဘူး...ဒါကြောင့် ဒီပစ္စည်းဟာ ဘာမှန်းတောင် မသိခဲ့ဘူး"

ဟု ပြောလိုက်၏။

မိန်းကလေးက မျက်မှောင်ကြုတ်ရင်း....

"ဒါဖြင့်… ဘာဖြစ်လို့သိတာလဲ"

ဟု မေးလိုက်၏။

သန်းဥက….

"လျှံအဘိုးအိုက ပြောလို့သိတာပါ"

ဟု ပြောလိုက်၏။

မိန်းကလေးက….

"ရှင်က သူ့ကို ပြလိုက်လို့လား"

သန်းဥက ခေါင်းညိတ်ပြကာ….

"ဟုတ်တယ်… ကျုပ်က သူ့ကိုပြလိုက်မိတယ်"

မိန်းကလေးက….

"နောက်ထပ် ဘယ်သူ့ကိုပြသေးလဲ"

သန်းဥက….

"ဘယ်သူ့ကိုမှ မပြပါဘူး"

မိန်းကလေးက….

"ဒါဆို တောင်ပင်လယ်ဂိုဏ်းက လူတွေက ရှင့်ဆီမှာ ဒီပစ္စည်းရှိကြောင်းကို ဘယ်လိုလုပ်သိလဲ"

ဟု မေးလိုက်၏။

မိန်းကလေး၏စကားကြောင့် သန်းဥသည် တွေဝေ၍သွား၏။

ပြီးမှ သူသည် ဦးခေါင်းကိုကုပ်ကာ….

"ကျုပ်လည်း မသိဘူး"

ဟု ပြောလိုက်၏။

မိန်းကလေးက….



"လျှံအဘိုးအိုက တောင်ပင်လယ်ဂိုဏ်းက လူယောင်ဟန်ဆောင်ပြီး ရှင့်ဆီက လုယူတာရော မဖြစ်နိုင်ဘူးလား"

ဟု မေးလိုက်၏။

သန်းဥက….

"ကျုပ်ဆီက လုသွားတာ တောင်ပင်လယ်ဂိုဏ်းကလူဆိုတာ သိတယ်"

မိန်းကလေးက မျက်မှောင်ကြုတ်ကာ….

"ရှင်က သိုင်းလောကသားလည်း မဟုတ်ဘဲ… သိုင်းလောကအကြောင်းလည်း မသိဘူးဆို"

ဟု ပြောလိုက်၏။

သန်းဥက…..

"ဟုတ်ပါတယ်"

မိန်းကလေးက….

"ဒါဖြင့် ရှင့်လက်ထဲက လုသွားတဲ့လူဟာ တောင်ပင်လယ်ဂိုဏ်းကလူလို့ ဘာဖြစ်လို့ပြောရတာလဲ"

မိန်းကလေး၏စကားကြောင့် သန်းဥသည် မည်သို့ပြန်ဖြေရမှန်း မသိအောင် အိုးတိုးအတ ဖြစ်သွားပြီးမှ….

"ဟို… ဟို တံငါသည်သိုင်းသမားကြီးက ပြောတာပါ"

ဟု ပြောလိုက်၏။

မိန်းကလေးက သက်ပြင်းချလိုက်ပြီး….

"အခု ဂိုဏ်းချုပ်ကြီးက ဘာပြောလဲ"

ဟု မေးလိုက်၏။

သန်းဥက….

"မပေးဘူးလို့ ပြောတယ်"

မိန်းကလေးက ပြုံးလိုက်ပြီး....

"ဒီလိုပစ္စည်းမျိုးရထားတဲ့လူဟာ ပြန်ပေးပါ့မလား"

ဟု ပြောလိုက်၏။

သန်းဥက....

"ကျုပ်ကတော့ ရအောင် ယူရမှာပဲ"

ဟု ပြောလိုက်၏။

မိန်းကလေးက ရယ်မောကာ....

"အခု ရှင်က အချုပ်ခန်းထဲရောက်နေပြီ... ဘယ်လိုလုပ်ပြီး ပြန်ရအောင် ယူမှာလဲ"

ဟု ပြောလိုက်၏။

သန်းဥက သက်ပြင်းချလိုက်ပြီး....

"ထားပါတော့... ခင်ဗျားရော ဘာဖြစ်လို့ အချုပ်ခန်းထဲ ရောက်နေရတာလဲ"

ဟု မေးလိုက်၏။

မိန်းကလေးက ပြုံးလိုက်ပြီး....

"ရှင် မသိချင်စမ်းပါနဲ့"

ဟု ပြောလိုက်၏။

သန်းဥက....

"ဘာဖြစ်လို့လဲ"

ဟု မေးလိုက်၏။

မိန်းကလေးက....

"သိရင် ရှင်က ကျွန်မကို မုန်းသွားလိမ့်မယ်"



ဟု ပြောလိုက်၏။

သန်းဥက အံ့ဩဟန်ဖြင့် မျက်ခုံးပင့်ကာ....

"ဘာဖြစ်လို့လဲ"

ဟု မေးလိုက်၏။

မိန်းကလေးက ပြုံးလိုက်ပြီး....

"ကျွန်မက တောင်ပင်လယ်ဂိုဏ်းချုပ်ကြီးရဲ့သမီး ဖြစ်နေလို့ ပေါ့'

ဟု ပြောလိုက်၏။

မိန်းကလေး၏စကားကြောင့် သန်းဥသည် မိန်းကလေးကို မျက်လုံးပြူး၍ ကြည့်လိုက်၏။

ပြီးမှ သူသည် သဘောကျစွာဖြင့် ရယ်မောလိုက်ပြီး....

"ခင်ဗျားက အချုပ်ခန်းထဲရောက်နေတာတောင် ရယ်စရာ ပြောနိုင်သေးတယ်"

ဟု ပြောလိုက်၏။

မိန်းကလေးက မျက်ခုံးပင့်ကာ....

"ကျွန်မပြောတဲ့စကားထဲမှာ ရယ်စရာ မပါ ပါလား"

ဟု ပြောလိုက်၏။

သန်းဥက ပြုံးကာ....

"မင်းကသာ တောင်ပင်လယ်ဂိုဏ်းချုပ်ကြီးရဲ့သမီးဆိုရင် အ ခုလို အချုပ်ခန်းထဲ ရောက်နေပါ့မလား"

ဟု ပြောလိုက်၏။

မိန်းကလေးက ရယ်မောလိုက်ပြီး....

"ဂိုဏ်းချုပ်ကြီးသမီးကရော အချုပ်ခန်းထဲမရောက်ရဘူးလို့

ဘယ်သူက အာမခံမှာလဲ"

ဟု ပြောလိုက်၏။

သန်းဥက....

"ဘာပဲဖြစ်ဖြစ်... ကိုယ့်သားသမီးကိုတော့ ဒီလိုမလုပ်သင့်ပါဘူး"

ဟု ပြောလိုက်၏။

မိန်းကလေးက....

"ကျွန်မက သူ့ကိုစိတ်ဆိုးအောင် လုပ်လိုက်တာကို"

သန်းဥက....

"မင်းက သူ့ကိုစိတ်ဆိုးအောင် ဘာလုပ်မိလို့လဲ"

ဟု မေးလိုက်၏။

မိန်းကလေးက ပြုံးကာ....

"ရှင့်ကို အကူအညီပေးလိုက်လို့"

ဟု ပြောလိုက်၏။

မိန်းကလေး၏စကားကြောင့် သန်းဥသည် မျက်လုံးပြူးသွားပြီး....

"ကျုပ်ကိုကူညီလို့ ဟုတ်လား"

ဟု မေးလိုက်၏။

မိန်းကလေးက....

"ဟုတ်တယ်"

သန်းဥက လေပူတစ်ချက်မှုတ်ထုတ်လိုက်ပြီး....

"မင်းက ကျုပ်ကိုဘာဖြစ်လို့ ကူညီတာလဲ"

ဟု မေးလိုက်၏။



မိန်းကလေးက....

"ကျွန်မအဖေရဲ့လုပ်ရပ်ဟာ မှားတယ်ထင်လို့"

ဟု ပြောလိုက်၏။

သန်းဥက မျက်မှောင်ကြုတ်ကာ....

"အင်း... တံငါသည်သိုင်းသမားကြီးကတော့ တောင်ပင်လယ်ဂိုဏ်းဟာ ဒုစရိုက်ဂိုဏ်းလို့ပြောတယ်"

ဟု ပြောလိုက်၏။

မိန်းကလေးက သက်ပြင်းချလိုက်ပြီး....

"ဒါနဲ့ ရှင်က ဘယ်လိုအဖမ်းခံလိုက်ရတာလဲ"

ဟု မေးလိုက်၏။

သန်းဥက....

"မိန်းကလေးတစ်ယောက်ကြောင့်ပေါ့ဗျာ"

ဟု ပြောလိုက်၏။

မိန်းကလေးက မျက်မှောင်ကြုတ်ကာ.....

"မိန်းကလေး ဟုတ်လား"

သန်းဥက....

"ဟုတ်တယ်"

မိန်းကလေးက....

"ဘယ်သူလဲ"

သန်းဥက....

"ကျုပ် ဘယ်သိမလဲ"

ဟု ပြောလိုက်၏။

မိန်းကလေးက....

"မဟုတ်ဘူးလေ... ပုံပန်းသဏ္ဌာန်ကိုပြောတာ"

ဟု ပြောလိုက်၏။

သန်းဥက မိန်းကလေး၏ပုံသဏ္ဌာန်ကို ပြောပြလိုက်၏။

မိန်းကလေးက....

"သူက ကျွန်မတို့ဂိုဏ်းက မဟုတ်ဘူး"

ဟု ပြောလိုက်၏။

သန်းဥက မျက်ခုံးပင့်ကာ....

"သူက ဘယ်သူလဲ"

ဟု မေးလိုက်၏။

မိန်းကလေးက....

"သူက ပန်းပေါင်းစုံတောင်ကြားက သူ့နာမည်က ကျင်းကျင်းလို့ခေါ်တယ်"

မိန်းကလေး၏စကားကြောင့် သန်းဥသည် မျက်မှောင်ကြုတ်သွား၏။

ပြီးမှ....

"ဒါဆို မင်းတို့ပင်လယ်ဂိုဏ်းနဲ့ ပန်းပေါင်းစုံတောင်ကြားဟာ ဆက်သွယ်မှုရှိတာပေါ့ ဟုတ်လား"

ဟု မေးလိုက်၏။

မိန်းကလေးက....

"အင်း... ဘယ်လိုပြောရမှန်းတောင် မသိဘူး... ဒီလိုပါ ကျင်းကျင်းရဲ့ဆရာနဲ့ ကျွန်မရဲ့အဖေက ရင်းနှီးတဲ့မိတ်ဆွေတွေပါ... အခု အဖေဟာ အကူအညီတောင်းလို့ ကျင်းကျင်းရဲ့ဆရာက ကျင်းကျင်းကို လွှတ်လိုက်တာပါ"



ဟု ပြောလိုက်၏။

သန်းဥက....

"ဘာပဲဖြစ်ဖြစ် ခင်ဗျားတို့ဂိုဏ်းဟာ ဒုစရိုက်ဂိုဏ်းဖြစ်ရင် ပန်းပေါင်းစုံတောင်ကြားဟာလည်း ဒုစရိုက်အဖွဲ့အစည်းပဲ ဖြစ်မယ်"

ဟု ပြောလိုက်၏။ ပြီးမှ သန်းဥသည် လေပူတစ်ချက်မှုတ်ထုတ်လိုက်ရင်း....

"ကျုပ်ကြောင့် ခင်ဗျားအဖမ်းခံရတာ ကျုပ် စိတ်မကောင်းပါဘူး"

ဟု ပြောလိုက်၏။

မိန်းကလေးက ပြုံး၍....

"စိတ်မကောင်းမဖြစ်ပါနဲ့... ကျွန်မက ကျွန်မလုပ်တာ မှန်တယ်ဆိုရင် သေချင်သေပါစေ လုပ်မှာပဲ"

ဟု ပြောလိုက်၏။

သန်းဥက ပြုံးလိုက်ပြီး....

"မင်းရဲ့သတ္တိကို ချီးကျူးပါတယ်... ဒါနဲ့ မင်းရဲ့နာမည်ကို သိရဘူးလား"

ဟု မေးလိုက်၏။

မိန်းကလေးက ပြုံးကာ....

"စီးရင်ပါ... ချင်းစီးရင် ပါ"

ဟု ပြောလိုက်၏။

သန်းဥက....

"ကျုပ်နာမည် သန်းဥပါ... ကျုပ်အမေ ပေးတဲ့နာမည်တော့ မဟုတ်ဘူး... လှိုအဘိုးအိုပေးတဲ့နာမည်ပါ"

ဟုပြောလိုက်၏။

မိန်းကလေးက အံ့သြဟန်ဖြင့်....

"ရှင့်အမေက ဘာဖြစ်လို့ ရှင့်ကိုနာမည်မပေးခဲ့တာလဲ"

ဟုမေးလိုက်၏။

သန်းဥက....

"ဒါတော့ ကျုပ်လည်းမသိဘူး"

ဟုပြောလိုက်၏။

ထိုစဉ် ရုတ်တရက် မြေအောက်ခန်းတံခါးဖွင့်သံကို ကြားလိုက်ရလေတော့၏။

တစ်ဆက်တည်းမှာပင် လှေကားအတိုင်း ဆင်းလာသောမိန်းကလေးကို တွေ့လိုက်ရ၏။

ထိုမိန်းကလေးကို မြင်တွေ့လိုက်သည်နှင့် သန်းဥသည်မျက်မှောင်ကြုတ်လိုက်မိ၏။

အကြောင်းမှာ ထိုမိန်းကလေးသည် မိမိကို အကြောပိတ်၍ဖမ်းခဲ့သော'ကျင်းကျင်း'ဆိုသည့်မိန်းကလေးပင် ဖြစ်နေသောကြောင့်မဟုတ်ပါလား။

ႃ ႃ ႃ

ကျင်းကျင်းက သန်းဥ၏အချုပ်ခန်းရှေ့၌ရပ်လိုက်၏။

သန်းဥက ကျင်းကျင်းကို မျက်မှောင်ကြုတ်၍ကြည့်လိုက်



ပြီး ....

"ခင်ဗျား ဘာလာလုပ်တာလဲ"

ဟုမေးလိုက်၏။

ကျင်းကျင်းက သန်းဥကိုပြုံးပြလိုက်ပြီး....

"ရှင့်ကိုလာကယ်တာ"

ဟုပြောလိုက်၏။

ကျင်းကျင်း၏စကားကြောင့် သန်းဥသည် မျက်မှောင်ကြုတ်ကာ....

"ခင်ဗျား ဘာမဟုတ်တာကြီးမလို့လဲ"

ဟု ပြောလိုက်၏။

ကျင်းကျင်းက ပြုံးလိုက်ပြီး အချုပ်ခန်းတံခါးကို သော့ဖွင့်လိုက်၏။ ပြီးမှ....

"စကားများများနဲ့ ရှင့်ကိုလာကယ်တာ မြန်မြန်လုပ်"

ဟု ပြောလိုက်၏။

သန်းဥက ဘာမျှမပြောတော့ဘဲ အချုပ်ခန်းထဲမှ ထွက်လိုက်၏။

ကျင်းကျင်းက....

"လာ...."

ဟု ပြောကာ ရှေ့မှထွက်သွား၏။

သန်းဥက....

"နေဦး...."

ဟု လှမ်း၍ ဟန့်တားလိုက်၏။

သန်းဥက လှမ်း၍ ဟန့်တားလိုက်သဖြင့် ကျင်းကျင်းက

မျက်မှောင်ကြုတ်ကာ....

"ဘာဖြစ်လို့လဲ... အချိန်မရှိဘူး"

ဟု ပြောလိုက်၏။

သန်းဉက....

"ဟိုမှာ တစ်ယောက်ကျန်သေးတယ်"

ဟု ပြောကာ စီးရင်ကို ညွှန်ပြလိုက်သည်။

ကျင်းကျင်းက....

"ကျွန်မက ရှင့်ကိုလာကယ်တာ... သူ့ကိုလာကယ်တာမှ မဟုတ်ဘဲ"

ဟု ပြောလိုက်၏။

ကျင်းကျင်း၏စကားဆုံးသည်နှင့် သန်းဉသည် အချုပ်ခန်းထဲသို့ ပြန်ဝင်လိုက်၏။

သန်းဉ၏အပြုအမူကြောင့် ကျင်းကျင်းသည် မျက်မှောင်ကြုတ်ကာ....

"ရှင် ဘာလုပ်တာလဲ"

ဟု မေးလိုက်၏။

သန်းဉက....

"အချုပ်ခန်းထဲ ပြန်ဝင်တာ"

ဟု ပြောလိုက်၏။

ကျင်းကျင်းက စိတ်ပျက်ဟန်ဖြင့် ဦးခေါင်းခါယမ်းလိုက်ပြီး လက်ထဲမှသော့ဖြင့် စီးရင်၏အချုပ်ခန်းကို ဖွင့်လိုက်၏။

ပြီးမှ စီးရင်ကို ကြည့်ကာ....

"မြန်မြန်လာ... အချိန်မရှိဘူး"



ဟု ပြောလိုက်၏။

ကျင်းကျင်းက စီးရင်၏အချုပ်ခန်းကိုဖွင့်ပေးလိုက်သော အခါမှ သန်းဉသည် အချုပ်ခန်းထဲမှထွက်လာပြီး စီးရင်အား....

"လာ ညီမ... ဒီက ထွက်ပြေးရအောင်"

ဟု ပြောလိုက်၏။

စီးရင်က ဦးခေါင်းခါယမ်းကာ....

"ရှင်တို့သာ လွတ်အောင်ပြေးပါ... ကျွန်မအတွက် အရေးမကြီးဘူး"

ဟု ပြောလိုက်၏။

သန်းဉက ဘာမျှမပြောတော့ဘဲ စီးရင်၏လက်ကိုဆွဲကာ စီးရင်ကို အချုပ်ခန်းထဲမှ ဆွဲထုတ်လိုက်လေတော့၏။

ထို့နောက် သူတို့သည် မြေအောက်အချုပ်ခန်းထဲမှ ထွက်ပြေးလာခဲ့လေတော့၏။

သူတို့သည် မြေအောက်အချုပ်ခန်းထဲမှ ထွက်လာပြီးနောက် စကြံန်လမ်းပေါ်သို့ရောက်သည်နှင့် သူတို့၏ရှေ့၌ လူ(၅) ယောက် လမ်းပိတ်၍ ရပ်နေသည်ကိုတွေ့လိုက်ရ၏။

ထိုလူငါးယောက်သည် ကျင်းကျင်းတို့ကိုမြင်တွေ့လိုက်သည်နှင့် အံ့အားသင့်သွားပြီး....

"ဟေ့... မင်းတို့...."

သူတို့၏စကားမဆုံးမီ ကျင်းကျင်းက ထိုလူ(၅)ယောက်ကို ဝင်ရောက်တိုက်ခိုက်လိုက်လေတော့၏။

ထိုစဉ် ရတ်တရက် အချက်ပေးသံချောင်းခေါက်သံများ ဆူညံစွာပေါ်ထွက်လာပြီး အနက်ရောင်ဝတ်စုံဝတ်ဆင်ထားသောလူ

များသည် တစ်ယောက်ပြီးတစ်ယောက် ရောက်ရှိလာလေတော့၏။

သန်းဥသည် လေပူတစ်ချက်မှုတ်ထုတ်လိုက်ပြီး ကျင်းကျင်းနှင့်အတူ အနက်ရောင်ဝတ်စုံဝတ်ဆင်ထားသောလူများကို ဝင်ရောက်တိုက်ခိုက်လိုက်၏။

ထို့နောက် သူတို့သည် စကြံနံလမ်းကို ဖြတ်ကျော်ကာ အပြင်သို့ ရောက်ရှိလာလေတော့၏။

သို့သော် သူတို့သည် ဆက်၍ မပြေးသွားနိုင်တော့ပါ။

အကြောင်းမှာ သူတို့ကို လူ(၂၀၀)ကျော်ခန့်က အသင့်စောင့်ဆိုင်းနေသောကြောင့်ပင် ဖြစ်သည်မဟုတ်ပါလား။

ᛘ ᛘ ᛘ

သန်းဥသည် သက်ပြင်းချလိုက်၏။

ယခု လက်ရှိအခြေအနေအရ သူတို့သည် လွတ်မြောက်နိုင်ရန် လမ်းစမရှိတော့ပါ။

ထို့ကြောင့် သူသည် ဆုံးဖြတ်ချက်တစ်ခုချလိုက်ပြီး....

"ဒီမှာ ခင်ဗျား လွတ်အောင်ပြေး... ကျုပ် သူတို့ကို ဟန့်တားထားမယ်"

ဟု ကျင်းကျင်းကို ပြောလိုက်၏။

ကျင်းကျင်းက သန်းဥကိုကြည့်ကာ....

"ကျွန်မက ရှင့်ကိုလာကယ်တာ... ရှင် လွတ်အောင်ပြေး... ကျွန်မ ဟန့်တားထားမယ်"

ဟု ပြောလိုက်၏။

သန်းဥက ဦးခေါင်းခါယမ်းပြကာ....

"မဟုတ်ဘူး... ကျုပ်ကြောင့် ခင်ဗျားဒုက္ခမရောက်စေချင်ဘူး... ဒါကြောင့် ခင်ဗျားပြေးပါ... ကျုပ် ခုခံထားမယ်"

ဟု ပြောလိုက်၏။

ကျင်းကျင်းက ပြုံးကာ....

"ကဲပါ... မထူးပါဘူး... ကျွန်မတို့(၃)ယောက် ပူးပေါင်းပြီး ထိုးဖောက်ထွက်မယ်"

ပြောလိုက်၏။

ထိုစဉ် စီးရင်က....

"ရှင့် လက်ထဲက ဓားကို ကျွန်မကိုပေးပါ"

ဟု ကျင်းကျင်းကို ပြောလိုက်၏။

စီးရင်၏စကားကြောင့် ကျင်းကျင်းသည် စီးရင်ကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်၏။

ထိုအချိန်မှာပင် အနက်ရောင်ဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက်က လူအုပ်ကြားထဲမှ ထိုးဖောက်ထွက်လာပြီး....

"ကျင်းကျင်း... မင်းလက်နက်ချပြီး လာခဲ့ပါ... မင်းကို ကျုပ်တို့ အပြစ်မယူပါဘူး"

ဟု အော်၍ ပြောလိုက်၏။

ကျင်းကျင်းက ရယ်မောလိုက်ပြီး....

"ကျွန်မရဲ့ဆရာက ပြောတယ်... ဘယ်သူ့စကားမှ မယုံနဲ့တဲ့"

ဟု ပြောလိုက်၏။

အဘိုးအိုက....

"ဒီမှာ ကျင်းကျင်း... မကြာခင် မင်းရဲ့ဆရာရောက်လာတော့မယ်... ဒီအကြောင်း မင်းရဲ့ဆရာသိရင် ဘယ်လိုဖြစ်မယ်ဆိုတာ မင်းနားလည်တယ် မဟုတ်လား"

ဟု ပြောလိုက်၏။

ထိုစကားကြောင့် ကျင်းကျင်းသည် မျက်စိမျက်နှာပျက်သွား၏။

အဘိုးအိုက....

"ဒီမှာကျင်းကျင်း... ကျုပ်ရဲ့စကားကိုနားထောင်ပါ... အခုလို ကိစ္စမျိုးမဖြစ်ခဲ့ဘူးလို့... ကျုပ်တို့သဘောထားပါ့မယ်"

ဟု ပြောလိုက်၏။

ကျင်းကျင်းသည် အတန်ကြာအောင် တွေဝေ၍ရ၏။

သန်းဥက သက်ပြင်းချကာ....

"မိန်းကလေး... သူတို့ရဲ့စကားကို နားထောင်လိုက်ပါ... ကျုပ်အတွက် ဘာမှဒုက္ခခံမနေပါနဲ့"

ဟု ဝင်ရောက်ပြောလိုက်၏။

ကျင်းကျင်းက နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်ပြီး....

"ကျွန်မက လုပ်ရဲရင် ခံရဲတယ်... တကယ်လို့ ကျွန်မရဲ့ဆရာက ကျွန်မကို အပြစ်ပေးရင် အလွန်ဆုံးသတ်ပစ်ရုံပေါ့"

ဟု ပြောလိုက်၏။

သန်းဥက ပြုံးကာ....

"မိန်းကလေး... မမိုက်ချင်ပါနဲ့... ကျုပ်က အရေးမကြီးပါ



ဘူး"

ထိုစဉ် အဘိုးအိုက....

"ကျင်းကျင်း... ကျုပ်စကားကို နားထောင်ပါ... လက်နက်ချပြီးလာခဲ့ပါ... နို့မဟုတ်ရင် ကျုပ်က အပြစ်မတင်ပါနဲ့"

ဟု ပြောလိုက်၏။

ကျင်းကျင်းက....

"ရှင်တို့ ဘယ်သူအရင်သေချင်လဲ... ဝင်လာခဲ့"

ဟု လှမ်းအော်လိုက်၏။

အဘိုးအို....

"ကောင်းပြီ... ကျုပ်ကိုအပြစ်မတင်နဲ့"

ဟု ပြောကာ လက်ကိုဝှေ့ယမ်းလိုက်ပြီး 'သတ်'ဟု အမိန့်ပေးလိုက်လေတော့၏။

ထိုစဉ် ရုတ်တရက် စီးရင်သည် ရှေ့သို့ထွက်ရပ်လိုက်ပြီး....

"ရပ်စမ်း"

ဟု အော်ဟစ်လိုက်၏။

စီးရင်ကို မြင်တွေ့လိုက်သောအခါ အနက်ရောင်ဝတ်စုံနှင့်လူများသည် တိုက်ခိုက်ရန်ပြေးလာရာမှ ရုတ်တရက် ရပ်တန့်သွား၏။

အဘိုးအိုသည် စီးရင်ကိုမြင်တွေ့လိုက်သောအခါ မျက်စိမျက်နှာပျက်သွားပြီး....

"သခင်မလေး ဝင်မပါပါနဲ့"

ဟု လှမ်းပြောလိုက်၏။

စီးရင်က....

"ခွဲမှူးယန်း... ရှင့်လူတွေကို လမ်းဖယ်ခိုင်းပါ"

ဟု လှမ်းပြောလိုက်၏။

ခွဲမှူးယန်းဟု အခေါ်ခံရသာအဘိုးအိုက....

"သခင်မလေး... တောင်းပန်ပါတယ်... တစ်ပြစ်ကနေ နှစ်ပြစ်ဖြစ်အောင် မလုပ်ပါနဲ့"

ဟု ပြောလိုက်၏။

စီးရင်က သန်းဥတို့ကို လှည့်ကြည့်ကာ....

"ကျွန်မရဲ့နောက်က လိုက်ခဲ့"

ဟု ပြောလိုက်၏။

ထို့နောက် စီးရင်သည် ရှေ့သို့ဆက်၍ လျှောက်သွား၏။

သန်းဥနှင့်ကျင်းကျင်းတို့ကလည်း စီးရင်နောက်မှ လိုက်လာ၏။

အနက်ရောင်ဝတ်စုံနှင့်လူတချို့သည် စီးရင်ကို လမ်းဖယ်ပေးလိုက်၏။

ခွဲမှူးယန်းက....

"သခင်မလေး... ဒီလူတွေဟာ သခင်မလေးအဖေရဲ့ ရန်သူတွေပါ... သူတို့လွတ်သွားရင် ဂိုဏ်းချုပ်ကြီး စိတ်ဆိုးလိမ့်မယ်"

ဟု ပြောလိုက်၏။

စီးရင်က....

"ဒါ ရှင့်ကိစ္စမဟုတ်ဘူး... ကျွန်မရဲ့ကိစ္စ... ကျွန်မဘာသာဖြေရှင်းမယ်... ရှင့်ကိစ္စက ရှင့်လူတွေကိုလမ်းဖယ်ခိုင်းပါ"

ဟု ပြောလိုက်၏။

ခွဲမှူးယန်းက....



"သခင်မလေး... ဟို...."

ခွဲမှူးယန်း၏စကားမဆုံးမီ စီးရင်က လက်ကာပြကာ....

"ခွဲမှူးယန်း... အခုကိစ္စမှာ ရှင့်အပေါ် လုံးဝတာဝန်မရှိစေရဘူး... ကျွန်မ တာဝန်ယူမယ်"

ဟု ပြောလိုက်၏။

ထို့နောက် သူမက အနက်ရောင်ဝတ်စုံနှင့်လူများကို ကြည့်ကာ....

"လမ်းဖယ်လို့ပြောနေတာ မကြားဘူးလား"

ဟု ပြောလိုက်၏။

စီးရင်၏စကားကြောင့် လူတချို့ နောက်ဆုတ်သွား၏။

ခွဲမှူးယန်းက နှုတ်ခမ်းကိုကိုက်လိုက်ပြီး....

"မင်းတို့ ဘာလုပ်နေတာလဲ... ဝင်တိုက်ပါလား"

ဟု အမိန့်ပေးလိုက်၏။

ခွဲမှူးယန်း၏စကားကြောင့် လူတချို့သည် ရှေ့သို့တက်လာ၏။

စီးရင်က ကျင်းကျင်း၏လက်ထဲမှ ဓားကိုယူလိုက်ပြီး....

"ငါ့စကားကို နားမထောင်တဲ့လူ သေရမယ်... လမ်းဖယ်စမ်း"

ဟု ပြောလိုက်၏။

ထို့နောက် သူမသည် ရှေ့သို့တိုးသွား၏။

စီးရင်က ရှေ့သို့တိုးလာသောအခါ စောစောက ရှေ့သို့တက်လာသောလူစုသည် နောက်သို့ဆုတ်သွား၏။

• စီးရင်က ဓားကိုကိုင်၍ လူအုပ်ထဲသို့တိုးဝင်သွား၏။

လူအုပ်ကြီးက စီးရင်ကို လမ်းဖယ်ပေးလိုက်၏။

ကျင်းကျင်းနှင့် သန်းဥတို့သည် စီးရင်၏နောက်မှ လိုက်သွား၏။

ခွဲမှူးယန်းက စီးရင်တို့ကို တိုက်ခိုက်ရန် အော်ဟစ်အမိန့်ပေးနေ၏။

သို့သော် အနက်ရောင်ဝတ်စုံနှင့်လူများက စီးရင်ကို မတိုက်ခိုက်ဝံ့ဘဲ နောက်သို့ဆုတ်ကာ လမ်းဖယ်ပေးကြ၏။

ဤသို့ဖြင့် စီးရင်တို့သည် မိမိတို့ကို ဝိုင်းရံထားသောတောင်ပင်လယ်ဂိုဏ်းသားများကို ကျော်ဖြတ်၍ ထွက်လာနိုင်ခဲ့၏။

စီးရင်တို့အဝေးသို့ရောက်သွားသောအခါမှ ခွဲမှူးယန်းသည် ဒေါသတကြီးဖြင့်....

"ခွေးကောင်တွေ... သူတို့လွတ်သွားရင် ဂိုဏ်းချုပ်ကြီးက မင်းတို့ကို ကောင်းကောင်းအပြစ်ပေးလိမ့်မယ်... မကြောက်ဘူးလား"

ဟု ပြောလိုက်၏။

ခွဲမှူးယန်း၏စကားကြောင့် တောင်ပင်လယ်ဂိုဏ်းသားများသည် တွေဝေ၍သွား၏။

ခွဲမှူးယန်းက....

"မင်းတို့ သူတို့ကို အမြန်လိုက်ဖမ်း"

ဟု ပြောလိုက်၏။

တောင်ပင်လယ်ဂိုဏ်းသားများသည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။

ခွဲမှူးယန်းက....



"ကောင်းပြီ... မင်းတို့က သူတို့ကိုမဖမ်းရင် မင်းတို့ကို ငါက သတ်ရလိမ့်မယ်"

ဟု ထပ်၍ပြောလိုက်၏။

ထိုအခါမှ တောင်ပင်လယ်ဂိုဏ်းသားများသည် စီးရင်တို့၏နောက်သို့ ပြေးလိုက်သွားလေတော့၏။

စီးရင်က ခြေလှမ်းရပ်တန့်လိုက်ပြီး လက်ထဲမှဓားကို ကျင်းကျင်းထံသို့ ပြန်ပေးလိုက်၏။

ပြီးမှ....

"ရှင်တို့လွတ်အောင် ပြေးတော့"

ဟု ပြောလိုက်၏။

သန်းဥက....

"မင်းကရော...."

ဟု မေးလိုက်၏။

စီးရင်က ပြုံးလိုက်ပြီး....

"ကျွန်မ နေခဲ့မယ်"

ဟု ပြောလိုက်၏။

သန်းဥက....

"မင်းကို သူတို့က အပြစ်ပေးလိမ့်မယ်"

ဟု ပြောလိုက်၏။

စီးရင်က ပြုံးကာ....

"ဒီနေရာဟာ ကျွန်မရဲ့နေရာ... ဒီဂိုဏ်းဟာ ကျွန်မဂိုဏ်း... ဒီတော့ ကျွန်မဟာ ဒီမှာနေခဲ့တာပိုပြီး အဆင်ပြေပါလိမ့်မယ်"

ဟု ပြောလိုက်၏။

သန်းဥက....

"မဟုတ်သေးဘူးလေ... မင်းက ကျုပ်တို့အတွက်...."

သန်းဥ၏စကားမဆုံးမီ စီးရင်က တောင်ပင်လယ်ဂိုဏ်းသားများထံသို့ လျှောက်သွား၏။

သန်းဥက စီးရင်၏နောက်သို့ပြေးလိုက်ရန် ဟန်ပြင်လိုက်၏။

သို့သော် ကျင်းကျင်းက သန်းဥ၏လက်ကိုဖမ်း၍ ဆွဲလိုက်ပြီး....

"ကျားဟာ ဘယ်လောက်ပဲရက်စက်... ရက်စက် ကိုယ့်သားသမီးကို ပြန်မကိုက်ပါဘူး"

ဟု ပြောလိုက်၏။ ပြီးမှ....

"လာ... ကျွန်မတို့သွားကြစို့"

ဟု ပြောလိုက်ပြီး သန်းဥ၏လက်ကိုဆွဲကာ ထိုနေရာမှထွက်ခွာသွားလေတော့၏။

ၞ ၞ ၞ

ဤနေရာ၌ ကြီးမားသောသစ်ပင်တစ်ပင် ရှိ၏။

ထိုသစ်ပင်အောက်၌ လူနှစ်ယောက်ထိုင်နေ၏။

တစ်ယောက်က သန်းဥဖြစ်ပြီး ကျန်တစ်ယောက်ကကျင်းကျင်းဖြစ်၏။

သူတို့သည် ကြယ်(၃)ပွင့်ကျေးရွာမှ ထွက်ပြေးလာခဲ့ပြီး



နောက် ဤနေရာသို့ရောက်သောအခါ ရပ်တန့်လိုက်ပြီး အမောအပန်း ဖြေနေခြင်း ဖြစ်၏။

ဤနေရာနှင့် ကြယ်(၃)ပွင့် ကျေးရွာသည် အလှမ်းအတော်ဝေးသဖြင့် ရပ်နား၍ အမောဖြေခြင်းဖြစ်၏။

သန်းဥသည် လေပူတစ်ချက် မှုတ်ထုတ်လိုက်၏။

ကျင်းကျင်းက သန်းဥကို တစ်ချက်လှမ်းကြည့်ပြီး....

"မိန်းကလေးအတွက် စိတ်ပူနေတာလား"

ဟု မေးလိုက်၏။

သန်းဥက....

"အင်း...."

ကျင်းကျင်းက ပြုံး၍....

"သူက ဂိုဏ်းချုပ်ကြီးရဲ့သမီးပဲ... ဂိုဏ်းချုပ်ကြီးက သူ့ကို ဆူပူကြိမ်းမောင်းရုံက လွဲပြီး သတ်မပစ်ပါဘူး"

ဟု ပြောလိုက်၏။

သန်းဥက....

"သူ့ကို ဘာဖြစ်လို့ အချုပ်ခန်းထဲထည့်ထားသလဲ သိလား"

ဟု မေးလိုက်၏။

ကျင်းကျင်းက မျက်ခုံးပင့်ကာ....

"ဘာဖြစ်လို့လဲ"

သန်းဥက....

"သူက ကျုပ်ကို အကူအညီပေးလို့"

ဟု ပြောလိုက်၏။

ကျင်းကျင်းက ပြုံးလိုက်ပြီး....

"ဒါဆို သူ့ကို အချုပ်ခန်းထဲထည့်ရုံကလွဲပြီး သူ့ကိုဘာမှလုပ်မှာ မဟုတ်ပါဘူး"

ဟု ပြောလိုက်၏။

သန်းဥက သက်ပြင်းတစ်ချက်ချကာ....

"ဟုတ်ပါတယ်... ခင်ဗျားပြောသလိုပါပဲ... ကျားဟာ ဘယ်လောက်ပဲ ဆိုးဆိုး... ကိုယ့်သားသမီးတော့ ပြန်မကိုက်ပါဘူး"

ဟု ပြောလိုက်၏။

ကျင်းကျင်းက သန်းဥကို တစ်ချက်ကြည့်လိုက်ပြီး....

"ဒါနဲ့ စကားမစပ် ရှင်က အဲဒီကို ဘာဖြစ်လို့ရောက်လာရတာလဲ"

ဟု မေးလိုက်၏။

သန်းဥက....

"ကျုပ်ဆီက လုသွားတဲ့ပစ္စည်းကို ပြန်တောင်းဖို့ လာတာပါ"

ဟု ပြောလိုက်၏။

ကျင်းကျင်းက....

"ဘာပစ္စည်းလဲ"

ဟု မေးလိုက်၏။

သန်းဥက.....

"နဂါးစိမ်းအမိန့်ရွှေပြားပါ"

ဟု ပြောလိုက်၏။

သန်းဥ၏စကားကြောင့် ကျင်းကျင်းသည် အံ့သြဟန်ဖြင့် မျက်ခုံးပင့်လိုက်ပြီး....



"ရှင်... နဂါးစိမ်းအမိန့်ရွှေပြား ဟုတ်လား"

ဟု မေးလိုက်၏။

သန်းဥက ဦးခေါင်းညိတ်ကာ....

"ဟုတ်တယ်"

ကျင်းကျင်းက သက်ပြင်းချကာ....

"လွယ်မှာ မဟုတ်ဘူး... ဒီရွှေပြားရထားတဲ့လူဟာ ဒီရွှေပြားကိုပြပြီး သိုင်းလောကကိုချုပ်ကိုင်နိုင်တယ်... ဒါကြောင့် ရှင့်ကို ပြန်ပေးမှာ မဟုတ်ဘူး"

ဟု ပြောလိုက်၏။

သန်းဥက....

"ကျုပ် အသက်ရှင်နေသရွေ့တော့ မရ,ရအောင် ပြန်ယူမှာပဲ"

ကျင်းကျင်းက....

"ပြန်ယူပြီးတော့ ရှင်က **သိုင်းလောကကိုချုပ်ကိုင်**မလို့လား"

ဟု မေးလိုက်၏။

သန်းဥက....

"မဟုတ်ဘူး... ဒီရွှေပြားကိုဖျက်ဆီးပစ်မလို့"

ဟု ပြောလိုက်၏။

ပြီးမှ သူသည် ကျင်းကျင်းကို တစ်ချက်ကြည့်လိုက်ပြီး....

"နေပါဦး... ခင်ဗျားက ကျုပ်ကိုဘာဖြစ်လို့ ကူညီရတာလဲ"

ဟု မေးလိုက်၏။

ကျင်းကျင်းက ပြုံးလိုက်ပြီး....

"ရှင့်ကို စိတ်ဝင်စားလို့"

ဟု ပြောလိုက်၏။

ကျင်းကျင်း၏စကားကြောင့် သန်းဥသည် အံ့သြသွားပြီး....

"ဗျာ... ခင်ဗျားက ကျုပ်ကို စိတ်ဝင်စားတယ်ဟုတ်လား"

ဟု ပြန်မေးလိုက်၏။

ကျင်းကျင်းက ဦးခေါင်းညိတ်ကာ....

"ဟုတ်တယ်... ပထမ ရှင်က ကျွန်မကိုတွေ့တော့... လူသေတစ်ယောက်ကို ပြန်တွေ့ရသလိုဖြစ်သွားတယ်... ပြီးတော့ ရှင့်ကို ကျွန်မက တိုက်ခိုက်လိုက်တော့ ရှင်က ပန်းပေါ်ဝဲပျံလိပ်ပြာဟန်သိုင်းကွက်နဲ့ ရှောင်လိုက်တယ်... ဒါကြောင့် ကျွန်မက ရှင့်ကိုစိတ်ဝင်စားသွားတာ"

ဟု ပြောလိုက်၏။

သန်းဥက သက်ပြင်းချလိုက်ပြီး....

"ပန်းပေါ်သဲပျံလိပ်ပြာဟန် ဟုတ်လား"

ဟု ပြန်မေးလိုက်၏။

ကျင်းကျင်းက ပြုံးလိုက်ပြီး....

"ဟုတ်တယ်... အဲဒီသိုင်းကွက်ဟာ ကျွန်မအဒေါ်ရဲ့မူပိုင်သိုင်းကွက်ပဲ"

ဟု ပြောလိုက်၏။

ကျင်းကျင်း၏စကားကြောင့် သန်းဥသည် မျက်မှောင်ကြုတ်ကာ....

"ခင်ဗျားအဒေါ်ရဲ့ မူပိုင်သိုင်းကွက် ဟုတ်လား"

ဟု ပြန်မေးလိုက်၏။

ကျင်းကျင်းက ဦးခေါင်းညိတ်ကာ....



"ဟုတ်တယ်"

သန်းဥက.....

"ခင်ဗျားရဲ့အဒေါ်က ဘယ်သူလဲ"

ဟု မေးလိုက်၏။

ကျင်းကျင်းက ပြုံးကာ....

"ပန်းပေါင်းစုံတောင်ကြားက သခင်မလေး ချင်းချင်းပါ"

ဟု ပြောလိုက်၏။

ကျင်းကျင်း၏စကားကြောင့် သန်းဥသည် စကားမပြောနိုင်လောက်အောင်ပင် အံ့သြကာ ကျင်းကျင်းကို ငေးကြည့်လိုက်၏။ ပြီးမှ....

"မင်း... မင်း... ချင်းချင်းရဲ့တူမ ဟုတ်လား"

ဟု မေးလိုက်၏။

ကျင်းကျင်းက ဦးခေါင်းညိတ်ကာ.....

"ဟုတ်ပါတယ်"

ဟု ပြောလိုက်၏။

သန်းဥက သက်ပြင်းချလိုက်ပြီး....

"ဒါကြောင့် မင်းက ချင်းချင်းနဲ့ရုပ်တူတာကို"

ဟု ပြောလိုက်၏။

ကျင်းကျင်းက....

"ရှင်က ကျွန်မ အဒေါ်ကိုသိလား"

ဟု မေးလိုက်၏။

သန်းဥက ဦးခေါင်းညိတ်ကာ....

"သိတယ်"

ဟု ဖြေလိုက်၏။

သန်းဥ၏စကားကြောင့် ကျင်းကျင်းသည် ဝမ်းသာသွားပြီး....

"သူ... သူ အခု ဘယ်မှာလဲ... ကျွန်မက သူ့ကိုလိုက်ရှာနေတာ"

**ဟု ပြောလိုက်၏။**

**သန်းဥက သက်ပြင်းချလိုက်**၏။

**တစ်ဆက်တည်းမှာပင် သန်းဥ**၏မျက်လုံးအိမ်မှ မျက်ရည်များ စီးကျလာ၏။

ကျင်းကျင်းသည် **သန်းဥ၏အမူအရာ**ကိုကြည့်ပြီး ထိတ်လန့်ကာ....

"ကျွန်မ အဒေါ် ဘယ်မှာလဲ... သူ...သူဘာဖြစ်လို့လဲ"

ဟု မေးလိုက်၏။

သန်းဥသည် သက်ပြင်းချလိုက်ပြီး မိမိနှင့်ချင်းချင်းကိုတွေ့ဆုံခဲ့ပုံ... နောက်ဆုံး မိမိ၏ရောဂါကိုဆေးကုသပေးပြီး သေဆုံးသွားပုံတို့ကို အသေးစိတ်ပြောပြလိုက်လေတော့သည် မဟုတ်ပါလား။

ᛘ ᛘ ᛘ

မိုးက ရုတ်တရက် ရွာချလာ၏။

သန်းဥနှင့် ကျင်းကျင်းတို့သည် ဇရပ်ပျက်တစ်ခုအတွင်း၌



မိုးခိုနေရ၏။

သူတို့သည် ခရီးဆက်ထွက်လာခဲ့ကြ၏။

သို့သော် လမ်းတစ်လျှောက်လုံး ကိုယ့်အတွေးဖြင့် ကိုယ်တွေးတောလာခဲ့သဖြင့် တစ်ယောက်ကိုတစ်ယောက် စကားမပြောဖြစ်ခဲ့ပါ။

ယခုကဲ့သို့ မိုးက ရုတ်တရက် ရွာချလိုက်သောအခါ သူတို့သည် **ခရီး**မဆက်နိုင်တော့ဘဲ ဇရပ်ပျက်တစ်ခုအတွင်းသို့ ဝင်ရောက်၍ **မိုးခိုရ**လေတော့၏။

**အ**တန်ကြာမှ ကျင်းကျင်းက **သန်းဥကိုလှမ်းကြည့်ကာ....**

"ရှင့်ရဲ့အကြောင်းကို ပြောပြစမ်းပါ"

ဟု မေးလိုက်၏။

သန်းဥက....

"ကျုပ်ရဲ့အကြောင်းက ဘာမှစိတ်ဝင်စားဖို့ မရှိဘူး"

ဟု ပြောလိုက်၏။

ကျင်းကျင်းက....

"မရဏတန်တော်ဟာ သိုင်းလောကတစ်ခုလုံးက စိတ်ဝင်စားနေတဲ့လူပဲ... ဘာဖြစ်လို့ စိတ်ဝင်စားစရာ မရှိရမှာလဲ"

ဟု ပြောလိုက်၏။

သန်းဥက သက်ပြင်းချလိုက်ပြီး....

"ကောင်းပြီ... ကျုပ် ပြောပြမယ်"

ဟု ပြောကာ သန်းဥသည် မိမိ၏ဘဝအကြောင်းကို ပြောပြလိုက်၏။

ကျင်းကျင်းက ဘာမျှဝင်၍ မပြောဘဲ တိတ်ဆိတ်စွာ နား

ထောင်နေ၏။

သန်းဥက မိမိ၏စကားကို အဆုံးသတ်လိုက်ပြီး....

"ကျုပ် အကြောင်းကတော့... ဒါပဲ"

ဟု ပြောလိုက်၏။

ပြီးမှ သန်းဥက....

"မင်းရဲ့အကြောင်းရော ပြောပြဘူးလား"

ဟု ပြောလိုက်၏။

ကျင်းကျင်းက ပြုံးလိုက်ပြီး....

"သူများအကြောင်းကိုစပ်စုတာ မိန်းမရဲ့အလုပ်ပါ... ရှင်က ယောကျ်ားဖြစ်ပြီး ဘာဖြစ်လို့ သိချင်ရတာလဲ"

ဟု ပြောလိုက်၏။

သန်းဥက မဲ့ပြုံးပြုံးလိုက်ပြီး....

"မပြောချင်လည်း နေပါ... ကျုပ် မမေးတော့ပါဘူး"

ဟု ပြောလိုက်၏။

ကျင်းကျင်းက ရယ်မောလိုက်ပြီး....

"အမှန်ပြောရရင် ကျွန်မက ယောကျ်ားမယူချင်လို့ ထွက်လာတာ"

ဟု ပြောလိုက်၏။

သန်းဥက စိတ်မဝင်စားဟန်ဖြင့်....

"ဪ...."

ဟု တစ်ခွန်းသာ ရေရွတ်လိုက်၏။

ကျင်းကျင်းက....

"ကျွန်မရဲ့ဆရာက ကျွန်မကို လူတစ်ယောက်နဲ့ပေးစားဖို့



စီစဉ်တယ်... ကျွန်မကလည်း အဲဒီလူကို မလိုချင်လို့ အဒေါ်ကိုလိုက်ရှာဦးမယ်ဆိုပြီး ထွက်လာခဲ့တာ"

ဟု ပြောလိုက်၏။

သန်းဥက....

"အခု ခင်ဗျားရဲ့အဒေါ်က သေသွားပြီ... ခင်ဗျား ဘယ်လိုဆက်လုပ်မလဲ"

ဟု မေးလိုက်၏။

ကျင်းကျင်း ပြုံးကာ....

"အခုတော့ မစဉ်းစားသေးဘူး... နောက်မှ စဉ်းစားမယ်... ဒါနဲ့ အခု ရှင်ကရော ဘာဆက်လုပ်မယ် စိတ်ကူးလဲ"

ဟု မေးလိုက်၏။

သန်းဥက....

"ကျုပ်မှာလုပ်စရာတွေ အများကြီးပဲ"

ဟု ပြောလိုက်၏။

ကျင့်းကျင်းက....

"ဘာကိစ္စတွေလဲ"

ဟု မေးလိုက်၏။

သန်းဥက ကျားနက်ဂိုဏ်း၏ပတ္တမြားအမိန့်ကိစ္စ၊ ဂူတန်ဂိုဏ်း၏နဂါးအမိန့်ကိစ္စ၊ နဂါးစိမ်းအမိန့်ရွှေပြားကိစ္စ၊ ထို့အပြင် မိုးကြိုးဂိုဏ်း၏ဝဇီရအလံကိစ္စကိုပါ ပြောပြလိုက်၏။

ကျင်းကျင်းသည် သန်းဥ၏စကားကိုနားထောင်ပြီးနောက် စိတ်မသက်မသာဖြစ်ဟန်ဖြင့် လေပူတစ်ချက်မှုတ်ထုတ်လိုက်ပြီး....

"ရှင့်ကိစ္စတွေက မလွယ်ပါလား"

ဟု ပြောလိုက်၏။

သန်းဥက ဦးခေါင်းညိတ်ကာ....

"ဟုတ်တယ်... ဒါပေမယ့် ကျုပ်ဖြစ်အောင် လုပ်မှာ"

ဟု ပြောလိုက်၏။

ကျင်းကျင်းက ပြုံးလိုက်ပြီး....

"ဟုတ်ပြီ... အခု ကျွန်မလည်း ဘာဆက်လုပ်ရမယ်ဆိုတာ စဉ်းစားမိပြီ"

ဟု ပြောလိုက်၏။

သန်းဥက ပြုံးကာ....

"ဟုတ်လား... ဘာဆက်လုပ်မှာလဲ"

ဟု မေးလိုက်၏။

ကျင်းကျင်းက....

"ရှင်ရဲ့ကိစ္စတွေကို ကူညီဖို့လေ"

ဟု ပြောလိုက်၏။

သန်းဥက မျက်ခုံးပင့်ကာ....

"မလိုပါဘူး... ခင်ဗျားကိစ္စသာ ခင်ဗျားလုပ်ပါ"

ဟု ပြောလိုက်၏။

ကျင်းကျင်းက....

"ဟုတ်ပါတယ်... ကျွန်မလုပ်ရမယ့်ကိစ္စက ရှင့်ကို ကူညီဖို့ပဲ"

ဟု ပြောလိုက်၏။

သန်းဥက....

"ဘာဆိုင်လို့လဲ"

ဟု မေးလိုက်၏။



ကျင်းကျင်းက....

"ဆိုင်တာပေါ့"

ဟု ပြောလိုက်၏။

သန်းဥက မျက်မှောင်ကြုတ်ကာ....

"ဘယ်လိုဆိုင်တာလဲ"

ဟု မေးလိုက်၏။

ကျင်းကျင်းက ပြုံးလိုက်ပြီး....

"ရှင့်ကို ကျွန်မရဲ့အဒေါ်က ကူညီခဲ့တယ် မဟုတ်လား"

ဟု မေးလိုက်၏။

သန်းဥက ဦးခေါင်းညိတ်ကာ....

"ဟုတ်တယ်"

ကျင်းကျင်းက....

"နောက်ပြီး ရှင့်ရဲ့စကားအရ အခုကိစ္စတွေဟာ ကျွန်မ အဒေါ်က ဖြစ်စေချင်တာကို ရှင်က လုပ်ပေးရမှာ မဟုတ်လား"

ဟု မေးလိုက်၏။

သန်းဥက....

"ဟုတ်တယ်... ကျုပ်က သူ့ကိုကတိပေးခဲ့တယ်"

ဟု ပြောလိုက်၏။

ကျင်းကျင်းက....

"ဒါဆို ကျွန်မက ရှင့်ကို မဖြစ်မနေ ကူညီရလိမ့်မယ်"

ဟု ပြောလိုက်၏။

သန်းဥက မျက်မှောင်ကြုတ်ကာ....

"ဘာဆိုင်လို့လဲ"

ဟု ပြောလိုက်၏။

ကျင်းကျင်းက....

"ဘာဖြစ်လို့ မဆိုင်ရမှာလဲ"

ဟု ပြန်ပြောလိုက်၏။

သန်းဉက....

"ဘာဖြစ်လို့လဲ"

ဟု မေးလိုက်၏။

ကျင်းကျင်းက ပြုံးလိုက်ပြီး....

"ကျွန်မက ချင်းချင်းရဲ့တူမ ဖြစ်နေလို့"

ဟု ပြောလိုက်လေတော့သည် မဟုတ်ပါလား။

ψ ψ ψ

ဤနေရာသည် ဘုံကျောင်းပျက်တစ်ခုဖြစ်၏။

ဘုံကျောင်းပျက်၏တစ်နေရာ၌ လျှို့ဝှက်တံခါးပေါက်တစ်ခု ရှိ၏။

ထိုလျှို့ဝှက်တံခါးပေါက်မှ ဝင်လိုက်လျှင် မြေအောက်သို့ ဆင်းသော လှေကားထစ်များ ရှိ၏။

လှေကားထစ်အဆုံး၌ မီးအိမ်များ ချိတ်ဆွဲထား၏။

မီးအိမ်ကို မီးထွန်းထားသော်လည်း မီးစာကိုနှိမ့်၍ ထွန်းညှိထားသဖြင့် အလင်းရောင်က ခပ်မှိန်မှိန်သာ လင်းနေ၏။



ထိုမြေအောက်စကြံန်လမ်းအတိုင်း လျှောက်ဝင်လာပါက မကြာမီ အခန်းတစ်ခုသို့ ရောက်ရှိလာမည်ဖြစ်၏။

ထိုအခန်းသည် အလွန်ကျယ်ဝန်းသောအခန်း မဟုတ်ပါ။ သို့သော် အတန်အသင့်ကျယ်ဝန်း၏။

ထိုအခန်းထဲ၌လည်း မီးအိမ်ကို ခပ်မှိန်မှိန်ထွန်းထား၏။

ထိုအခန်း၏အလယ်၌ စားပွဲရှည်တစ်လုံးရှိ၏။

စားပွဲ၏ထိပ်၌ ကျောမှီနောက်မြင့် လက်( )င်ကုလားထိုင် တစ်လုံး ရှိ၏။

စားပွဲ၏ဝဲယာတစ်ဘက်တစ်ချက်၌ လက်တင်ကုလားထိုင် (၃)လုံး စီချထား၏။

ထိုလက်တင်ကုလားထိုင်(၆)လုံး၌ လူ(၆)ယောက် ထိုင်နေ၏။ ထိုလူ(၆)ယောက်လုံး မျက်နှာဖုံးများ စွပ်ထား၏။

သူတို့သည် ငြိမ်သက်စွာ ထိုင်နေကြ၏။

ထိုစဉ် အခန်းထဲသို့ အေးစိမ့်သောလေက တစ်ချက်တိုက်ခတ်လာပြီး အခန်းထဲသို့ လူတစ်ယောက်ဝင်လာ၏။

ထိုလူသည် အစိမ်းရောင်ဝတ်ရုံရှည်ကို ဝတ်ဆင်ထား၏။

ထိုလူ၏မျက်နှာပေါ်၌လည်း အစိမ်းရောင်မျက်နှာဖုံးကို စွပ် ထား၏။

ထိုလူသည် အခန်းထဲသို့ဝင်လာပြီး စားပွဲထိပ်မှ ကုလားထိုင်၌ ဝင်ထိုင်လိုက်၏။

အခန်းထဲသို့ ထိုလူဝင်လာသည်နှင့် အခန်းထဲမှ လူ(၆) ယောက်သည် ပြိုင်တူမတ်တတ်ရပ်လိုက်ပြီး ထိုလူကို ဦးညွတ်၍ ဂါရဝပြုလိုက်၏။

ထိုလူက ကုလားထိုင်၌ ဝင်ထိုင်ပြီး နောက်လက်ကိုဝှေ့ယမ်းပြလိုက်သောအခါမှ လူ(၆)ယောက်သည် ကုလားထိုင်ပေါ်သို့ ပြန်၍ထိုင်ချလိုက်၏။

ထိုလူက စားပွဲ၏ဝဲဘက် ဒုတိယထိုင်ခုံ၌ ထိုင်**နေသောလူကို** တစ်ချက်စူးစိုက်ကြည့်လိုက်ပြီး....

"မင်းက အခုအထိ တြိဂံအလံကို မရသေးဘူးလား"

ဟု မေးလိုက်၏။

ထိုလူ၏စကားကြောင့် ဒုတိယထိုင်ခုံမှ လူသည် ဦးခေါင်းငုံ့သွား၏။

သူသည် မိုးကြိုးဂိုဏ်းမှ ယာယီဂိုဏ်းချုပ် ဂူချင်းတုံဖြစ်၏။

စားပွဲထိပ်၌ **ထိုင်နေသောလူက** စားပွဲကို လက်ဝါးဖြင့် တစ်ချက်ပုတ်လိုက်ပြီး....

"ဟေ့... ငါမေးတာ ဘာလို့မဖြေတာလဲ"

ဟု ထပ်၍ မေးလိုက်၏။

ထိုလူ၏စကားကြောင့် ဂူချင်းတုံသည် တစ်ချက်တုန်လှုပ်သွားပြီး....

"ဟို... ဟို ကျွန်တော်ကြိုးစားနေပါတယ်"

ဟု ပြောလိုက်၏။

စားပွဲထိပ်မှလူက....

"အလကားကောင်.... တြိဂံအလံ ဘယ်မှာရှိတယ်ဆိုတာ ပြောတာတောင်ရအောင် မယူနိုင်ဘူး"

ဟု ပြောလိုက်၏။

ဂူချင်းတုံက ဘာမျှပြန်မပြောတော့ပါ။



စားပွဲထိပ်မှ လူက....

"ပြီးတော့... **မင်း ကောင်မလေး** ကျင်းကျင်းက အဲဒီအကောင်ကို ကူညီ**နေတယ်... ဒါရော မင်းသိရဲ့လား**"

ဟု ပြောလိုက်၏။

ထိုစကားကြောင့် ဂူချင်းတုံသည် ထိတ်လန့်စွာဖြင့် စားပွဲထိပ်မှလူကို လှမ်းကြည့်လိုက်ပြီး....

"ဟုတ်ကဲ့... ကျွန်တော်ဆုံး... ဆုံးမလိုက်ပါ့မယ်"

ဟု ပြောလိုက်၏။

စားပွဲထိပ်မှ လူက....

"မင်းကို ကျင်းကျင်းနဲ့ပေးစားတာ ပန်းပေါင်းစုံတောင်ကြားကို သိမ်းသွင်းဖို့ကွ... မင်းက အဖြစ်မရှိတော့ ငါ့ရဲ့အကြံအစည်က လွဲချော်နေပြီ'

ဟု ပြောလိုက်၏။

ဂူချင်းတုံက ဘာမျှပြန်မပြောပါ။ သူသည် ဦးခေါင်းငုံ့နေ၏။

စားပွဲထိပ်မှလူက စားပွဲ၏ယာဘက် ပထမခုံ၌ **ထိုင်နေသူကိုကြည့်**ကာ....

"**မင်း**က မင်းလက်ထဲမှာ ပတ္တမြားအမိန့်နဲ့ **နဂါးအမိန့်ရှိတယ် ဆိုပြီး** ငါ့ကို အန်တုမလို့လား"

ဟု မေးလိုက်၏။

စားပွဲ၏ယာဘက်မှ ပထမထိုင်ခုံ၌ထိုင်နေသူမှာ ဓားနှစ်လက်ဂိုဏ်းချုပ်ကြီး ထုံချိုင်းဖြစ်၏။

ထုံချိုင်းသည် ခေါင်းဆောင်ကြီး၏စကားကြောင့် ထိတ်လန့်တုန်လှုပ်သွားပြီး....

"ဒီ... ဒီလိုသဘောမျိုး မဟုတ်ပါဘူး... ကျွန်တော်က ခေါင်းဆောင်ကြီးကို ပေးဖို့ယူ... ယူလာပါတယ်"

ဟု ပြောလိုက်၏။

ခေါင်းဆောင်ကြီးက ရယ်မောလိုက်ပြီး....

"ဒီပစ္စည်းဟာ မင်းလက်ထဲကိုရောက်နေတာ (၆)လကျော်ပြီး မင်းက ဘာဖြစ်လို့ အခုမှ ယူလာရတာလဲ"

ဟု ပြောလိုက်၏။

ထုံချိုင်က သက်ပြင်းချလိုက်ပြီး....

"ကျွန်တော် အပြစ်ပြုမိပါတယ်... ခွင့်လွှတ်ပါ"

ဟု ပြောလိုက်၏။

ထို့နောက် သူသည် ပတ္တမြားအမိန့်နှင့် နဂါးအမိန့်ကို စားပွဲပေါ်သို့ တင်လိုက်၏။

ခေါင်းဆောင်ကြီးက ရယ်မောလိုက်ပြီး....

"မင်းက မင်းရဲ့သမီးကို ငါက ဖမ်းချုပ်လိုက်မှ အခုလို လာပေးတာ မဟုတ်လား"

ဟု ပြောလိုက်၏။

ထုံချိုင်းက သက်ပြင်းချကာ....

"ကျွန်တော် သေသင့်ပါတယ်... ဒါပေမယ့် သမီးကိုတော့ သက်ညှာပေးပါ"

ဟု ပြောလိုက်၏။

ခေါင်းဆောင်ကြီးက....

"နဂါးစိမ်းဂိုဏ်းဟာ နှစ်ပေါင်း(၂၀)လောက် တိမ်မြုပ်ခဲ့ပေမယ့်... အစွမ်းအစရှိတုန်းဆိုတာ မင်းက နားလည်သင့်တယ်"



ဟု ပြောလိုက်၏။ ထုံချိုင်းက ဦးခေါင်းငုံ့ထား၏။

ခေါင်းဆောင်ကြီးက သက်ပြင်းချကာ....

"ဒီတစ်ခါတော့ ကျုပ်က ခွင့်လွှတ်လိုက်မယ်... နောက်တစ်ခါဆိုရင်တော့ ဟောဒီ ဓားနဲ့ကိုယ့်ကိုယ်ကို သတ်သေလိုက်ပါ"

ဟု ပြောလိုက်ပြီး ဓားမြှောင်တစ်ချောင်းကို ထုံချိုင်းထံသို့ လှမ်းပစ်ပေးလိုက်၏။

ထုံချိုင်းက ဓားမြှောင်ကိုဖမ်းယူလိုက်ပြီး ဦးခေါင်းညိတ်ကာ....

"စိတ်ချပါ... နောက်တစ်ကြိမ် ဒီလိုမဖြစ်စေရပါဘူး"

ဟု ပြောလိုက်၏။

ခေါင်းဆောင်ကြီးက ထုံချိုင်း၏ဘေး၌ ထိုင်နေသောလူကို တစ်ချက်လှမ်းကြည့်လိုက်ပြီး....

"မင်းက မင်းရဲ့သမီးကို မဆုံးမနိုင်ဘူးလား"

ဟု ပြောလိုက်၏။

ထုံချိုင်းနှင့်ဘေးချင်း ယှဉ်ထိုင်နေသူမှာ တောင်ပင်လယ်ဂိုဏ်းချုပ်ကြီး ချင်းဟိုက်ဖြစ်၏။

ခေါင်းဆောင်ကြီး၏စကားကြောင့် မျက်နှာဖုံးအောက်မှ ချင်းဟိုက်၏မျက်နှာသည် မျက်စိပျက်မျက်နှာပျက်ဖြစ်ကာ ချွေးစေးများပင် ပြန်လာ၏။

သူသည် ဦးခေါင်းကို ငုံ့ထားလိုက်ပြီး ဘာမျှပြန်မပြောပါ။

ခေါင်းဆောင်ကြီးက....

"မင်းရဲ့သမီးဟာ မရဏတမန်တော်ကို အကူအညီပေးတဲ့အပြင် မင်းရဲ့လှုပ်ရှားမှုကို ခြေရာခံပြီးလိုက်နေတယ်ဆိုတာရော မင်း

က သိရဲ့လား"

ဟု ပြောလိုက်၏။

ခေါင်းဆောင်ကြီး၏စကားကြောင့် ချင်းဟိုက်သည် သက်ပြင်းချလိုက်ပြီး....

"ကျွန်တော် ဆုံးမပါ့မယ်"

ဟု ပြောလိုက်၏။

ခေါင်းဆောင်ကြီးက....

"အေး... ဆုံးမထားပါ... တကယ်လို့ သူက ကျုပ်တို့ရဲ့နေရာကိုသိသွားပြီဆိုရင်တော့ ကျုပ်ကိုအပြစ်မပြောနဲ့"

ဟု ပြောလိုက်သည်။

ချင်းဟိုက်က....

"စိတ်ချပါ ခေါင်းဆောင်ကြီး... ကျွန်တော် ဆုံးမပါ့မယ်"

ဟု ပြောလိုက်၏။

ခေါင်းဆောင်ကြီးက....

"ကောင်းပြီ...."

ဟု ပြောလိုက်၏။

ပြီးမှ ခေါင်းဆောင်ကြီးသည် ထုံချိုင်းနှင့် ချင်းဟိုက်ကို တစ်ချက်ကြည့်ကာ....

"မင်းတို့နှစ်ယောက် ကျားနက်ဂိုဏ်းနဲ့ဝူတန်ဂိုဏ်းကို နဂါးစိမ်းဂိုဏ်းရဲ့ သစ္စာခံဖို့ ရာဇသံပေးလိုက်ပါ... ကျားနက်ဂိုဏ်းရဲ့ အမိန့်နဲ့ ဝူတန်ဂိုဏ်းရဲ့ အမိန့်ကိုယူသွားပြီး သူတို့ကို စဉ်းစားဖို့ အချိန်(၇)ရက်ပေးလိုက်ပါ"

ဟု ပြောလိုက်၏။



ထုံချိုင်းနှင့် ချင်းဟိုက်တို့က ပြိုင်တူဦးခေါင်းညိတ်ကာ....

"စိတ်ချပါ ခေါင်းဆောင်ကြီး"

ဟု ပြိုင်တူပြောလိုက်၏။

ခေါင်းဆောင်ကြီးက ထုံချိုင်းကို ညွှန်ပြကာ...

"မင်းက ကျားနက်ဂိုဏ်းကို တာဝန်ယူ"

ဟု ပြောလိုက်၏။

ပြီးမှ ချင်းဟိုက်ကို မေးငေါ့ပြရင်း....

"မင်းက ဝူတန်ဂိုဏ်းကို တာဝန်ယူ"

ဟု ပြောလိုက်၏။

ထို့နောက် ခေါင်းဆောင်ကြီးသည် ထိုင်ရာမှ ထကာ အခန်းထဲမှ ထွက်သွားလေတော့၏။

အတန်ကြာသောအခါ အခန်းထဲမှ လူ(၆)ယောက်သည် တစ်ယောက်ပြီးတစ်ယောက် ထွက်ခွာသွားကြလေတော့၏။

ψ ψ ψ

အနက်ရောင်ဝတ်စုံရှည်များ ဝတ်ဆင်ထားပြီး မျက်နှာပေါ်၌ အနက်ရောင်ခေါင်းစွပ် မျက်နှာဖုံးများ စွပ်ထားသောလူ(၆)ယောက်သည် တစ်ယောက်ပြီးတစ်ယောက် ထွက်လာကြ၏။

သူတို့သည် စုပြုံပြီး ထွက်လာခြင်းမဟုတ်ပါ။

သူတို့သည် သီးခြားစီခွဲ၍ ထွက်လာကြခြင်းဖြစ်၏။

ထို့နောက် သူတို့သည် တောင်ပေါ်မှဆင်းကာ သစ်ပင်များကြားသို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့၏။

ထိုလူ(၆)ယောက်ထဲမှ တစ်ယောက်သည် သစ်ပင်များကြားသို့ ဝင်ရောက်ပျောက်ကွယ်လိုက်ပြီးနောက် ဝတ်ဆင်ထားသော အဝတ်အစားများကို ချွတ်လိုက်၏။

ထိုသို့အဝတ်အစားများကို ချွတ်လိုက်သောအခါ ထိုလူသည် အသက်(၂၀)အရွယ် မိန်းကလေးတစ်ယောက်ဖြစ်နေ၏။

ထိုမိန်းကလေးသည် တောင်ပင်လယ်ဂိုဏ်းချုပ်ကြီး၏သမီး စီးရင်ပင်ဖြစ်၏။

သူမသည် သူမ၏ဖခင်ကို တစ်စုံတစ်ယောက်က ချုပ်ကိုင်၍ နိုင်းစေနေကြောင်းကို ရိပ်မိခဲ့၏။

ထို့ကြောင့် သူမသည် ဖခင်ဖြစ်သူ၏လှုပ်ရှားမှုကို စောင့်ကြည့်နေခဲ့၏။

ဤသို့ဖြင့် သူမသည် ထိုနေရာသို့ရောက်ရှိလာခဲ့ခြင်းဖြစ်၏။

ထိုနေရာသို့ရောက်သောအခါ မိမိနှင့်အရပ်ချင်း မတိမ်းမယိမ်းရှိသော အနက်ရောင်ဝတ်စုံရှည်ဝတ်ဆင်ပြီး ဦးခေါင်း၌ အနက်ရောင်မျက်နှာဖုံးစွပ်ထားသောလူကို ချုံခိုတိုက်ခိုက်လိုက်ပြီး ဖမ်းချုပ်၍ ဝှက်ထားလိုက်၏။

ထို့နောက် သူမသည် ထိုလူ၏အဝတ်အစားများကိုဝတ်ဆင်၍ ဘုံကျောင်းပျက်ထဲသို့ ဝင်ရောက်လာခဲ့ခြင်းဖြစ်၏။

ယခု သူမသည် အဝတ်အစားများကိုချွတ်ပြီး မိမိဖမ်းချုပ်၍ ဝှက်ထားသူကိုစစ်မေးရန် သစ်တောထဲ၌ ပုန်ကွယ်နေခဲ့ခြင်းဖြစ်၏။

သူမသည် အတန်ကြာအောင် ပုန်းကွယ်နေပြီးမှ မိမိဝှက်



ထားသောနေရာသို့ ထွက်လာခဲ့၏။

ထိုနေရာသို့ရောက်သောအခါ သူမ၏မျက်လုံးများသည် ဝိုင်းစက်ပြူးကျယ်သွားလေတော့၏။

အကြောင်းမှာ မိမိဝှက်ထားခဲ့သောလူသည် သေဆုံးနေသောကြောင့် ဖြစ်သည်မဟုတ်ပါလား။

ထိုစဉ် ရုတ်တရက် သူမ၏နောက်ဘက်မှ ရယ်မောသံကို ကြားလိုက်ရ၏။

ထို့ကြောင့် သူမသည် နောက်သို့ကပျာကယာ လှည့်ကြည့်လိုက်၏။

ထိုသို့လှည့်ကြည့်လိုက်သည်နှင့် သူမ၏မျက်လုံးများသည် ဝိုင်းစက်ပြူးကျယ်သွားပြီး ထိတ်လန့်တုန်လှုပ်သွားလေတော့၏။

အဘယ်ကြောင့်ဆိုသော် သူမ၏နောက်ဘက် ဝါးတစ်ရိုက်ခန့်အကွာ၌ အစိမ်းရောင်ဝတ်ဆင်ထားသော နဂါးစိမ်းဂိုဏ်းချုပ်ကြီး ရပ်နေသောကြောင့်ပင် ဖြစ်သည်မဟုတ်ပါလား။

တစ်ဆက်တည်းမှာပင် သစ်ပင်များကြားမှ အစိမ်းရောင်ဝတ်ဆင်ထားသော လူ(၂၀)ခန့် အလျှိုလျှိုပေါ်ထွက်လာ၏။

စီးရင်သည် သက်ပြင်းကိုချလိုက်၏။

သူမ၏လက်ရှိအခြေအနေကို ကောင်းစွာနားလည်လိုက်၏။

ထို့ကြောင့် သူမသည် ဝှက်၍ယူဆောင်လာသော ဓားကို ထုတ်ယူလိုက်လေတော့သည် မဟုတ်ပါလား။

ꩠ ꩠ ꩠ

နေဝင်သွားပြီဖြစ်၏။

ပတ်ဝန်းကျင်တစ်ခုလုံးသည် မှောင်စပြုလာပြီဖြစ်၏။

သန်းဥနှင့်ကျင်းကျင်းတို့သည် တောလမ်းအတိုင်း လျှောက်လာ၏။

သူတို့သည် လုယန်းမြို့သို့သွားရန် တောလမ်းအတိုင်း လျှောက်လာ၏။

အကြောင်းမှာ သူသည် မိမိကိုလိမ်ညာ၍စေခိုင်းခဲ့သော မိန်းကလေးကို လုယန်းမြို့၌ တွေ့ဆုံခဲ့ရသည်မဟုတ်ပါလား။

ထို့ကြောင့် ထိုမိန်းကလေးကိုပြန်လည်၍ ခြေရာခံရန် လုယန်းမြို့သို့ ထွက်လာခဲ့ခြင်းဖြစ်၏။

ဤသို့ပြုလုပ်ရန် အကြံပေးသူမှာ ကျင်းကျင်းဖြစ်၏။

ကျင်းကျင်း၏အကြံသည် နည်းလမ်းကျသဖြင့် ယခုကဲ့သို့ ကျင်းကျင်းနှင့်အတူ ထွက်လာခဲ့ခြင်းဖြစ်၏။

သူတို့သည် တောလမ်းအတိုင်း လျှောက်လာ၏။



သန်းဥက ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်ပြီး....

"မှောင်လာရင် ကျုပ်တို့ ဒီမှာပဲ ညအိပ်ရမယ်ထင်တယ်"

ဟု ပြောလိုက်၏။

ကျင်းကျင်းက...

"အိပ်လည်းအိပ်ပေါ့... ဘာတတ်နိုင်မလဲ... ဒီလမ်းက လုယန်းကို(၂)ရက်နဲ့ရောက်မှာ နို့မဟုတ်ရင် အနည်းဆုံး(၄)ရက်ကြာမှ ရောက်မယ်"

ဟု ပြောလိုက်၏။

သန်းဥက ပြုံးလိုက်ပြီး....

"ခင်ဗျား ကြောက်မှာစိုးလို့ ပြောတာ"

ဟု ပြောလိုက်၏။

ကျင်းကျင်းက....

"ရှင်က လွဲပြီး ကျွန်မ ဘယ်သူမှမကြောက်ဘူး"

ဟု ပြောလိုက်၏။

သန်းဥက....

"ကျုပ်က သရဲတစ္ဆေမို့လား"

ဟု ပြန်မေးလိုက်၏။

ကျင်းကျင်းက ရယ်မောလိုက်ပြီး....

"ရှင်က သိပ်ပြီးချောလို့"

ဟု ပြောလိုက်၏။

သူမသည် ထိုသို့ပြောလိုက်ပြီး ရက်သွားဟန်ဖြင့် ဦးခေါင်းငုံ့လိုက်၏။

သန်းဥက ပြုံးလိုက်ပြီး....

"စောစောက ခင်ဗျား ကျူပ်ကိုတစ်ခု ပြောသေးတယ်... ဘာလဲ"

ဟု ကျင်းကျင်း အရက်ပြေစေရန် စကားကိုလမ်းကြောင်းလွှဲလိုက်၏။

ကျင်းကျင်းက မျက်ခုံးပင့်ကာ....

"ဘယ်ဟာလဲ"

ဟု ပြန်မေးလိုက်၏။

သန်းဉက....

"ဟိုလေ အခုဖြစ်ခဲ့တဲ့ကိစ္စတွေအားလုံးကို အစကနေပြန်ပြီး စဉ်းစားရမယ်ဆိုတာလေ"

ဟု ပြောလိုက်၏။

ကျင်းကျင်းက ပြုံးလိုက်ပြီး....

"သြော်... ဒါလား"

ဟု ပြောလိုက်၏။

သန်းဉက ဦးခေါင်းညိတ်ကာ....

"ဟုတ်တယ်"

ကျင်းကျင်းက နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး....

"ဒီလိုလေ မင်းရဲ့ဆီမှာ နဂါးစိမ်းအမိန့်ရှိတယ်ဆိုတာ တောင်ပင်လယ်ဂိုဏ်းက ဘယ်လိုလုပ်သိတာလဲ... နောက်ပြီး မင်းကို လိမ်ညာခဲ့တဲ့မိန်းကလေးက မင်းကိုယ်ပေါ်မှာ အဆိပ်ရှိတယ်ဆိုတာ ဘယ်လိုလုပ်သိတာလဲ... နောက်ပြီးလုယန်းမြို့က လင်မယားကို ဘယ်သူကသတ်ပြီး ရှင့်ကိုချောက်ချရတာလဲ"

ဟု ပြောလိုက်၏။



သန်းဉက သက်ပြင်းချလိုက်ပြီး....

"မိန်းကလေးက ဘယ်လိုထင်သလဲ"

ဟု ပြန်မေးလိုက်၏။

ကျင်းကျင်းက....

"ရှင် အစကနေပြန်ပြီး ခြေရာကောက်ကြည့်ပေါ့"

ဟု ပြောလိုက်၏။

သန်းဉက....

"ဘယ်လို ခြေရာကောက်ရမှာလဲ"

ဟု မေးလိုက်၏။

ကျင်းကျင်းက ပြုံးလိုက်ပြီး....

"နဂါးစိမ်းအမိန့်ရွှေပြားထည့်ထားတဲ့ သံဗူးကို ဘယ်သူအရင်ဆုံးတွေ့လဲ"

ဟု မေးလိုက်၏။

သန်းဉက....

"လှုံအတိုးအို"

ကျင်းကျင်းက....

"သူက ဘာပြောလဲ"

သန်းဉက....

"သူက သံဗူးထဲက ရွှေပြားကိုတွေ့တော့ ဒါဟာ နဂါးစိမ်းအမိန့်ရွှေပြားလို့ ပြောတယ်"

ဟု ပြောလိုက်၏။

ကျင်းကျင်းက....

"ဒါပဲလား...."

သန်းဥက....

"ဒီနဂါးစိမ်းအမိန့်ရွှေပြားကိုရတဲ့လူဟာ သိုင်းလောကတစ်ခုလုံးကို ချုပ်ကိုင်နိုင်တယ်လို့ပြောတယ်"

ကျင်းကျင်းက ပြုံးလိုက်ပြီး....

"ရှင့်ကိုယ်ပေါ်မှာ အဆိပ်ရှိတာရော... ရှင်က သူ့ကိုပြောပြခဲ့လား"

ဟု မေးလိုက်၏။

သန်းဥက....

"ကျုပ်က ပြောပြတာ မဟုတ်ဘူး... သူက ပြောပြတာ"

ဟု ပြောလိုက်၏။

ကျင်းကျင်းက မျက်မှောင်ကြုတ်ကာ....

"သူက ဘယ်လိုလုပ်ပြီးသိတာလဲ"

ဟု မေးလိုက်၏။

သန်းဥက နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး....

"ဒီလိုပါ ကျုပ်ကိုထိတာနဲ့ လူတွေသေကြရတယ်... အဲဒီလိုမဖြစ်ခင် ဘယ်လိုထူးခြားမှုရှိလဲလို့ မေးတော့ ကျုပ်က အပူအအေးအဆိပ်သီးစားမိတဲ့အကြောင်းကို ပြောပြလိုက်တယ်... အပူအအေးအဆိပ်သီးဆိုတာလည်း သူပြောပြမှ သိတာပါ"

ဟု ပြောလိုက်၏။

ကျင်းကျင်းက ဦးခေါင်းညိတ်ကာ....

"ဪ.... ဒါနဲ့ ရှင်က လုယန်းက လင်မယားအိမ်ကို ဘာသွားလုပ်တာလဲ... ရှင့်ရဲ့အသိလား"

ဟု မေးလိုက်၏။



သန်းဥက....

"လျှံအဘိုးအိုရဲ့တပည့်ပါ... လျှံအဘိုးအိုကပဲ ကျုပ်ကို သူတို့ဆီ စာတစ်စောင်ပို့ခိုင်းလိုက်တာပါ"

ဟု ပြောလိုက်၏။

သန်းဥသည် ထိုသို့ပြောလိုက်ရင်း ရုတ်တရက် မျက်လုံးပြူးကာ....

"ဟုတ်ပြီ... ကျုပ်... ကျုပ် သဘောပေါက်ပြီ"

ဟု ပြောလိုက်၏။

ကျင်းကျင်းက ပြုံးလိုက်ပြီး....

"ဘာလဲ... ဒီကိစ္စတွေရဲ့တရားခံဟာ လျှံအဘိုးအိုဆိုတာ သဘောပေါက်တာလား"

ဟု မေးလိုက်၏။

သန်းဥက ဦးခေါင်းညိတ်ကာ....

"ဟုတ်တယ်... သူပဲ ဖြစ်မယ်"

ဟု ပြောလိုက်၏။

ကျင်းကျင်းက ပြုံးလိုက်ပြီး....

"ဒါဆို ကျွန်မတို့ လုယန်းကိုမသွားဘဲ သူ့ဆီကိုသွားရင် မကောင်းဘူးလား"

ဟု ပြောလိုက်၏။

သန်းဥက သက်ပြင်းချလိုက်ပြီး....

"ခက်တာပဲ"

ဟု ပြောလိုက်၏။

ကျင်းကျင်းက....

"ဘာဖြစ်လို့လဲ"

သန်းဥက....

"သူ ဘယ်မှာနေတယ်ဆိုတာ ကျုပ်မှ မသိတာ"

ဟု ပြောလိုက်၏။

ကျင်းကျင်းက....

"ဒါဖြင့် သူနဲ့ ရှင်နဲ့ ဘယ်မှာတွေ့ခဲ့တာလဲ"

ဟု မေးလိုက်၏။

သန်းဥက....

"တောင်ပေါ်က ဘုံကျောင်းပျက်တစ်ခုမှာပါ"

ကျင်းကျင်းက....

"အဲဒီနေရာကို ရှင်သိတယ် မဟုတ်လား"

ဟု မေးလိုက်၏။

သန်းဥက ဦးခေါင်းညိတ်ကာ....

"သိတယ်"

ကျင်းကျင်းက....

"ဒါဖြင့် ကျွန်မတို့က အဲဒီကိုပဲ သွားကြတာပေါ့"

ဟု ပြောလိုက်၏။

ထိုစဉ် သန်းဥသည် တစ်စုံတစ်ရာကို သတိရလာပြီး....

"နေဦး... ကျုပ်အခုမှ တစ်ခုသတိရတယ်"

ဟု ပြောလိုက်၏။

ကျင်းကျင်းက....

"ဘာကိုလဲ"

ဟု မေးလိုက်၏။



သန်းဥက....

"တခြားမဟုတ်ဘူး... ကျုပ်ကိုညာပြီး ခိုင်းသွားတဲ့မိန်းကလေးက ကျုပ်ကြောင့် သေသွားတဲ့မိန်းကလေးနဲ့ ရုပ်ချင်းတူတယ်... အမွှာညီအစ်မလို့ ပြောတယ်"

ဟု ပြောလိုက်၏။

သန်းဥ၏စကားကြောင့် ကျင်းကျင်းသည် မျက်မှောင်ကြုတ်ကာ....

"ဟုတ်လား... ရှင့်ကြောင့်သေသွားတဲ့မိန်းကလေးက ဘယ်သူလဲ"

ဟု မေးလိုက်၏။

သန်းဥက ဦးခေါင်းခါယမ်းပြကာ....

"ကျုပ် မသိဘူး"

ဟု ပြောလိုက်၏။

သန်းဥ၏စကားကြောင့် ကျင်းကျင်းသည် မျက်လုံးပြူးကာ....

"ဒါဆို ဘယ်လိုလုပ်သိတော့မှာလဲ"

ဟု ပြောလိုက်၏။

သန်းဥက နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး....

"လျှံအဘိုးအိုက ပြောတယ်... မင်းကြောင့် သေသွားတဲ့မိန်းကလေးဟာ ဓားနှစ်လက်ဂိုဏ်းချုပ်ကြီးရဲ့သမီးလို့ ပြောတယ်"

ဟု ပြောလိုက်၏။

သန်းဥ၏စကားကြောင့် ကျင်းကျင်းသည် မျက်မှောင်ကြုတ်လိုက်ပြီး....

"ဓားနှစ်လက်ဂိုဏ်းချုပ်ကြီးမှာ အမွှာသမီးနှစ်ယောက်ရှိရင်တော့... ရှင့်ကိုလိမ်ညာပြီး ပစ္စည်းတွေယူခိုင်းတာ ဓားနှစ်လက်ဂိုဏ်းချုပ်ကြီးပဲ ဖြစ်မယ်... ဒါပေမယ့် သူ့မှာ အမွှာသမီးနှစ်ယောက်ရှိမရှိ မသိဘူး"

ဟု ပြောလိုက်၏။

ပြီးမှ နှုတ်ခမ်းတစ်ချက်ကိုက်ကာ....

"အင်း... ဘာပဲဖြစ်ဖြစ် ရှင့်ရဲ့ကိစ္စတွေ ဖြေရှင်းနိုင်ဖို့ နီးစပ်လာပါပြီ"

ဟု ပြောလိုက်၏။

ထိုစဉ် အဝေးမှပြေးလွှားလာသောသံများကို ကြားလိုက်ရလေတော့သည် မဟုတ်ပါလား။

ψ ψ ψ

မိန်းကလေးတစ်ယောက် ပြေးလွှားနေ၏။

**မိန်းကလေး**၏နောက်မှ အစိမ်းရောင်ဝတ်ဆင်ထားသောလူ**အယောက်**(၂၀)ခန့် လက်နက်ကိုယ်စီကိုင်၍ လိုက်လာ၏။

သန်းဥနှင့် ကျင်းကျင်းတို့သည် မျက်မှောင်ကြုတ်ကာ ကြည့်နေ၏။

မကြာမီ ထိုလူစုသည် သန်းဥတို့အနီးသို့ ရောက်လာ၏။

သန်းဥသည် ပြေးလွှားလာသောမိန်းကလေးကို မြင်တွေ့



လိုက်သောအခါ မျက်လုံးပြူးသွားပြီး....

"စီးရင်...."

**လွှတ်ခနဲ** ရေရွတ်လိုက်မိ၏။

**ကျင်းကျင်းက** မျက်မှောင်ကြုတ်ကာ....

"**ဘာဖြစ်လာလဲ** မသိဘူး"

ဟု ပြောလိုက်၏။

သန်းဥက ကျင်းကျင်းကို ဘာမျှပြန်မပြောတော့ဘဲ ရုတ်တရက် ရှေ့သို့ခုန်ထွက်ကာ စီးရင်ထံသို့ ပြေးလွှားသွားလေတော့၏။

ကျင်းကျင်းကလည်း သန်းဥ၏နောက်သို့ ပြေး၍လိုက်သွားလေတော့၏။

စီးရင်သည် ရှေ့မှ ပြေးနေ၏။

သူမ၏ခန္ဓာကိုယ်ပေါ်၌ ဒဏ်ရာများရထား၏။

သူမသည် ပြေးလွှားရာမှ ဆက်၍မပြေးနိုင်တော့ဘဲ မြေပေါ်သို့ လဲကျသွားလေတော့၏။

ထိုအချိန်၌ အစိမ်းရောင်ဂဘ်ဆင်ထားသောလူစုသည် စီးရင်ထံသို့ရောက်လာပြီး မြေပေါ်သို့လဲကျသွားသော စီးရင်ကို တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ် ရုတ်တရက် သန်းဥ ရောက်လာပြီး အစိမ်းရောင်ဝတ်ဆင်ထားသောလူများကို ဝင်ရောက်၍ တိုက်ခိုက်လိုက်လေတော့၏။

မကြာမီမှာပင် ကျင်းကျင်းလည်း ရောက်ရှိလာပြီး သန်းဥဘက်မှဝင်ကူ၍ အစိမ်းရောင်ဝတ်ဆင်ထားသူများကို တိုက်ခိုက်လိုက်၏။

ထို့ကြောင့် တိတ်ဆိတ်သော ပတ်ဝန်းကျင်၌ တိုက်ခိုက်သံ

များ ပေါ်ထွက်လာပြီး အစိမ်းရောင်ဝတ်ဆင်ထားသောလူများသည် တစ်ယောက်ပြီးတစ်ယောက် လဲပြိုသွား၏။

မကြာမီမှာပင် အစိမ်းရောင်ဝတ်ဆင်ထားသောလူများသည် ဆုတ်ခွာ၍ ထွက်ပြေးသွားလေတော့၏။

အစိမ်းရောင်ဝတ်စုံနှင့်လူများ ထွက်ပြေးသွားသောအခါ သန်းဥသည် မြေပေါ်သို့ ဒူးထောက်ထိုင်လိုက်ပြီး စီးရင်ကို ပွေ့ထူလိုက်၏။

ထို့နောက် သူသည် စီးရင်ကိုကြည့်လိုက်၏။

စီးရင်၏မျက်နှာသည် သွေးရောင်မရှိဘဲ ဖြူဖပ်ဖြူရော်ဖြစ်နေ၏။ သူမ၏မျက်လုံးများက မှိတ်ထား၏။

သူမသည် ဒဏ်ရာကြောင့် သတိမေ့မြောနေ၏။

သူမ၏ခန္ဓာကိုယ်တစ်ခုလုံးသည် ဓားဒဏ်ရာများဖြင့် ဗရပွ ဖြစ်နေ၏။

သန်းဥက စီးရင်၏ခန္ဓာကိုယ်ကို လှုပ်ယမ်းကာ....

"စီးရင်... စီးရင်"

ဟု ခေါ်လိုက်၏။

စီးရင်ထံမှ တုန့်ပြန်သံ ပေါ်ထွက်မလာပါ။

ကျင်းကျင်းက စီးရင်၏သွေးကြောကို စမ်းသပ်လိုက်ပြီး....

"မသေသေးဘူး"

ဟု ပြောလိုက်၏။

ထိုစဉ် သူတို့အနီးသို့ လူတစ်ယောက်ရောက်လာ၏။

ထိုလူသည် တံငါသည်သိုင်းသမားကြီးဖြစ်၏။

တံငါသည်သိုင်းသမားကြီးက....



"ဒီနားမှာ တိုက်ပွဲဖြစ်သံကြားလို့ လာကြည့်တာ"

ဟု ပြောလိုက်၏။

ထို့နောက် သူသည် သန်းဥ၏လက်ပေါ်မှ စီးရင်ကို မြင်တွေ့လိုက်သောအခါ မျက်မှောင်ကြုတ်သွားပြီး....

"သူက ချင်းဟိုက်ရဲ့သမီး မဟုတ်လား"

ဟု မေးလိုက်၏။

ကျင်းကျင်းက....

"ဟုတ်တယ်"

တံငါသည်ကြီးက....

"မင်းတို့နဲ့ တိုက်ခိုက်ရင်း ဒဏ်ရာရသွားတာလား"

ဟု မေးလိုက်၏။

ကျင်းကျင်းက....

"မဟုတ်ဘူး"

ဟု ပြောကာ အဖြစ်အပျက်ကို ပြောပြလိုက်၏။

တံငါသည်ကြီးက စီးရင်၏ဒဏ်ရာများကို စစ်ဆေးလိုက်ပြီး....

"ဓားဒဏ်ရာတွေက မပြောပလောက်ဘူး... အဓိကဒဏ်ရာက အဆိပ်လက်ဝါးမိထားတယ်"

ဟု ပြောလိုက်၏။

တံငါသည်ကြီး၏စကားကြောင့် သန်းဥသည် မျက်မှောင်ကြုတ်သွားပြီး....

"အဆိပ်လက်ဝါး ဟုတ်လား"

ဟု မေးလိုက်၏။

တံငါသည်ကြီးက ဦးခေါင်းညိတ်ကာ....

"ဟုတ်တယ်"

သန်းဥက....

"ဒါဆို ဘယ်လိုလုပ်ရမလဲ"

ဟု မေးလိုက်၏။

တံငါသည်ကြီးက သက်ပြင်းချလိုက်ပြီး....

"အင်း... သာမန်ဒဏ်ရာဆိုရင်တော့ ကျုပ်မှာဆေးရှိတယ်... အဆိပ်လက်ဝါးဒဏ်ရာအတွက်တော့ ကျုပ်မှာ ဆေးမရှိဘူး"

ဟု ပြောလိုက်၏။

ကျင်းကျင်းက သူမ၏အင်္ကျီရင်ဘတ်ကြားထဲမှ စက္ကူထုပ်တစ်ခုကို ထုတ်ယူလိုက်ပြီး စက္ကူထုပ်ထဲမှ အနီရောင်ဆေးလုံးတစ်လုံးကို ထုတ်ယူကာ....

"ဒီဆေးက ပျောက်တော့ ပျောက်မှာ မဟုတ်တော့ဘူး... ဒါပေမယ့် အဆိပ်မတတ်အောင်တော့ တားထားပေးနိုင်မယ်ထင်တယ်"

ဟု ပြောလိုက်၏။

တံငါသည်ကြီးက ကျင်းကျင်းထံမှ ဆေးလုံးကို လှမ်းယူလိုက်ပြီး....

"ဒီအတိုင်း လက်ပိုက်ကြည့်ရမှာထက်စာရင် တော်သေးတာပေါ့"

ဟု ပြောကာ ဆေးလုံးကို စီးရင်၏ပါးစပ်ထဲသို့ ခွံပေးလိုက်၏။

သန်းဥက နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး......



"ကျွန်တော်တို့ သူ့ကိုလက်ငါးချောင်းတောင်ကို ခေါ်သွားရအောင်"

ဟု ပြောလိုက်၏။

တံငါသည်ကြီးက....

"အဲဒီမှာ ဆေးဆရာရှိလို့လား"

ဟု မေးလိုက်၏။

သန်းဥက....

"မရှိဘူး"

တံငါသည်ကြီးက....

"မရှိဘဲ ဘာသွားလုပ်မှာလဲ"

ဟု ပြောလိုက်၏။

သန်းဥက....

"အဲဒီမှာ ဆေးကျမ်းစာအုပ်တွေ အများကြီးပဲရှိတယ်"

ဟု ပြောလိုက်၏။

သန်းဥ၏စကားကြောင့် တံငါသည်ကြီးသည် မျက်မှောင်ကြုတ်ကာ....

"ဆေးကျမ်းစာအုပ်တွေ အများကြီးရှိတယ်... ဟုတ်လား"

ဟု ပြန်မေးလိုက်၏။

သန်းဥက ဦးခေါင်းညိတ်ကာ....

"ဟုတ်ပါတယ်"

တံငါသည်ကြီးက....

"ဘယ်သူ့စာအုပ်တွေလဲ"

ဟု မေးလိုက်၏။

သန်းဥက....

"နတ်ဆေးသမားကြီးရဲ့ စာအုပ်တွေပါ"

ဟု ပြောလိုက်၏။

သန်းဥ၏စကားကြောင့် တံငါသည်ကြီးသည် အံ့ဩသွားပြီး....

"မင်းက ဘယ်လိုသိတာလဲ"

ဟု မေးလိုက်၏။

သန်းဥက....

"မမ ချင်းချင်းက ပြောပြတာပါ"

ဟု ပြောလိုက်၏။

ထို့နောက် သန်းဥက မိမိကို ချင်းချင်းက ထိုနေရာ၌ အဆိပ်များ ကုသပေးပုံကို ပြောပြလိုက်၏။

ကံငါသည်ကြီးက ပြုံးလိုက်ပြီး....

"ဒါဆို ငါတို့ ဒီမှာ ဘာဖြစ်လို့ အချိန်ဖြုန်းနေတော့မှာလဲ"

ဟု ပြောလိုက်လေတော့သည် မဟုတ်ပါလား။

❖ ❖ ❖

ဤနေရာသည် လိုဏ်ဂူတစ်ခုဖြစ်၏။

လက်ငါးချောင်းတောင်ပေါ်မှ လိုဏ်ဂူဖြစ်၏။

ထိုလိုဏ်ဂူသည် နတ်ဆေးသမားတော်ကြီး၏နေရာဖြစ်၏။



လိုဏ်ဂူ၏အနီးပတ်ဝန်းကျင်၌ ဆေးပင်များ စိုက်ထား၏။

တံငါသည်ကြီးသည် ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်ပြီး....

"ဒီဆေးပင်တွေကို ချင်းချင်းစိုက်ထားတာ ဖြစ်မယ်"

ဟု ပြောလိုက်၏။

သန်းဥက ဦးခေါင်းညိတ်ကာ....

"ဟုတ်ပါတယ်"

ဟု ပြောလိုက်၏။

ထို့နောက် သူသည် မြေပုံတစ်ခု၏ရှေ့၌ ရပ်လိုက်ပြီး....

"မမ... ကျွန်တော် ပြန်လာပြီ... ဒါပေမယ့် မမကို ကတိပေးထားတဲ့ကိစ္စကို ဆောင်ရွက်ဖို့ တစ်ခေါက်ပြန်သွားပါ့မယ်"

ဟု ပြောလိုက်၏။

ထိုစဉ် သန်းဥ၏ဘေးသို့ ကျင်းကျင်း ရောက်လာပြီး....

"ဒါ... ဒေါ်ဒေါ်ရဲ့မြေပုံလား"

ဟု မေးလိုက်၏။

သန်းဥက ဦးခေါင်းညိတ်ကာ....

"ဟုတ်ပါတယ်"

ဟု ပြောလိုက်၏။

ကျင်းကျင်းက မြေပုံနံဘေး၌ ဒူးထောက်လိုက်ပြီး ကန်တော့လိုက်၏။

ထိုအချိန်၌ တံငါသည်ကြီးသည် ဆေးကျမ်းစာအုပ်များကို မွှေနှောက်၍ ဖတ်နေ၏။

အတန်ကြာမှ တံငါသည်ကြီးသည် ပြုံးလိုက်ပြီး....

"သန်းဥရေ အဆိပ်လက်ဝါးကိုကုတဲ့နည်း တွေ့ပြီ"

ဟု အော်ဟစ်လိုက်ပြောလိုက်လေတော့သည် မဟုတ်ပါလား။

ᗑ ᗑ ᗑ

တံငါသည်ကြီးသည် စီးရင်အတွက် ဆေးဝါးဖော်စပ်၍ တိုက်ကျွေးလိုက်၏။

ပထမတစ်ရက်၌ မသိသာသေးပါ။ ဒုတိယရက်သို့ ရောက်သောအခါ စီးရင်၏မျက်နှာပေါ်၌ သွေးရောင်ပြန်လည်၍ လွှမ်းလာ၏။ တတိယနေ့သို့ရောက်သောအခါ စီးရင်သည် မျက်လုံးပွင့်လာ၏။

သူမသည် မျက်လုံးပွင့်လျှင်ပွင့်ချင်း သန်းဉကို မြင်တွေ့လိုက်ရသဖြင့် အံ့သြကာ....

"ရှင်... ရှင်"

ဟု ရေရွတ်လိုက်၏။

သန်းဉက ပြုံးလိုက်ပြီး....

"စီးရင် မင်း သတိရလာပြီလား"

ဟု မေးလိုက်၏။

စီးရင်က ဦးခေါင်းညိတ်ကာ....

"ဟုတ်ကဲ့"

ဟု ပြောလိုက်၏။

ထိုစဉ် အခန်းထဲသို့ ကျင်းကျင်းနှင့် တံငါသည်ကြီးတို့ ဝင်



ရောက်လာ၏။

ကျင်းကျင်း၏လက်ထဲ၌ အငွေ့တထောင်းထောင်း ထနေသော ဆန်ပြုတ်ပန်းကန်ပါလာ၏။

ကျင်းကျင်းက ဆန်ပြုတ်ပန်းကန်ကို စီးရင်၏အနီး၌ ချပေးရင်း....

"အားရှိအောင် ဆန်ပြုတ်သောက်လိုက်ဦး"

ဟု ပြောလိုက်၏။

စီးရင်က ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး....

"ကျွန်မ ဘယ်ရောက်နေတာလဲ"

ဟု မေးလိုက်၏။

သန်းဉက ပြုံး၍....

"လက်ငါးချောင်းကောင်မှာပါ"

ဟု ပြောလိုက်၏။

စီးရင်က....

"ရှင်တို့ ခေါ်လာတာလား"

ဟု မေးလိုက်၏။

သန်းဉက ဦးခေါင်းညိတ်ကာ....

"ဟုတ်တယ်... မင်းသတိလစ်နေတာတွေ့လို့ ခေါ်လာတာ"

ဟု ပြောလိုက်၏။

ကျင်းကျင်းက....

"ရှင့်ကို လူတစ်စုက တိုက်ခိုက်လို့ အဆိပ်လက်ဝါးမိပြီး သတိလစ်နေတာ"

ဟု ပြောလိုက်၏။

စီးရင်က သက်ပြင်းချကာ....

"အင်း... ရှင်တို့ကို ကျေးဇူးတင်ပါတယ်"

ဟု ပြောလိုက်၏။

သန်းဥက ပြုံး၍....

"အမှန်တော့ မင်းက သူ့ကိုကျေးဇူးတင်ရမှာ"

ဟု ပြောကာ တံငါသည်ကြီးကို ညွှန်ပြလိုက်၏။

စီးရင်က တံငါသည်ကြီးကို....

"ကျေးဇူးတင်ပါတယ်"

ဟု ပြောလိုက်၏။

တံငါသည်ကြီးက ရယ်မောလိုက်ပြီး....

"ကျုပ်ကို ကျေးဇူးမတင်နဲ့ သူ့ကိုကျေးဇူးတင်"

ဟု ပြောကာ သန်းဥကို ညွှန်ပြလိုက်၏။

သန်းဥက လက်ကာပြကာ....

"ဟာ... မဟုတ်တာ... ဆရာကြီးက သူ့ကိုကုပေးခဲ့တာပဲ"

ဟု ပြောလိုက်၏။

တံငါသည်ကြီးက ရယ်မောကာ....

"ဟုတ်ပါတယ်... မင်းမှာ ဒီလိုဆေးကျမ်းတွေရှိလို့ ကျုပ်က သူ့ကိုကုပေးနိုင်တာပါ"

ဟု ပြောလိုက်၏။

သန်းဥက ဦးခေါင်းခါယမ်းလိုက်ပြီး....

"ဆေးကျမ်းတွေ ရှိပေမယ့်... ကျွန်တော်က ဖက်မှမဖတ်တတ်ဘဲ... ဒါကြောင့် ဆရာကြီးကိုပဲ ကျေးဇူးတင်ရမှာ"

ဟု ပြောလိုက်၏။



တံငါသည်ကြီးက လက်ကာပြလိုက်ပြီး....

"ထားပါတော့... ကဲ... စီးရင်... ဆန်ပြုတ်သောက်လိုက်... ဒါမှ အားပြန်ပြည့်လာမှာ"

ဟု ပြောလိုက်လေတော့သည် မဟုတ်ပါလား။

☫ ☫ ☫

နောက်ထပ်နှစ်ရက်ခန့်ကြာသောအခါ စီးရင်သည် ပြန်လည်ကျန်းမာလာပြီဖြစ်၏။

ထို့ကြောင့် သူတို့သည် လက်ငါးချောင်းတောင်ပေါ်မှဆင်းရန် ပြင်ဆင်ကြ၏။

ထိုအချိန်၌ သန်းဥသည် ဤလိုဏ်ဂူထဲ၌ထားခဲ့သော မိမိ၏ ပဝါထုပ်ကို ထုတ်ယူ၍ ဖြည်ကြည့်လိုက်၏။

ထိုစဉ် ပဝါထုပ်ထဲမှ အစိမ်းရောင်ပဝါစဖြင့် ပတ်ထားသော အလံတစ်ခုသည် အောက်သို့ပြုတ်ကျလာ၏။

ထိုအလံကိုမြင်တွေ့လိုက်ရသောအခါ တံငါသည်ကြီး၏ မျက်နှာသည် ဝင်းလက်သွားပြီး....

"မင်း... မင်း ဒါကို ဘယ်လိုရတာလဲ"

ဟု မေးလိုက်၏။

သန်းဥက....

"လူတစ်ယောက် ပေးသွားတာ... စာတစ်စောင်လည်း ပါ

တယ်"

ဟု ပြောလိုက်၏။

တံငါသည်ကြီးက သက်ပြင်းချလိုက်ပြီး ရုတ်တရက် သန်းဥ၏ရှေ့၌ ဒူးထောက်ကာ....

"မိုးကြိုးဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးကို ဂါရဝပြုပါတယ်"

ဟု ပြောကာ ဂါရဝပြုလိုက်၏။

တံငါသည်ကြီး၏အပြုအမူကြောင့် သန်းဥသည် ကြောင်အမ်းအမ်း ဖြစ်ကာ....

"ဟာ... ဦး... မလုပ်ပါနဲ့... ကျုပ်က ဘာမှမဟုတ်ပါဘူး"

ဟု ပြောလိုက်၏။

တံငါသည်ကြီးက....

"ဂိုဏ်းချုပ်ကြီးရဲ့ အမိန့်ကို ကျုပ်က အသက်စွန့်ပြီး ထမ်းဆောင်မှာပါ"

ဟု ပြောလိုက်၏။

သန်းဥက ပြုံးလိုက်ပြီး တံငါသည်ကြီးကို ဆွဲထူကာ....

"ဦးက ဒီအလံအကြောင်း သိလို့လား"

ဟု မေးလိုက်၏။

တံငါသည်ကြီးက....

"ကျုပ်ဟာ မိုးကြိုးဂိုဏ်းရဲ့ လက်ထောက်ဂိုဏ်းချုပ်ပါ... ဂိုဏ်းချုပ်ကြီးဟာ တစ်နေ့မှာ သူရဲ့ အချစ်ဆုံးတပည့် ဂူချင်းတုံနဲ့ ခရီးထွက်သွားပါတယ်... တစ်လကြာတဲ့အခါ ပူချင်းတုံ ပြန်ရောက်လာပြီး လမ်းမှာဂိုဏ်းချုပ်ကြီးက မရဏတမန်တော်ရဲ့ လက်ချက်နဲ့သေပြီလို့ ပြောပါတယ်... ပြီးတော့ မရဏတမန်တော်က ဒီအလံကို လုယူ



သွားပါတယ်လို့ ပြောခဲ့တယ်"

ဟု ပြောလိုက်၏။

ထိုစကားကြားရသောအခါ သန်းဥသည် သက်ပြင်းချလိုက်မိ၏။

ဝံငါသည်ကြီးက....

"ဒါနဲ့ ကျုပ်လည်း မရဏတမန်တော်ကိုရှာဖွေပြီး သုတ်သင်ဖို့ ခရီးထွက်ခဲ့ပါတယ်... ဒါပေမယ့် လမ်းမှာ စဉ်းစားရင်း ဂူချင်းတုံရဲ့ အပြုအမူနဲ့ စကားတွေအပေါ် သံသယဖြစ်လာပါတယ်... ဘာဖြစ်လို့လဲဆိုတော့ ဂိုဏ်းချုပ်ကြီးက မသေခင် သူ့ကိုယာယီဂိုဏ်းချုပ်အဖြစ် တင်မြှောက်ခဲ့တယ်လို့ပြောပြီး ဂိုဏ်းချုပ်ကြီးရာထူးကို ယူထားပါတယ်"

ဟု ပြောလိုက်၏။

သန်းဥက ဦးခေါင်းခါယမ်းကာ....

"ကျုပ်ကို တမင်ချောက်ချတာပဲ"

ဟု ပြောလိုက်၏။

တံငါသည်ကြီးက....

"ကျုပ်လည်း မရဏတမန်တော်ရဲ့ အကြောင်းကို စုံစမ်းခဲ့တယ်... တစ်ချိန်လည်းမှာပဲ ကျုပ်နဲ့ရင်းနှီးတဲ့ ချင်းချင်းနဲ့တွေ့ခဲ့တယ်... အဲဒီမှာတင် မင်းရဲ့ အကြောင်းကိုသိရတာပဲ... မင်းဟာ လူသတ်ချင်လို့မဟုတ်ဘူး... လူတွေက မင်းကိုထိတာနဲ့ သေသွားတာဘာကြောင့်မှန်းတောင် မင်းကိုယ်တိုင် မသိဘူးဆိုတာ ကျုပ်သိခဲ့ရတယ်... ဒါကြောင့် ကျုပ်တို့ဂိုဏ်းချုပ်ကြီးကို မင်းက သတ်တာ မဟုတ်ဘူး... တကယ်လို့တိုက်ခိုက်ရင်တောင် မင်းကို မတော်တဆ

ထိနိုက်မိလို့ဖြစ်မယ်လို့ ကျုပ်က စဉ်းစားမိတယ်… နောက်တော့ ခွန်လွန်တောင်မှာ မင်းရဲ့စိတ်ထားကို ကျုပ်က နားလည်ခဲ့တယ်"

ဟု ပြောလိုက်၏။

သန်းဥက သက်ပြင်းချလိုက်ပြီး….

"ဒီအလံဟာ ခင်ဗျားတို့ဂိုဏ်းရဲ့ အလံဆိုရင် ပြန်ယူသွားပါ"

ဟု ပြောလိုက်၏။

တံငါသည်ကြီးက ပြုံးလိုက်ပြီး….

"ကျုပ်တို့ဂိုဏ်းချုပ်ကြီးနဲ့ တွေ့ခဲ့ပုံကို အသေးစိတ်ပြောပြနိုင်မလား"

ဟု မေးလိုက်၏။

သန်းဥက….

"ပြောပြနိုင်ပါတယ်"

ဟု ပြောကာ မိုးကြိုးဂိုဏ်းချုပ်ကြီးနဲ့ တွေ့ခဲ့ပုံကို အသေးစိတ်ပြောပြလိုက်၏။

တံငါသည်ကြီးသည် သန်းဥ၏စကားကိုနားထောင်ရင်း မေးကြောများ ထောင်လာ၏။

သန်းဥ၏စကားကို အဆုံးသတ်လိုက်သောအခါ တံငါသည်ကြီးသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး….

"ကျုပ်ထင်တဲ့အတိုင်းပဲ… ဂူချင်းထုံက အကွက်ချပြီး လုပ်ကြံလိုက်တာ"

ဟု ပြောလိုက်၏။

သန်းဥက….

"ဒါဆို သူရဲ့အပြစ်ကိုဖော်ထုတ်ပြီး အပြစ်ဒဏ်ပေးလိုက်



ပေါ့"

ဟု ပြောလိုက်၏။

တံငါသည်ကြီးက….

"စိတ်ချပါ"

ဟု ပြောလိုက်၏။

သန်းဥက တံငါသည်ကြီးကို မိုးကြိုးဂိုဏ်း၏အလံ ပေးလိုက်၏။

တံငါသည်ကြီးက မိုးကြိုးဂိုဏ်း၏အလံကို တရိုတသေ လှမ်းယူလိုက်ပြီး….

"ကျုပ်တို့ဂိုဏ်းမှာ သံမဏိစည်းကမ်းတစ်ခု ရှိပါတယ်… ဒီစည်းကမ်းအရ ဒီအလံနဲ့လွဲစာ လက်ဝယ်ရှိသူကို ကျုပ်တို့ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးအဖြစ် တင်မြှောက်ရပါတယ်"

ဟု ပြောလိုက်၏။

သန်းဥက….

"အခု ခင်ဗျားကို ပေးလိုက်ပြီပဲ"

ဟု ပြောလိုက်၏။

တံငါသည်ကြီးက ဦးခေါင်းခါယမ်းကာ….

"ဂိုဏ်းချုပ်ကြီးက လက်ဆင့်ကမ်းပေးခဲ့သူဟာ ခင်ဗျားပဲဖြစ်ပါတယ်… ဒါကိုငြင်းလို့ မရပါဘူး… ဒါကြောင့် ကျုပ်တို့ရဲ့ပြိုကွဲလုနီးပါးဖြစ်နေတဲ့ မိုးကြိုးဂိုဏ်းကိုကယ်တင်တဲ့အနေနဲ့ ဂိုဏ်းချုပ်ကြီးအဖြစ် လက်ခံပေးပါ… ကျုပ် တောင်းပန်ပါတယ်"

ဟု ပြောလိုက်၏။

သန်းဥက သက်ပြင်းချကာ….

"ကျုပ်က...."

သံန်းဥ၏စကားမဆုံးမီ တံငါသည်ကြီးက....

"အခု ကျုပ်တို့ဂိုဏ်းရဲ့ ယာယီဂိုဏ်းချုပ်ကြီးဟာ ဒီအလံ လက်ဝယ်မရှိလို့ စိုးရိမ်ပူပန်နေပါတယ်...ဒါကြောင့် **သူ့ရဲ့ဂိုဏ်းချုပ်** ကြီး နေရာတည်မြဲဖို့ နဂါးစိမ်းဂိုဏ်းနဲ့ပူးပေါင်းပြီး **ကျုပ်တို့မိုးကြိုးဂိုဏ်း** ကို နဂါးစိမ်းဂိုဏ်းရဲ့ သစ္စာခံဖို့ လှုံ့ဆော်စည်း**ရုံးနေပါတယ်**"

ဟု ပြောလိုက်၏။

ထိုစဉ် အခန်းထဲသို့ စီးရင်နှင့် ကျင်းကျင်းတို့ဝင်ရောက်လာ၏။

စီးရင်က....

"နဂါးစိမ်းဂိုဏ်းဟာ ကျားနက်ဂိုဏ်းနဲ့ဝူတန်ဂိုဏ်းကို သူတို့ ရဲ့သစ္စာခံဖို့ ဓားနှစ်လက်ဂိုဏ်းနဲ့ တောင်ပင်လယ်ဂိုဏ်းကို တာဝန်ပေး လိုက်ပြီ"

စီးရင်၏စကားကြောင့် တံငါသည်ကြီးနှင့်သန်းဥတို့သည် စီး ရင်ကို ကြည့်လိုက်၏။

ပြီးမှ တံငါသည်ကြီးက....

"မိန်းကလေးက ဘယ်လိုသိတာလဲ"

ဟု မေးလိုက်၏။

စီးရင်က....

"ကျွန်မ သူတို့ရဲ့လျှို့ဝှက်အစည်းအဝေးကို ရောက်ခဲ့လို့"

ဟု ပြောလိုက်၏။

ထို့နောက် သူမက ဖခင်ဖြစ်သူ၏လုပ်ရှားမှုကို ခြေရာခံရာမှ နောက်ဆုံးတွင် နဂါးစိမ်းဂိုဏ်း၏နေရာကို သိရှိခဲ့ရပုံ။ တစ်ဆက်



တည်းမှာပင် နဂါးစိမ်းဂိုဏ်းက သိရှိသွားပြီး သူမကို လိုက်သတ်ပုံ စသည်တို့ကို ပြောပြလိုက်လေတော့၏။

သန်းဥသည် စီးရင်၏စကားကို နားထောင်ပြီးနောက်....

"ဒါဆို မင်းကိုတိုက်ခိုက်တဲ့လူတွေက နဂါးစိမ်းအဖွဲ့ကပေါ့ ဟုတ်လား"

ဟု မေးလိုက်၏။

စီးရင်က....

"ဟုတ်တယ်'

တံငါသည်ကြီးက....

"ဒါဆို မိန်းကလေးက နဂါးစိမ်းဂိုဏ်းရဲ့ဌာနချုပ်ကို သိ တယ်ပေါ့"

ဟု ပြောလိုက်၏။

စီးရင်က ဦးခေါင်းညိတ်ကာ....

"သိတယ်"

ဟု ပြောလိုက်၏။

ပြီးမှ စီးရင်က....

"ဒြော်... ကျွန်မ တစ်ခုပြောဖို့ မေ့သွားတယ်"

ဟု ပြောလိုက်၏။

သန်းဥက....

"ဘာများလဲ"

ဟု မေးလိုက်၏။

စီးရင်က....

"ကျားနက်ဂိုဏ်းရဲ့ပတ္တမြားအမိန့်ရော... ဝူတန်ဂိုဏ်းရဲ့နဂါး

အမိန့်ရော နဂါးစိမ်းဂိုဏ်းချုပ်ကြီးဆီမှာ ရောက်နေပြီ”

ဟု ပြောလိုက်၏။

ကျောင်းကျောင်းက ပြုံးလိုက်ပြီး....

“ဒါဆို အဲဒီကိုသွားရင် ကိစ္စအားလုံးပြီးပြီပေါ့”

ဟု ပြောလိုက်၏။

သန်းဥက ဦးခေါင်းညိတ်ကာ....

“ဟုတ်တယ်”

စီးရင်က....

“တစ်ခုတော့ ရှိတယ်... ကျွန်မတို့မှာ လူအင်အားလိုမယ်”

ဟု ပြောလိုက်၏။

တံငါသည်ကြီးက ပြုံးလိုက်ပြီး....

“ဒီအတွက် မပူပါနဲ့... ကျူပ်စီစဉ် လိုက်ပါ့မယ်”

ဟု ပြောလိုက်၏။

ထို့နောက် သူတို့သည် လက်ငါးချောင်းတောင်ပေါ်မှ ဆင်းလာကြလေတော့သည် မဟုတ်ပါလား။

❋ ❋ ❋

ရက်သတ္တပတ် တစ်ပတ်ခန့်ကြာသောအခါ သိုင်းလောက၌ သတင်းတစ်ပုဒ် ထွက်ပေါ်လာ၏။

ထိုသတင်းမှာ အလွန်လျှို့ဝှက်သော နဂါးစိမ်းဂိုဏ်းပြိုကွဲ



ပျက်စီးသွားပြီးဟူသော အသတင်းပင်ဖြစ်၏။

ထို့အပြင် နဂါးစိမ်းဂိုဏ်း၏ဂိုဏ်းချုပ်ကြီးမှာ သိုင်းလောကသားတိုင်းက လေးစားခဲ့သော ပထမဓားလျှံဖုန်းဖြစ်ကြောင်း သိရကာ သိုင်းလောကသားများက အံ့သြခဲ့ရ၏။

နဂါးစိမ်းဂိုဏ်းပြိုကွဲသွားပြီးနောက် တစ်လခန့်အကြာ၌ မိုးကြိုးဂိုဏ်း၏ ဂိုဏ်းချုပ်အသစ် တင်မြှောက်ပွဲကို သိုင်းလောက၌ ခမ်းနားစွာ ကျင်းပခဲ့၏။

မိုးကြိုးဂိုဏ်း၏ဂိုဏ်းချုပ်ကြီးမှာ တစ်ချိန်က သိုင်းလောကသားတိုင်းက လိုက်လံရှာဖွေခဲ့သော မရဏတမန်တော်ပင် ဖြစ်၏။

သန်းဥသည် ဂိုဏ်းချုပ်ကြီးအဖြစ် တင်မြှောက်သည်ကို လက်မခံပါ။

သို့သော် မိုးကြိုးဂိုဏ်းသားအားလုံးက ဝူချင်းတုံ၏ယုတ်မာရက်စက်သောလုပ်ရပ်များကို သိရှိခဲ့ရသဖြင့် ရိုးသား၍ ဂိုဏ်း၏အကျိုးကိုဖြစ်ထွန်းစေမည့် သန်းဥကိုပင် ရွေးချယ်ခဲ့ကြ၏။

ကျောင်းကျောင်းက....

“ရှင် ကျွန်မ အဒေါ်ကို ကတိပေးခဲ့တယ် မဟုတ်လား... သိုင်းလောကရဲ့ ကောင်းကျိုးကို သယ်ပိုးဆောင်ရွက်ပါမယ် ဆိုတာလေ”

ဟု သန်းဥကို ပြောခဲ့၏။

ထို့ကြောင့် သန်းဥသည် ဦးခေါင်းညိတ်လိုက်ပြီး မိုးကြိုးဂိုဏ်း၏ဂိုဏ်းချုပ်ကြီးအဖြစ် လက်ခံခဲ့၏။

တစ်ဆက်တည်းမှာပင် မိုးကြိုးဂိုဏ်းသည် သိုင်းလောက၏ ကောင်းကျိုးများကို ထမ်းဆောင်နိုင်သည့်အဖွဲ့အစည်းတစ်ခုဖြစ်

အောင် ဆောင်ရွက်မည်ဟူ၍လည်း ဂိုဏ်းသားများကိုကတိပေးခဲ့၏။

ဤသို့ဖြင့် တစ်နှစ်ခန့်အတွင်းမှာပင် မိုးကြိုးဂိုဏ်းသည် သိုင်းလောက၌ နာမည်ကျော်ကြားသော ဂိုဏ်းတစ်ခုအဖြစ် ကျော်ကြားလာလေတော့သည် မဟုတ်ပါလား။

ထို့နောက် မိုးကြိုးဂိုဏ်း၌ ကြီးကျယ်ခမ်းနားသောမင်္ဂလာပွဲတစ်ခုကို ကျင်းပခဲ့၏။

ထိုမင်္ဂလာပွဲမှာ မိုးကြိုးဂိုဏ်း၏ ဂိုဏ်းချုပ်ကြီးနှင့် ပန်းပေါင်းစုံတောင်ကြားမှ သခင်မလေးကျင်းကျင်း၏ မင်္ဂလာပွဲပင်ဖြစ်သည် မဟုတ်ပါလား။

ပြီး၏။

နန္ဒကျော်သူ

ပြည်သူ [illegible]
[illegible]